# သီရိကြယ်စင်

## ချူမှာလားမြွေမှာလား



## သီရိကြယ်စင်
### ချစ်မှာလေလား၊ ခြွေမှာလား


| | |
|---|---|
| ထုတ်ဝေသူ | ဒေါ်တင်တင်အုန်း ၊ (စိန်သရဖူစာပေ) အမှတ် (၆၆)၊ ၆-လမ်း၊ လမ်းမတော်မြို့နယ် |
| အတွင်းပုံနှိပ်သူ | ဦးကျော်ရင်၊ (ရွှေခြသေ့ပုံနှိပ်တိုက်) အမှတ် (၂၀၈)၊ ၃၁-လမ်း၊ ပန်းဘဲတန်း၊ ရ |
| အဖုံးပုံနှိပ်သူ | ဦးကျော်ရင်၊ (ရွှေခြသေ့ပုံနှိပ်တိုက်) အမှတ် (၂၀၈)၊ ၃၁-လမ်း၊ ပန်းဘဲတန်း၊ ရ |
| ပုံနှိပ်ခြင်း | ပထမအကြိမ်၊ ၂၀၁၂ ခုနှစ်၊ ဇွန်လ |
| အုပ်ရေ | ၅၀၀ |
| တန်ဖိုး | ၁၀၀ ကျပ် |




## အခန်း[၁]

"ဂလုန်း . . . ဂလုန်း . . . ဂလုန်း"

ဆူဆူညံညံအသံကြောင့် ရှုံးအားတဲ့ရက်ကလေး ညနေခင်းတွင် စိန်ပြေနပြေ စာထိုင်ဖတ်နေသော ခင်မေသစ် တစ်ယောက် စိတ်အနှောင့်အယှက်ဖြစ်သွားရ၏။

စိတ်တိုလွန်း၍ တံခါးကို တဝုန်းဝုန်းလှုပ်ခါနေသော ပင်မြင့်စံထံသို့လည်း ခပ်စူးစူးကြည့်လိုက်မိသည်။

ဘာတွေဖြစ်လာမှန်းမသိ၊ သော့ခတ်မထားတာသိရက်နဲ့ ဘာဖြစ်လို့ဒီလောက်တောင် သောင်းကျန်းနေရတာပါလိမ့် ထိုသို့တွေးပြီး။

"အဲဒါ . . . ဘယ်လိုဖြစ်နေတာလဲစံစံ . . . သော့ခတ်

မထားတာ မမြင်ဘူးလား. . . တွန်းဖွင့်လိုက်လဲ ရရဲ့သားနဲ့ဘာလို့ ဒီလောက်ဝုန်းဒိုင်းကျဲနေရတာလဲ"

အနားယူပြီး စာဖတ်နေစဉ် စာဖတ်ပျက်သွားရ၍ ခင်မေသစ်စိတ်တိုသွားရတာမို့ မာကျောကျောပြောလိုက်ခြင်းဖြစ်သည်။ ထပ်တစ်ခါမှ အစ်ဒီလိုမလုပ်တတ်သာသိနေ၏။

စူပုတ်ပုတ်စံစံမျက်နှာကို ကြည့်ခြင်းအားဖြင့် ပြဿနာတခုခု ဖြစ်လာတာတော့ ကျိမ်းသေနေသည်။ ဘာလဲတာမသိသေးတာ။ အဲ့ဒါကြောင့်တံခါးတွန်းဖွင့်ကာဝင်လာသော စံစံကိုသာလိုက်ကြည့်နေမိသည်။

ညှိခန်းထဲက စားပွဲပေါ်ကို လက်ထဲကအထုတ်တွေဘုတ်ကနဲပြစ်တင်ပြီး ခုံတစ်လုံးမှာ ခပ်ဆောင့်ဆောင့်ထိုင်ချလိုက်တဲ့ စံစံပုံစံက အသည်းယားဘို့ကောင်းနေတော့၏။ဘာဖြစ်လာရင်ဖြစ်လာတယ်ပေါ့ အခုတော့ ဘာမျှမပြောဘဲ ငူငူကြီးထိုင်နေ၏ ပို့ပြီးစိတ်တိုလာသော်လည်း သိချင်နေတဲ့ သူဆိုတော့ကိုယ်ကဘဲစမေးရပြီပေါ့။

"အဲ့ဒီပုံစံကဘာဖြစ်လာရတာလဲ . . ."

လှမ်းမေးလိုက်သော်လည်း ဘာမှပြန်မဖြေ ခင်မေသစ်မျက်မှောင်ကုတ်သွားရ၏။ အဲ့ဒီတော့လက်ထဲကစာအုပ်ကိုစားပွဲပေါ် လှမ်းတင်လိုက်ပြီး စံစံဘေးကိုပြောင်းထိုင်လိုက်ရင်း



ပုခုံးခြင်းတိုက်၍။

"ဟဲ့. . . စံစံ. . . ငါမေးနေတာမကြားတာလား. . . ပြန်မဖြေချင်တာလား. . . ဘယ်လိုဖြစ်နေတာလဲ နင့်ပုံစံက"

အဲ့ဒီတော့မှ ပင်မြင့်စံမျက်နှာလေး စူပုတ်ထားလျှက်က ခင်မေသစ်ဘက်ကို လှည့်လာတော့သည်။

"ကြားပါတယ်. . . သစ်သစ်ရယ်. . . ပြောမလို့ပါဘဲ. . . ဒီမှာရင်တွေခုန်နေလို့ ဘာကစပြောရမှန်းမသိဘူး ဖြစ်နေရတဲ့ကြားထဲ"

စူစူအောင့်အောင့်လေး ပြောလိုက်သော သူငယ်ချင်းဖြစ်သူကို ခင်မေသစ်နားမလည်နိုင်စွာငေးကြည့်ရင်း။

"အလို. . . ရင်ခုန်လို့ဟုတ်လား. . . ဘာလဲ. . . ရည်စားစကားပြောခံရလို့လား. . . ဒါမှမဟုတ်ကြွေးလိုက် တောင်းခံရလို့လား"

လိုရင်းကိုမပြောဘဲ စူပုတ်ဆောင့်အောင့်နေသော သူငယ်ချင်းကို ခပ်ချဉ်ချဉ်နှင့် သူမမကြိုက်သော စကားများဖြင့် ခင်မေသစ် ကျီစယ်လိုက်လေသည်။

"သစ်သစ်နော် . . . သူများမကြိုက်တဲ့စကားတွေကိုလာပြောပြန်ပြီလား . . . စံစံကရည်းစား စကားလိုက်အပြောခံရလောက်အောင် ဖလန်းဖလန်းဖြစ်နေလို့လား။ ကြွေးအတောင်း

ခံရလောက်အောင်ရော သူများဝိုက်ဆံယူပြီး ပြန်မပေးတဲ့ သူမို့လား"

ခင်မေသစ်အားရပါးရပြုံးလိုက်ပြီး။

"ဟုတ်ပါတယ်. . . နင်အဲ့လိုမိန်းခလေးမဟုတ်မှန်းငါသိပါတယ်. . . နင်ကပြောမှဲ့အရေး အိုင်တင်ခံနေလို့ မခံနိုင်အောင် တမင်စတာပါ။

"အိုင်တင်ခံနေတာမဟုတ်ဖူးသစ်သစ်ရဲ့. . . ကိုယ့်ဖာသာတောင် ဘာဖြစ်လာမှန်းကို မသိတာ"

"ဟောတော့. . . ပြန်ပြောစမ်း. . . ပြန်ပြောစမ်း. . . ငါနားရှုပ်သွားလို့"

"ခင်မေသစ်ပြုံးတုံးပြတဲဖြင့် ပင်မြင့်စံအား သူမဘက်သို့ ဆွဲလှည့်လိုက်သည်။ စံစံကိုယ်လုံးလေးအလိုက်သင့် လှည့်လာကာ"

"တကယ်ပြောတာ သစ်သစ်ရဲ့ စံစံလေးတစ်ခါမှ အဲလိုမဖြစ်ဖူးဘူး"

"အေးပါတစ်ခါမှမဖြစ်ဖူးတဲ့ နင်ဖြစ်လာတဲ့ အကြောင်းရင်းကို ငါ့ကိုပြောလေ . . . ငါနားထောင်ပြီး ဝေဖန်ပေးမှာပေါ့"

"အခု စံစံမြို့ထဲက ပြန်လာတာ။ ဒီလမ်းထိပ်က မှတ်တိုင်မှာ စံစံကားပေါ်က ဆင်းတော့ လူတစ်ယောက်က စံစံကို



ဝင်တိုက်သွားလိုက်တာ စံစံလေ ဘယ်လိုဖြစ်ပြီး ရင်တွေခုန်ကျန်ခဲ့မှန်းမသိဘူး သစ်သစ်ရယ်"

သစ်သစ်မျက်နှာကို မဲ့တစ်ဖက်သို့လှည့်၍ သက်ပြင်းချလိုက်မိသည်။

ပြီးမှပင်မြင့်စံဘက်သို့ပြန်လှည့်၍ "အမလေး. . . မိစံစံရယ်. . . အဲ့ဒါဘာတွေထူးဆန်းလို့ နင့်ရင်ကခုန်ရတာတဲ့လဲ. . . ကားပေါ်က အဆင်းအတက်ဒီလိုဘဲ တိုးကြခွေ့ကြ ဆင်းကြရတာ တိုက်မိတာဘာဆန်းလဲ"

"အဲဒါကြောင့် သစ်သစ်ကို စံစံမပြောချင်တာပေါ့. . . ဘာဖြစ်မှန်းမသိပါဘူးဆိုမှ"

"နေပါအုံး. . . အဲဒီလူရုပ်က အတော်ချောနေလို့လား . . . ဒါမှမဟုတ်. . . အတော်ရုပ်ဆိုးနေလို့လား"

"ဟင့်အင်း. . . သူ့မျက်နှာကိုတောင် မတွေ့လိုက်ရဘူး"

"ဗုဒ္ဓေါ"

ခင်မေသစ်ရင်ဘတ်ဖိကာအော်လိုက်ပြီးမှ

"ဒါဖြင့်. . . ဝင်တိုက်ပြီး. . . နင့်ကိုတောင်းပန်မသွားလို့လား"

"အဲ့ဒါတွေတစ်ခုမှ မဟုတ်ဘူး သစ်သစ်ရယ်. . .

သူဝင်တိုက်သွားပြီးဆင်းသွားလိုက်တာ လှည့်တောင်ကြည့်သွားတာ မဟုတ်ဘူး. . . စံစံက ဝင်အတိုက်ခံရလိုက်လို့ ချောလဲမလိုဖြစ်သွားတာလည်းသူ့ကို လှည့်ကြည့်မိတာ. . . အဲဒါဘေးကနေမြင်လိုက်ရပြီး ရင်တွေတအား ခုန်လာတော့တာဘဲ သိလားသစ်သစ်. . . အဲဒီရင်ခုန်တာက. . . သူ့ကို စိတ်ဝင်စားသွားလို့ခုန်တဲ့ရင်ခုန်သံမဟုတ်ဘူး. . . ဘယ်မှာ ဘယ်တုန်းကတွေ့ဖူးဘူးတဲ့ သူလဲမသိသလို သူ့ကိုတွေ့လိုက်ရုံနဲ့ ကြောက်ပြီး ခုန်လာတဲ့ ရင်ခုန်သံ"

"ဟင် . . . သေလိုက်စမ်း မိစံ"

"ဟုတ်တယ် . . . တကယ်ကို စံစံသေဖို့ ကောင်းတာ"

ခင်မေသစ်က သူ့နဖူးကို သူမ ရိုက်၍ ကောင်းချီးပေးလိုက်သည်ကို ပင်မြင့်စံကလည်း စိတ်မဆိုးတဲ့အပြင် ထောက်ခံနေ၏။

"တဲ. . . အဲ့ဒီရောဂါတော့ ငါမကုတတ်ဖူးဟေ့. . . လောလောဆယ်. . . ကြောက်စိတ်ပြေသွားအောင် သွေးဆေးတိုက်မယ်. . . အဲ့ဒီကဘဲစောင့်. . . အခန်းထဲမှာ ဆေးဝင်ယူလိုက်အုံးမယ်"

ခင်မေသစ် အခန်းဘက်ကို ထွက်သွားသည်နှင့် စံစံကိုယ့်ကို ကိုယ်ပြန်ဆန်းစစ်ကြည့်မိပြန်သည်။ ဝင်တိုက်သွားတဲ့






သူကိုတကယ်ကို မတွေ့ဘူးတာပါ. . . ဒါပေမယ့် စိတ်ကသိနေသလိုလို. . . ဘယ်မှာတွေ့ဖူးမှန်းလဲ စဉ်းစားမရ. . . စဉ်းစားလို့မရတာကထား။ ဘာလို့ကြောက်ရတာတဲ့လဲ။ အဲ့ဒီတော့ သူမကိုယ်သူမ ဒေါသထွက်မိတော့သည်။

ဘာမှန်းညာမှန်မသိ ဇရမ်းဇတာခုန်နေသောရင်ကိုလည်း ဒေါသထွက်မိပါ၏။ အလိုက်ကမ်းဆိုးမသိ ခုန်တဲခုန်နိုင်လှန်းသည်။ အခုတွေးကြည့်ပြီး စဉ်းစားလိုက်တာတောင် ခုန်ကောင်း တုန်းရှိသေးသည်။

တခါမှ မကြုံဖူးတဲ့ အဖြစ်မို့ စံစံသက်ပြင်းကိုသာချနေမိတယ်။ ဘာလုပ်ရမှန်းမသိ၊

ဖဲဒီဇနာက် သစ်သစ်လာပေးတဲ့ သွေးဆေးနဲ့ ရေကိုသောက် လိုက်ပြီး စံစံအိပ်ပျော်သွားရသည်။

ခက်ပါလား၊ အိပ်မက်ထဲတောင် သူကရောက်လာခဲ့သည်။



*********************

## အခန်း [၂]

"တဲ ... ဖေါ်ပင်မြင့်စံ ... ဒီနေ့အပြင်သွားဖို့ စိတ်ကူး ရှိပါသေးတယ်နော်"

ရေချိုးခန်းထဲနေ မျက်နှာသစ်ပြီးလို့ ထွက်လာသော စံစံကို ခင်မေသစ် မိတ်ကပ်လူးနေရာမှ မေးလိုက်မိသည်။

"ဟင်. . . ဘာဖြစ်လို့လဲသစ်သစ် . . . ဒီနေ့ဘုရားသွားမယ် . . . အပြင်မှာဘဲ ဝယ်စားကြမယ်လို့ မနေ့ကတည်းက ပြောထားတာ စံစံသတိရပါတယ်. . . စံစံတို့က ကတိတစ်လုံးကို တန်ဖိုးထားပါတယ်နော်"

မျက်နှာခံကို တဘက်နှင့်သုတ်နေရာမှ လှည့်ပြောလိုက်ရာ ခင်မေသစ် မျက်စောင်းလေးချိတ်၍။





"သိနိုင်ဘူးလေ. . . ထူးဆန်းတဲ့ရင်ခုန်သံတွေကြောင့် . . . အပြင်ထွက်များ စိတ်ကူးမရှိတော့ဘူးလားလို့"

"အဟင်း. . . သစ်သစ်ကလည်း ပြောရှာမယ်. . . မနေ့က ဖြုန်းကနဲမို့ပါဟာ. . . ရပြီ။ ဒီနေ့အစီအစဉ်အတိုင်း သွားလို့ရပြီ"

"ဟွန်း . . . တော်သေးတာပေါ့. . . ဒီမှာဖြင့်ရှုံးအားတဲ့ ရက် ကလေးအနားယူရတာ. . . မနေ့က ငှားလာတဲ့ စာအုပ် မဖတ်ဖြစ်ဘဲ စာအုပ်ဖိုးပေးလိုက်ရတယ်. . . ဒီနေ့တာ အစီအစဉ်ထပ်ပျက်လို့က သစ်သစ် တကယ်ကို စိတ်ဆိုးတော့မှာ သိလား"

"အမလေး. . . အမလေး. . . ရွှေစိတ်တော် မဆိုးလိုက်ပါနဲ့ သူငယ်ချင်းလေးရယ်. . . စံစံမှာပြေးကြည့်မှ ဒီသူငယ်ချင်း တစ်ယောက်ဘဲရှိတာပါနော်. . . စံစံပြန် အလျှော်ပေးပါမယ် . . . မနေ့က စာအုပ်ဖိုးရော. . . ဒီနေ့တနေကုန် ကုန်ကျစရိတ်ပါ. . . စံစံအားလုံးတာဝန်ယူမယ်. . . နော်. . . ကျေနပ်တယ်မလား"

"သစ်သစ်က တမင်နောက်တာပါစံစံ. . . စံစံမနေ့က တမူခ တွေ့ရလာလို့ ထောနေမှန်းသိပါတယ်. . . ဒါပေမယ့်

. . . အားနာလို့ပါရှင်"

"ဒါဆို. . . စံစံရေချိုးလိုက်အုံးမယ်. . . သစ်သစ်အဝတ်အစားလဲထားနှင့်"

"ကလင်. . . ကလင့်. . . ကလင်"

"ဟော. . . အိမ်ရှေ့မှာ ဧည့်သည်ထင်တယ်. . . သစ်သစ် တံခါးသွားဖွင့်ပေးလိုက်ကွာ. . . စံစံကအကျီချွတ်ပြီးနေလို့. . . စံစံဧည့်သည်ဆိုလည်း ဧည့်ခံထား. . . သစ်သစ် ဧည့်သည်ဆိုလည်းထိုင်သာ စကားပြောနေပေတော့"

"ဟာ. . . စိတ်ညစ်ပါတယ်. . . အပြင်သွားမလို့ပါဆို. . . ဘယ်ကဧည့်သည်လာပြန်လဲမသိဘူး"

အပြစ်သွားရန်ပြင်ဆင်ထားပြီးမှ ဧည့်သည်ရောက်လာ၍ ဆူဆူအောင့်အောင့် ဖြစ်သွားသော သစ်သစ်ကို စံစံပြုံး၍ကြည့်ရင်း ရေချိုးခန်းသို့ ဝင်ခဲ့လိုက်တော့သည်။

ကိုယ့်ဧည့်သည် ဖြစ်နေမှာလည်း စိုးရတာကြောင့် ပင်မြင့်စံ ရေကို ကမန်းကတန်းချိုးလိုက်သည်။

သူငယ်ချင်းနှစ်ယောက်ရန်ကုန်တွင် တိုက်ခန်းလေးတစ်ခန်းစပ်တူငှားပြီး သူကသူ့ရုံးအလုပ်သူလုပ်၊ ကိုယ်ကစာမူလိုက်ပို့တဲ့အခါ တိုက်ခန်းမှာ လေးငါးဆယ်ရက်နေ၊ နောက်တစ်ပြန်ရေးတဲ့အခါ ကိုယ့်အိမ်ကိုယ်ပြန်ရေး. . . ဒီလိုနှင့် သူငယ်





ချင်း နှစ်ယောက်ဆုံမိုက် မြို့ထဲလျှောက် လည်ကြခြင်း ဖြစ်သည်။

စံစံ ရေတွေကို ရေချိုးခန်းထဲမှာ စင်အောင်သုတ်လိုက်ပြီး အခန်းထဲရောက်တော့ သစ်သစ်ကိုတွေ့လိုက်ရ။

"ဟင်. . . မြန်လှချည်းလားသစ်သစ် . . . ပြန်သွားပြီလား ဧည့်သည်. . . အမယ်. . . ခုနကဧည့်သည် လာတယ်ဆိုတုန်းက မျက်နှာကဖြစ်သွားလိုက်တာ. . . အခုတော့ မျက်နှာကြီးကပြုံးလို့ပါလား၊ ဘာလဲ ရည်းစားစာအပေးခံရလို့လား"

"ကြည့်စမ်း. . . ဒါသစ်သစ်ကို ကလဲ့စားချေတာပေါ့လေ. . . ခုနကအပြင်ထွက်ဖို့ပြင်နေတာ ဧည့်သည်ရောက်လာတယ်ဆိုတော့ စိတ်တိုတာပေါ့. . . အခုအိမ်က စားစရာတွေသူကြုံပေးခိုင်လိုက်တာမို့ ပြုံးမနေလို့ ငိုနေရမှာလား. . . ဘွန်း. . . သူ့ကို မနေ့ကပြောတာမှတ်ထားတယ်ပေါ့ဟုတ်လား"

"အဟင်ဟင်း. . . ရွှေစိတ်တော်က ကောက်ချင်ပြန်ပြီလား. . . ဘာမှမှတ်မထားဘူးနော်. . . သစ်သစ်ပုံစံက ကလေးဆိုး ကြီးကျနေတာဘဲ. . . ခုနဖြစ်နေတာများ ဝတ်စားပြင်ဆင်ပြီးပွဲ ဈေးမလျှောက်ရတော့ဘူးလို့ အပြောခံလိုက်ရတဲ့ ကလေးအတိုင်းဘဲ. . . ရယ်ဖို့ကောင်းတယ်"

"ရယ်ပါ. . . ရယ်ပါ. . . အားရအောင်ရယ်လိုက်ပါ . . . မနေ့ကလိုထပ်ဖြစ်လာကြည့်. . . ဒီကလည်း ထိုင်ရယ်

ပြလိုက်အုံးမယ်"

"ရှင့်ဖာသာ. . . ထိုင်အဲရယ်ရယ်. . . မတ်တတ်ဘဲရယ်ရယ်. . . စံစံတို့နောက်ထပ်အဲ့လိုကြုံရတာကို အကြောင်းမရှိတော့ ဘူး၊ ဒီလိုကို ထပ်ဆုံဖို့ အကြောင်းဘာရှိတော့လို့လည်း . . . ဘယ်မှာနေလို့ဘယ်က မှန်းမသိတဲ့လူကို သစ်သစ်က ထပ်ဆုံစေချင်သေးလို့လား"

"သစ်သစ်က မဆုံစေချင်ပေမယ့် စံစံကများ မျှော်နေသလားလို့ပါ. . . အဲ့လိုမမျှော်တော့ရင်လည်း စံစံကိုပြောစရာတစ်ခုရှိတယ်"

"ဟော. . . လုပ်လာပြီ. . . စကားကမပြတ်နိုင်ဘူး"

သနပ်ခါးသွေးနေရာမှ ပင်မြင့်စံပြောလိုက်ရာ. . . ခင်မေသစ်က ကျဲကျဲဖြင့်၊

"စကားစမပြတ်တာမှတ်ဖူးမအတွာရဲ့. . . အခုမှ စပြောရမှာ. . . ခုနကသစ်သစ်ကို အိမ်ကပေးလိုက်တဲ့ပစ္စည်းတွေလာပေးတာ ဘယ်သူမှတ်လဲ"

"အင်း. . . ကိုယ်ကလဲ အဂ္ဂိဝိဇ္ဇာမဟုတ်တော့ မသိဘူးရှင့်"

မျက်နှာကို သနပ်ခါးပွတ်ရင်းစံစံ ခပ်ငေါ့ငေါ့ ပြောလိုက်လေသည်။ ရေချိုးခန်းထဲကနေ ညော်ခန်းက လူကိုစံစံဘယ်လို



သိပ့်ါမလဲ။ ရမ်းသမ်းပြီးတော့လဲမပြောချင်၊ အဲဒါကြောင့် ငေါ့တော့တော့ဘဲ ပြောလိုက်မိသည်။

"ဟုတ်ပါတယ်. . . ရှင်မသိမှန်းလဲ သစ်သစ်သိပါတယ် . . . သိများသိချင်မလားလို့ မေးကြည့်တာပါ"

"အစကတော့မသိချင်ပါဘူး. . . အခုသိချင်သွားပြီ ပြောဘယ်သူလာပို့တာလဲ"

"သစ်သစ်တခါပြောဘူးပါရောလား. . . ဘန်ကောက်မှာအလုပ်သွားလုပ်နေတယ်ဆိုတဲ့ သစ်သစ်အစ်ကိုဝမ်းကွဲလေ . . . ချစ်လွန်းတင်ဆိုတဲ့အစ်ကိုပေါ့. . . သူလာပို့တာ"

"ဪ. . . သူပြန်လာပြီလား. . . ဘယ်တုန်းကပြန်ရောက်တာလဲတဲ့. . . အဲ့ဒါနဲ့သစ်သစ်ကဘာကိုပြောချင်တာလဲ"

"အဟီး. . . စံစံစိတ်ဆိုးမှာစိုးလို့"

"မျက်နှာကလိမ်တော့မဲ့ရုပ်နဲ့. . . ပြော. . . စိတ်မဆိုးဘူး"

"စံစံကို. . . သစ်သစ်ယောင်းမတော်ချင်လို့"

"ဟဲ့. . . ပလုပ်တုတ်"

စံစံ. . . အင်္ကျီလဲနေရာမှသစ်သစ်ထံမှစကားကြောင့်တမင်လက်ထဲက အင်္ကျီကို လွှတ်ချ၍ နောက်ပြောင်လိုက်သည်။

သစ်သစ်ကဟားဟားရယ်၍

"လန့်မသွားပါနဲ့တဲ့. . . ငါ့အစ်ကိုကလူတော်လေးပါ နော်"

"စိစိလဲတော်တော်အသေးတာဘဲသိလား၊ သစ်သစ် . . . အနားကပ်ပြီး ရှိနေတဲ့ရန်သူကို သတိမထားမိဘူး"

"ဟယ်. . . အဲ့လိုတော့မပြောပါနဲ့ဟယ်. . . စိစိကိုနစ်မွန်းစေမဲ့ ကိစ္စဆို တိုက်တွန်းပါ့မလား. . . သစ်သစ်အစ်ကိုက ရိုးသား ကြိုးစားတဲ့သူမို့စိစိကို အောင်သွယ်မိတာပါ၊ စိစိလိုရိုးသားကြိုးစားတဲ့သူမို့ စိစိကို အောင်သွယ်မိတာပါ၊

"အမလေးဟဲ့. . . အညွန်းကောင်းတာနဲ့ဘဲ စိတ်ဝင်စားလာပြီ. . . လူကိုတောင်မမြင်ဘူးသေးဘူး. . . အဖြေပေးရတော့မဲ့ပုံပါလားသစ်သစ်ရဲ"

"စိစိနော်လူကိုလာမရိန့်သစ်သစ်နဲ့စိစိတွဲလာတာ ဘယ်လောက်ကြာပြီလဲ. . . ဒီလိုမျိုးအလုပ်. . . အောင်သွယ်တဲ့အလုပ်ဘယ်တုန်းကလုပ်ဖူးလို့လဲ. . . သစ်စ်စေတနာကစိစိနဲ့ကိုလေးကရှေ့သွားနောက်လိုက်ညီတာရော အေးဆေးတာခြင်း. . . ကြိုးစားတာခြင်းပါတူညီနေလို့ သဘောတူသွားမိတာပါနော်. . . တခြားသူတွေ နဲ့ဖြစ်သွားမဲ့အတူတူ ကိုယ့်အချင်းချင်းဆို ပိုကောင်းမယ်ထင်လို့ ပြောလိုက်မိတာ"

"ဟုတ်ပါတယ်. . . ဒီကလည်းဘာမှမဟုတ်တာမပြော





မိပါလား. . . သစ်သစ်က တဖတ်သက်ကြီးပြောနေ. . . သစ်သစ် အစ်ကိုကဖြင့် ဘယ်လိုသဘောရှိမှန်းမသိသေးဘဲနဲ့များ"

"ဟင်း. . . ဒါဖြင့်. . . ကိုလေးသဘောကိုသိရင်စိစိက စိတ်ကူးမယ်ပေါ့ဟုတ်လား"

ဝမ်းသာအားရမေးလာသော ခင်မေသစ်ကို ပင်မြင့်စံ ငေးငေးလေးပြုံးကာကြည့်ပြီး"

"ခြော်. . . သစ်သစ်ကတကယ့်ကိုစိတ်ထက်သန်နေတာကို. . . စိစိကမိန်းမသာပါကွယ်မြင်းမက မလှုပ်ခဲ့ကတော့လှုပ်ပါရစေနဲ့. . . တစ်ယောက်နဲ့တစ်ယောက်တွေ့ဘူးကြတဲ့အခါဖူးစာဆုံလို့. . . သစ်သစ်အစ်ကိုက စိတ်ဝင်စားပြီးတောင်းဆိုလာခဲ့ရင် စိစိစဉ်းစားပေးပါ့မယ်လို့. . . ဂတိပေးတယ်"

"အေးပြီးရော. . . နင်တို့နှစ်ယောက်ကို ဆုံဖြစ်အောင်ကိုင်ပါဖန်တီးပေးပြမယ်. . . ကြည့်နေ. . . မကြာခင်ကိုဆုံစေရမယ်. . . ကိုလေးကလည်း ဒီရန်ကုန်မှာသူ့သူငယ်ချင်းနဲ့ အလုပ်ခဲ့တူ လုပ်မလို့ လာတိုင်ပင်တာဆိုတော့. . . အဆင်ပြေသွားရင် အိုကေဘဲဆရာ. . . ပြေပါစေ. . . ပြေပါစေ. . . ဘုရားသိကြားမလို့ ပြေဖြစ်အောင်ပြေပါစေ"

တက်ကြွနေသော သစ်သစ်ကို စိစိမျက်စောင်းလေးထိုး

ပြီး။

"ကဲ. ... ကျောင်းအမ. . . ရှင့်အစ်ကိုအကြောင်းဘဲ ပြောနေတော့မှာလား. . . ဒီမနက်ဘာမှစားရ လုပ်မထားဘူးနော်. . . အပြင်မှာဘရိုတ်ရော. . . နို့ဆီရော. . . အချိုရော. . . အချဉ်ပါ အကုန်စားမှာ. . . သွားကြစို့. . . မိုးလင်းထဲက ထပြီးအပြင်သွားဘို့ ပြင်နေတဲ့သူက ခုထိဘာမှမပြီးသေးဘူး. . . ဒီမှာစကားပြောရင်း ပြင်ဆင်လိုက်တာကျပ်ပြီးသွားပြီ. . . မစောင့်ဘဲထားခဲ့ရမှာလား"

"ဒီလိုတော့ မရက်စက်ပါနဲ့ ရွှေယောင်းမလေးရယ် . . . အကျီဝတ်ရုံဘဲမယုံစောင့်ကြည့်. . . မျက်တောင်တခတ်အတွင်း ပြီးသွားစေရမယ်"

ရှုတ်သွက်လျှာသွက်၊လက်ပါသွက်၍ ခပ်သုတ်သုတ်အဝတ်အစားလဲကာ. . . သူငယ်ချင်းနှစ်ယောက်ထွက်ခဲ့လေတော့သည်။

"ဟဲ့. . . ငါတို့ဘယ်မှာ ဘရိုတ်ဖတ်မှာလဲစံစံ"

"တော်သေးတာပေါ့စားဘို့သတိရလို့"

"မရဘဲနေမလားဟဲ့. . . ဗိုက်ကဆာနေတာကြာပြီ. . . ကိုလေးအကြောင်းပြောနေရလို့ စားဘို့မေ့နေတာ"

"အဲဒါဆိုလဲ. . . အကုန်အကျသက်သာရအောင် ရှင့်





အစ်ကိုအကြောင်းဘဲ ထိုင်ပြောနေပါတော့လား"

"ပြောတော့ပြောချင်သား. . . ဗိုက်ထဲကသံစုံတီးဝိုင်းကနာမခံနိုင်တော့လို့. . . ဘာစားကြမလဲစံစံ"

ကားမှတ်တိုင်ကို လျှောက်လာရင်းအခြေအတင်စကားပြောလာကြရင်းမှတ်တိုင်အရောက် ကားစိုက်လာသဖြင့် ဘာမှဆက်မပြောဖြစ်ကြတော့ဘဲ ကားပေါ်ကို အလုအယက် တက်လိုက်ကြရလေသည်။

"ရွှေကမှတ်တိုင်ကြဆင်းကြရအောင်သစ်သစ်"

တစ်ယောက်က ဘာလုပ်မယ်. . . ဘာစားမယ်ဆိုနောက်တစ်ယောက်ကလည်း ဘယ်တော့မှမငြင်းသည့် သူတို့ဝါအတိုင်း ပင်မြင့်စံဆင်းခိုင်းသည့်မှတ်တိုင်အရောက် နှစ်ယောက်သား ဆင်းလိုက်ကြသည်။

"ဘာစားမှာမို့လဲစံစံ"

"ရွှေကြေးစည်မှာ ကြက်အသည်းမြစ်နဲ့ဆီချက်ခေါက်ဆွဲစားမယ်လေ. . . နောက်မှ. . . ကိုယ်ကြိုက်တဲ့အအေးကိုယ်သောက်"

ဆီချက်ခေါက်ဆွဲကို တစ်ယောက်တစ်ပွဲမှာစားကြပြီးအအေးသောက်ရန် ရွှေပုဇွန်ကို ရွှေးလိုက်ကြသည်။ အဲ့ဒီကျမှလှူဒါသောက်ရန် စီစဉ်လိုက်ကြသည်။

"ငါတို့အဖြစ်ကလည်းကားလေးတစ်စီးတောင်မဝယ်နိုင်တဲ့ အဖြစ်ပါလားသစ်သစ်ရယ်. . . လိုင်းကားကိုစီးရတဲ့ ဝဋ်ကြွေးကို ဘယ်တော့မှ ကျွတ်ပါ့မလဲ မသိဘူးနော်"

"ငါ့ထက်ဝင်ငွေကောင်းနေတဲ့သူက ညီးနေမှတော့ ပြောရသေးတာပေါ့. . . ကိုယ်ဝယ်မစီးနိုင်တော့လဲ သူများကားကပ်စီးရတဲ့အခြေအနေလောက်တော့ သစ်သစ်တို့ တိုးတက်လာတော့မှာပါ. . . ဘယ်နေ့လဲသာမသိသေးတာ"

"ယူသင့်တယ်. . . ယူသင့်တယ်. . . ပညာရှိစကားဆိုတာ မှတ်သားသင့်မှတ်ထားရတယ်ကလေးရဲ့. . . သူများကားဆိုတာက. . . သစ်သစ် အစ်ကိုရဲ့ကားကိုပြောတာပါကွယ်. . . မကြာခင်. . . စံစံဆိုသော ကောင်မလေးကိုတွေ့ပြီး အရှုံးအမူးဖြစ်ပြီးတော့. . . ခဏခဏရောက်လာခဲ့သော်. . . သူ့ကားကို သစ်သစ်တို့ အကြုံလိုက်စီးရမှာကို မြင်မိနေတယ်လို့ ကြိုတင်ဟောကိန်း ထုတ်ရခြင်းပါကွယ်"

"အလဲ့. . . တယ်လဲမှတ်သားထိုက်ပါလားအရပ်ကတို့. . . မုန့်ဆီကြော်ကဖြင့် မကြော်ရသေးဘူးငါ့ အနာနဲ့ မတည့်ဘူးလုပ်နေတယ်. . . ဒီမှာအမိ ရှင်အဲ့သလောက်ယောက်မလိုချင်ရင်. . . တခြားမှာသာသွားရှာတော့ပေ့. . . ကျုပ်နဲ့ရှင့်အစ်ကိုတွေ့ဘို့. . . ပြီးတော့ချစ်သူဖြစ်ဖို့ဆိုတာ ရှင်မျှော်လင့်





ချက်နဲ့စောင့်နေရင်. . . ဆံဖြူသွားကျိုးသွားလိမ့်မယ်ရှင့်"

"ရပါတယ်. . . ရပါတယ်. . . အဲဒီထိဖြစ်လဲစောင့်မှာပါ. . . အဓိကကမျှော်လင့်ချက်ပြည့်ဝဘို့သာလိုပါတယ်ကွယ်. . . ကိုယ်မျှော်လင့်သလို ဖြစ်မလာရင် သစ်သစ်တို့ကျနိတတ်ပါတယ် . . . စံစံလေးသာဂတိတည်ပါစေနော်"

"အင်း. . . နောက်ဆုံးတော့ သူ့အစ်ကိုအကြောင်းနဲ့ဘဲ အဆုံးသတ်ရတာဘဲ. . . လမ်းလျှောက်ပြီးပြောလာလိုက်ကြတာ ရောက်လို့ရောက်မှန်းတောင် မသိလိုက်ဖူး"

"တွေ့တယ်မှတ်လား. . . ကိုယ်အစ်ကိုအကြောင်းပြောလိုက်တာနဲ့အရာအားလုံးကိုမေ့သွားတာ"

"တော်ပါ. . . ဝင်ရှေ့က"

မှန်ချပ်ကြီးကိုတွန်း၍ ရှေ့မှသစ်သစ်အရင်ဝင်သွားပြီး ချိန်းမည့်နေရာကို မျက်စေ့ကစားလိုက်သည်။ စံစံမျက်လုံးလေး ၂ခုလုံးတွင် တစ်ယောက်တည်းထိုင်နေသော လူထံအကြည့် ရောက်သွားလေရာ။

"ဟယ်. . . သစ်သစ်. . . သစ်သစ်ရေ"

"ဟင်. . . ဘာလဲစံစံ. . . ဘာတွေ့လို့လဲ"

အနောက်ကနေ သူမ၏လက်ကိုဆွဲပြီး တုန်တုန်ရီရီနှင့် နေသော စံစံအား ခင်မေသစ်ကမန်းကတန်း လှည့်ပြီးစိုး

ရိမ်စိတ်ဖြင့် လိုက်မိသည်။

စံစံမျက်လုံးသွားရာနောက်ကိုပါ လိုက်ကြည့်မိသည်။

"ဟယ်. . . ကိုလေးပါလား. . . လာစံစံ ကိုလေးတစ်ယောက်တည်းထိုင်နေတာတို့သွားရအောင်"

"ဟင့်အင်း. . . ဟင့်အင်း. . . သစ်သစ် သူ. . . သူလေ"

ပင်မြင့်စံရဲ့လက်ကို ဆွဲပြီးသွားထိုင်ကြရန်ခင်မေသစ်ခေါ်နေသော်လည်း အသံတင်တုန်ရုံမကအသားတွေပါတုန်နေသောသူငယ်ချင်းအား နားမလည်နိုင်အောင်ဖြစ်သွားရသည်။ အထစ်ထစ်အငေါ့ငေါ့ဖြစ်နေတဲ့ သူမအသံကြောင့် ခင်မေသစ်ရိပ်မိသလိုရှိလာပြီး နောက်ခိုင်းထိုင်နေသော အစ်ကိုဖြစ်သူကိုကြည့်လိုက် တုန်လှုပ်ချောက်ခြားနေသော သူငယ်ချင်းအားကြည့် လိုက်နှင့် ဝေခွဲခက်နေစဉ်၊

"လာပါ. . . စံစံ. . . သစ်သစ်ရှိနေတာဘဲ. . . ဘာမှမကြောက်နဲ့. . . ဟိုနေ့က ကားပေါ်ကအဆင်းတိုက်သွားတဲ့သူမှန်ရင် သစ်သစ်တောင်းပန်ခိုင်းမယ်. . . အဲဒါသစ်သစ်ပြောတဲ့သစ်သစ် အစ်ကိုဆိုတာပေါ့"

"ဟာ. . . မလိုက်ဘူး. . . မလိုက်ဘူး. . . သစ်သစ်ရယ်. . . သူမှသူအစစ်ပဲ. . . စံစံရင်တွေအရမ်းတုန်လာပြီနော်. . .





ဘနေရာ ရာမှာထိုင်မှ ဖြစ်တော့မယ်"

"အေးအဲ့ဒါကြောင့်ပြောတာပေါ့. . . လာ. . . ကိုလေးဆီကိုသွားထိုင်မယ်. . . ဟိုမှာသူများတွေကြည့်ကုန်ပြီ. . . ဒီခြေလေး ဘာလေးဆယ်စမ်းပါဦးဟယ်. . . လာ. . . လာ. . . သစ်သစ်လက်ကို ကိုင်ထား. . . မျက်နှာမပျက်နဲ့"

အတင်းဆွဲခေါ်နေ၍ စံစံမလိုက်ချင်ဘဲလိုက်သွားခဲ့ရသည် အနားရောက်တော့ သူ့မျက်နှာကိုမကြည့်မိအောင် သတိထားပြီး နေလိုက်မိသည်။

"ကိုလေး. . . သစ်သစ်အနောက်ကနေကြည့်နေတာဘုပါတယ်လို့. . . တစ်ယောက်တည်းလား"

"ဟား. . . သစ်သစ်ပါလား. . . လာထိုင်. . . ညှိုသည်ပါ. . . ပါလာတာလား. . . ထိုင်ကွာ. . . နှစ်ယောက်လုံးထိုင်ကြ. . . ကိုလေးသူငယ်ချင်းကို စောင့်နေတာကြာလှပြီ. . . နောက်နာရီဝက်မှမလာရင် ပြန်တော့မလို့. . . အတော်ဘဲညည်းတို့နဲ့ အဖော်ရသွားတာပေါ့"

ဖြူးချိုရွှင်ပြစွာ ဖော်ရွေလွန်းသော သူ့မျက်နှာကို စံစံမရဲတရဲကြည့်ကာ အကြောက်ပြေသွားသလိုလိုရှိလာတာမို့ မျက်နှာတခုနကလောက်မှုပျက်မနေတော့ပေ။

"ကိုလေး. . . ဒါသစ်သစ်သူငယ်ချင်း ပင်မြင့်စံလို့ ခေါ်

တယ်. . . သစ်သစ်နဲ့အတူအိမ်ငှားနေကြတာလေ"

"ဟေ. . . ဟုတ်လား. . . သူကရော ညည်းလိုအဲ ဝန်ထမ်းလား. . . ကိုလေးလာတာသူ့ကိုမတွေ့မိပါဘူး"

"သူက. . . အစိုးရဝန်ထမ်းမဟုတ်ဘူးကိုလေးရဲ့. . . စာရေးဆရာမလေ. . . စာမူလာပို့တဲ့နေ့တဲ အခန်းမှာတည် တာ. . . အဲ့ဒီလိုနေ့မျိုးသစ်သစ်ရုံးအားရက်နဲ့ကြုံရင် အခုလို ပျှောက်လည်ကြတာလေ"

"ဪ. . . ဟုတ်လား. . . ဘယ်မှာနေလို့လဲကိုလေးက ဝတ္ထုသိပ်မဖတ်တော့ မသိဘူးဖြစ်နေတာ. . . ကလောင်နာမည် ကဘာတဲ့လဲ. . . ခုနကပြောတဲ့နာမည်ကတော့ အတော် တာဘဲ"

"ဟင်း. . . ကိုလေးကလဲ. . . သစ်သစ်သူငယ်ချင်း နာမည်တင်လှတာမဟုတ်ဘူးနော်. . . လူကလည်းလှမှလှ. . . အမလေး"

"ဟဲ့. . . သစ်သစ်"

အတင်းတွန်းပို့နေသော သစ်သစ်ကို ခုန်အောက်က ပေါင်ကိုစံစံလှမ်းဆိတ်လိုက်တာကြောင့် သစ်သစ်အမလေး လိုက်ခြင်းဖြစ်သည်။

"ဟုတ်ပါတယ်ဗျာ. . . ဟုတ်ပါတယ်. . . ငါ့ညီမပြော





ဘာမှန်ပါတယ်. . . ကလောင်နာမည်လေးပြောပါဦး. . . အားတဲ့ နေကြရှာဖွေပြီး ဖတ်ကြည့်ရအောင်"

"ကလောင်နာမည်ကလည်း ပင်မြင့်စံဘဲလေ. . . သစ်သစ်သူငယ်ချင်းအရမ်းမအားတာကိုလေးရဲ့. . . စကားလဲ အရမ်းနဲတာ"

စကားတစ်ခွန်းမှဝင်မပြောဘဲ ကြောင်တောင်တောင် နှင့် ထိုင်နေသော ပင်မြင့်စံအား. . . ခင်မေသစ်က မလိုအား ဖြစ်ခါ သူမကချည်းဒိုင်ခံဖောလျှာလုပ်နေတော့သည်။

"စကားနဲ့ပြီးပေါ့ကွာ. . . စာရေးဆရာမပါဆိုနေမှ. . . အတွေးဘဲများနေမှာပေါ့. . . ကဲ. . . ကဲ. . . ဘာသောက်မှာလဲ မှာလေ . . . ဒီနေ့မိတ်ဖြစ်ဆွေဖြစ်ကိုယ်ကဘဲ တကာခံပါ့မယ် ကြ. . ."

"ဟယ်. . . မဟုတ်တာ. . . သစ်သစ်"

"ဟော်. . . အခုမှအသံထွက်လာတော့တယ်. . . စကားနဲ သမယ့်. . . အားတော့နာတတ်တာဘဲ မင်းသူငယ်ချင်းက"

အားနာလွန်း၍ လွတ်ကနဲ ပင်မြင့်စံထပြောလိုက်ပြီးမှ သူ၏နောက်ပြောင်မှုကြောင့် ရှက်သွားရတာ မပွင့်တပွင့်ပြုံး၍ နေလိုက်ရသည်။ ခုနကမေးထားတာ မပြောသေးဘူးနော် . . . ဘယ်မှာနေတာလဲဆိုတာ. . . စကားပြောတတ်သားနဲ့ ဖြေ ပါအုံးကွာ. . . ဘာရှက်စရာရှိလဲ. . . သစ်သစ်သူငယ်ချင်း က

ကိုယ်ညီမပဲပေါ့"

"ဟို. . . တွံတေးမှာနေတာပါ"

"ဟ. . . တွံတေးဘယ်မှာနေတာလဲ. . . ကိုယ်လဲတွံတေး ကဘဲလေ"

"တွံတေးဘုရင့်နောင်ရုပ်ကွက်. . . . လမ်းမှာနေတာပါ"

"ဩော်. . . ဟုတ်လား. . . အေးကွာ. . . ကိုယ်ကပြန် ရောက်တာမကြာသေးတော့ တွံတေးမြို့တောင် နေရာစုံအောင် မရောက်သေးဘူး. . . ကိုယ်ကသစ်သစ်တို့နဲ့ ခြေရင်းခေါင်းရင်း နေတာလေ. . . ဘုရင့်နောင်လေးလမ်းထဲမှာ. . . တွံတေးသူပဲလား"

"မဟုတ်ပါဘူး. . . ငယ်ငယ်က သန်လျင်မှာနေကြတာ ပါ. . . ခုနှစ်တန်းအောင်တဲ့နှစ်ကမှ တွံတေးကို ပြောင်းလာခဲ့ကြ တာ"

"ဒါဆို. . . တွံတေးသူလို့ပြောလဲ ရတာဘဲပေါ့ . . . သစ်သစ်တို့က အစတည်းက တွံတေးမှာနေကြတာ. . . ကိုယ် တို့ကနောက် မှပြောင်းလာခဲ့ကြတာ. . . ဒါတောင်ကိုယ်က ပြန်လာ တာ. . . ဒီရောက်တော့ဘာလုပ်ရမှန်း မသိဖြစ်နေတာ လေ. . . အဲ့ဒါကြောင့် သူငယ်ချင်းတစ်ယောက်နဲ့ အလုပ်စပ် တူ လုပ်ဖို့တိုင်ပင်းပြီး အခုမှလုပ်ငန်းစရမှာ. . . ဖြုန်းကနဲမို့ တစ်ယောက်တည်း ချွန်ပြီး မလုပ်ရဲဘူး. . . ဖြစ်ပ့ါမလားဆိုပြီး





သိတ်ထိတ်ပါဘဲကွာ"

"ဖြစ်မှာပါ. . . သစ်သစ်ကပြောတယ်. . . သူ့အစ်ကိုအ းတော်ကြောင်း. . . ကြိုးစားကြောင်းပြောလို့မဆုံးဘူး"

"ဟုတ်လား. . . ငါ့ညီမလေးတော်တယ်ပေါ့. . . အခုမှာ းတဲ့ ဖါလူဒါနဲ့ တော်ပြီလား. . . ဘာစားချင်သေးလဲမှာဦး "

အစကကြောက်ပြီး စကားမပြောရဲသော သူငယ်ချင်းက ခုတော့ အစ်ကိုဖြစ်သူနှင့် လေပေးဖြောင့်နေ၍ ခင်မေသစ် သာလေးကြည့်နေခြင်းပင် ဖြစ်သည်။ပြောနေကြရင်း သူမ က်ကို ဦးတည်လာ၍ ပင်မြင့်စံအား မထိတထိလေးမျက် င်း ချိတ်၍ အစ်ကိုဖြစ်သူအား မျက်လွှာလေးပင့်ကြည့်ကာ

"ပြောရတာယ်ကိုလေးရေ့. . . သစ်သစ်ကအဲ့လိုမှ. . . ကြားထားရင်. . . သစ်သစ်စီမံကိန်းက အောင်မြင်မှာ မဟုတ် . . . ကြိုတင်ပြီးလမ်းဖွင့်ထားရတာလေ. . . ဟာ အိမလေး ပြန်ပြီ"

ပေါင်ကိုထပ်ပြီး အဆိတ်ခံလိုက်ရ၍ သစ်သစ်ထအော် ရာ ပင်မြင့်စံလည်း ရှက်ကိုးရှက်ကန်းဖြင့် ဖာလူဒါခွက်ကိုယူ မော့လိုက်မိလေသည်။

"တိုယ့်သူငယ်ချင်းလည်း ရောက်မလာဘူး. . . ကိုယ်

လေးသွားတော့မယ်. . . ညည်းတို့ တခြားသွားဦးမလား . . . မသွားတော့ရင်. . . ကိုယ်လေးကားပါတယ် တစ်ခါတည်း လိုက်ပို့မယ်"

"မလိုက်တော့ဘူးကိုယ်လေး. . . သစ်သစ်တို့ရုပ်ရှင်ကြည့်ဦးမယ်. . . ဘုရားသွားဦးမယ်"

"ဒါဆို. . . ကိုယ်လေးသွားပြီ. . . ဟော့. . . ခေါင်းမော့ကြည့်ပါဦး. . . ဘယ့်နဲ့ခေါင်းကြီးငုံ့ထားတာလဲ. . . သစ်သစ်ပြောတဲ့စကားထဲမှာ သစ်သစ်ပြောတဲ့စကားထဲမှာ မပြောဖြစ်လို့ ကျန်နေသေးတဲ့ စကားတစ်ခွန်းပြောမလို့. . . တို့နာမည်. . . ချစ်လွန်းတင်တဲ့မှတ်ထားဦးနော်. . . သစ်သစ်မပါလို့ လမ်းမှာတွေ့လည်းခေါ်ပေါ့. . . နာမည်ခေါ်ရတာခက်ရင်. . . သစ်သစ်ခေါ်သလိုဘဲ. . . ကိုယ်လေးလို့ခေါ်ပေါ့. . . သွားပြီဟေ့"

"ပြောရမဲ့စကားကို ဆုံးအောင်ပြောပြီး မချိုမချဉ်မျက်နှာဘေးနှင့် လှည့်ထွက်သွားသော ချစ်လွန်းတင် ဆိုသူအား စံပါးစပ်လေးအဟောင်းသားနှင့် လိုက်ကြည့်နေမိသည်။"



*********************





## အခန်း[၃]

ခင်မေသစ်သည်ပင် ပါးစပ်လေးဟ၍ ကျန်ခဲ့ရသည့်အဖြစ်။

ဆိုင်အပြင်ဘက်သို့ ထွက်သွားသော ချစ်လွန်းတင်၏မျက်နှာကတော့ ထိုသို့မဟုတ် ပင်မြင့်စံသူအား မှတ်မိမနေခြင်းကိုဘဲ အလွန်ကျေနပ်နေရပြီး ရှေ့ဘာဆက်လုပ်သင့်သည်ကိုပါ သွားရင်း သူ့အတွေးနှင့် သူကြည်နူးနေမိပါ၏။

အခွင့်ကောင်းယူတာယ်လို့တော့ မထင်ပါနဲ့ မိန်းကလေးသည်. . . မင်းနဲ့ ပြန်မဆုံဖြစ်ရင်လည်းကိုယ်ဒီအတွေးတွေ တွေးမိမှာမဟုတ်ပါဘူး။မင်းရဲ့ခြေရာကို ခံမိသွားတဲ့ အချိန်ကစပြီး ဒီစိတ်ဘူးကို အကောင်အထည်ဖော်ဖို့ စိတ်ကူးမိတာပါဘဲ။အကြောင်း

ရင်းကို မင်းသိတဲ့အခါ အားလုံးကို သဘောပေါက်သွားမှာပါ"

အဲ့ဒီအချိန်ကြရင်သာ. . .

"ဟတ်ချိုး. . . ဟတ်ချိုး". . . ငါတော့ဖျားပြီထင်တယ်

စံစံရေ. . . ခေါင်းသွားလျှော်လိုက်မိတာမှားပြီလားမသိဘူး"

တချီးချီးချည်းရင် ခင်မေသစ်ပြောလိုက်သည်

"ကောင်းတယ်. . . ခေါင်းကိုရှုံးပိတ်ရက်မှလျှော်ပါ

ပြောတာ. . . မရဘူး. . . အခုဘယ့်နှဲ့ဖျားပြီမှတ်လား"

ပြောတဲ့ကြားက ငွတ်လုပ်၍ ပင်မြင့်စံ အပြစ်တင်နေ

ခြင်းဖြစ်သည်။

"အေးဟာ. . . ငါလည်းမဖြစ်တန်ကောင်းဘူးမှတ်လို့

လျှော်လိုက်တာ. . . ရှုံးပိတ်ရက်ထိတောင် မစောင့်နိုင်တော့

ဘူး. . . ဟတ်ချိုး. . . ခေါင်းပေါ် ကိုဂုက်က ချီးပါချတာ ရွံလိုက်

တာ မပြောနဲ့တော့. . . ဟတ်ချိုး"

"အဲ့ဒါဆိုလည်း. . . ကိုယ့်အပြစ်နဲ့ကိုယ်ဘဲ ဆေး

သောက်၊အနွေးထည်ဝတ်. . . နင့်မှာဘာဆေးရှိလဲ. . .

ပရိုကိုလ်ရှိတယ်သောက်မလား. . . ထ. . . ထ. . . အနွေး

ထည်သွားဝတ်လိုက်"

"ကလင်. . . ကလင်. . . ကလင်"

"ဟော. . . ညွှေ့သည်နဲ့တူတယ်. . . တံခါးသွားဖွင့်





လိုက် ပါစံစံရယ်. . . ငါအနွေးထည်ဝတ်ပြီးထွက်လာခဲ့မယ်"

ဗိုဒိုဖွင့်နေဆဲ. . . အိမ်ရှေ့မှ လျှပ်စစ်ဘဲလ်သံကြောင့်

တံခါးသွားဖွင့်ရန် ပင်မြင့်စံတာဝန်ဖြစ်သွားတော့သည်။

"ကလင်. . . ကလင်. . . ကလင်"

နောက်ထပ်လျှပ်စစ်ဘဲလ်သံ ထက်မြည်လာ၍ အခန်း

ထဲမှပင်မြင့်စံ ကဗျာကယာထွက်လာရင်း။

"လာပြီ. . . လာပြီ ညနေဘက်မှ ဘယ်ကဧည့်သည်

လာပြန်လဲမသိဘူး. . . ဟင်း"

တိုးတိုးလေး ပွစိပွစိပြောလာမိသည့် ပင်မြင့်စံတစ်

ယောက်တံခါးနားသို့ အရောက်. . . "ဟင်း"ကနဲဖြစ်သွားရလေ

သည်။

မထင်မှတ်ထားသော ဧည့်သည်ဖြစ်နေ၍ အံ့လည်းအံ့

သြသွားမိသည်။

ချစ်လွန်းတင်ဆိုသူအား မျှော်လည်းမျှော်မနေ ရောက်

လာလိမ့်မည်ဟုလည်း တွေးမထား၍ပိုပြီးအံ့သြနေမိသည်။

"ဟော့. . . တံခါးလာဖွင့်လေ ဘာရပ်လုပ်နေတာလဲ"

အဲ့ဒီတော့မှ စံစံကြောင်ပြီး ရပ်နေမိမှန်း သူမကိုယ်သူမ

သတိမထားမိကာ ခပ်သုတ်သုတ်လေး တံခါးဖွင့်ပေးလိုက်မိ

သည်။

"သစ်သစ်ရော. . . မင်းတစ်ယောက်တည်းလား"

ဖွင့်သွားတဲ့တံခါးကနေ အထဲသို့ဝင်လာရင်း ဟိုဟို ဒီဒီ မျက်လုံးဝေ့ကြည့်ကာ ပင်မြင့်စံတစ်ယောက်တည်းလား အထင်နှင့် ချစ်လွန်းတင်မေးလိုက်မိခြင်းဖြစ်သည်။

စံစံက တံခါးကို သော့ပြန်ချိတ်ရင်း

"ရှိပါတယ်. . . သစ်သစ်အခန်းထဲမှာပါ. . . ဒီညနေ ရုံးကပြန်လာပြီး ရေချိုးရင်း ခေါင်းလျှော်လိုက်လို့. . . ဟတ် ချိုး. . . ဟတ်ချိုး ဖြစ်နေပြီလေ. . . ထိုင်ပါ. . . သူထွက်လာ ပါလိမ့်မယ်"

"ဟယ်. . . ကိုယ်လေးပါလား. . . ဘယ်ကနေလှည့်လာ တာလဲ"

"ဘယ်ကမှ လှည့်မလာဘူး. . . ဒီကိုတမင်လာတာ . . . ငါတို့ သူငယ်ချင်းနှစ်ယောက် ဖွင့်တဲ့စားသောက်ဆိုင်က ဒီနေ့ စဖွင့်တာလေ. . . ဖွင့်ပွဲလုပ်ပြီးညီစီစီဖြစ်လာတာနဲ့ . . . နင်တို့နှစ်ယောက် ကိုခေါ်ပြီ. . . ရွှေတိဂုံဘုရားသွား ကောင်းရမလားဆိုပြီး ထွက်လာခဲ့တာ. . . အခုနင်ကဖျား နေတော့ . . . ငါ့စိတ်ကူးပျက်သွားပြီ"

"အေး. . . ကိုလေးရာ. . . မထင်မှတ်ဘဲဖြစ်သွားရ တာ သစ်သစ်မလိုက်နိုင်လဲ စံစံလိုက်မှာပေါ့. . . စံစံလဲလိုက်ရင်





ပြီးစိတ်ကြည်လင်သွားမှာ လိုက်သွား. . . လိုက်သွား"

"အိုး. . . ဘာလို့လိုက်ရမှာလည်း"

အလိုက်ကန်းဆိုးမသိ အတင်းလိုက်သွားခိုင်းနေသော သစ်သစ်ကို ပင်မြင့်စံစိတ်တိုစွာ လှည့်အော်လိုက်မိသည်။

"ဘာဖြစ်လို့လည်း. . . ကိုယ့်ကို မယုံလို့လား"

"ရှင်. . . အဲ့လိုမဟုတ်ပါဘူး. . . စံစံတစ်ယောက်တည်း ဖြစ်နေလို့ပါ"

တကယ်လည်းသူမတစ်ယောက်တည်း လိုက်မသွားချင် ၍ ငြင်းနေခြင်းဖြစ်သည်။သူ့ကိုမယုံလို့လား ဆိုတော့အဖြေရ ခက်သွားရသည်။

"ယုံတယ်ဆိုရင်တော့. . . လိုက်ခဲ့စေချင်တယ်. . . ကိုယ့်မှာက အပေါင်းအသင်းရှားတယ်လေ. . . မြန်မာပြည်ပြန် ရောက်မှ အခုအလုပ်စပ်တူလုပ်တဲ့သူငယ်ချင်းရယ်. . . မင်းတို့ နှစ်ယောက်ရယ်ဘဲ ရှိတာ ဟိုသူငယ်ချင်းက အလှုစ်ရှုပ်ပြီးကျန် နေခဲ့တော့ မင်းတို့ကိုအားကိုးပြီးလာတာ. . . ကိုယ်တစ်ယောက် တည်းလဲ မသွားချင်တော့. . . အဖော်အဖြစ် မင်းလိုက်ခဲ့ပါ"

လိုက်ခဲ့နိုင်မလားမမေးဘဲ. . . မင်းလိုက်ခဲ့ပါဟု ဆိုလာ တော့. . . စံစံဘာမှဆက်မပြောနိုင်တော့ လိုက်သွားရှုသာ မ လိုက်ပြန်ရင်လဲသူ့ကို မယုံလို့ဆိုပြီး စကားနာထိုဦးမည် ပင်မြင့်စံ

အခက်တွေ့နေရသည်

"ဟဲ့. . . သွားလေ. . . လိုက်မယ်ဆိုလဲ အဝတ်အစား သွားလည်းချည်. . . မလိုက်ဘူးဆိုလည်း. . . မလိုက်ဘူးလို့ ပြောလိုက်လေ . . . ဟိုမှာစောင့်နေတာ. . . အားနာစရာ"

အခက်တွေ့နေရတဲ့ကြားထဲ. . . အဲ့ဒီသစ်သစ်ကတာ မှောင့်. . . သူလှော်လို့ဒီလိုအခက်တွေ့ရတာ. . . တွေ့မယ်ပြန်လာမှအကြောင်းပြလိုက်ဦးမယ်. . . ထိုသို့တွေးကာ သစ်သစ်လှည့်၍ အံကြိတ်ပြလိုက်မိသည်။ သူ့ကို ပြန်လှည့်လိုက်တော့ မျှော်လင့်ချက်နဲ့ စံစံမျက်နှာကိုသာ လိုက်ကြည့်နေလေသည်။

အဲ့ဒီတော့ စံစံအားနာသွားရပြီ။

"ခဏနော်. . . အဝတ်အစားမလဲတော့ပါဘူး. . . တဘက်နဲ့ . . . ပိုက်ဆံအိတ်လေး ယူရုံပါ"

"ရတယ်. . . စောင့်နေပါမယ်"

ပင်မြင့်စံ ထိုင်နေရာမှနေ ဆတ်ခနဲထ၍ ခင်မေသစ် ခြေထောက်ကို တပ်နင်းခဲ့ပြီး အခန်းထဲသို့ဝင်ကာ ကမန်းကတမ်း ပုဝါနဲ့ပိုက်ဆံအိတ်ကို ယူကာ ခပ်မြန်မြန်ပင် ပြန်ထွက်ခဲ့လိုက်သည်။

ပြန်ထွက်လာတော့ ညခန်းမှာ မောင်နှမနှစ်ယောက် ဘာတွေပြောကာ သဘောကျနေကြသည်မသိ ပြုံးစိစိလုပ်နေ





သည်။ သူတို့ကို ကြည့်ပြီး ပင်မြင့်စံ မျက်နှာကို တမင်စူ၍

"သွားမယ်လေ. . . အဲ့ဒီမှာတစ်ယောက်တည်း အိပ်ပျော်မနေနဲ့ဦး စံစံပြန်လာမှ အိပ်စောင့်နေ"

မျက်စောင်းလေးထိုးကာ သစ်သစ်ကို ပင်မြင့်စံမှာ နေခဲ့လိုက်သည်။

နာမည်ကိုမခေါ်ဘဲ သွားမယ်လေးဟု ချစ်လွန်းတင်ကို ညှဲ့ကာ ပင်မြင့်စံ ပြောလိုက်တော့ လွန့်လွန့်လေးပြုံး၍ ချစ်လွန်းတင် ထရပ်လိုက်ပြီး

"ဟုတ်သားဘဲသစ်သစ်. . . တို့ပြန်လာရင် ဘာဝယ်ခဲ့ရမလဲ. . . သိပ်မကြာပါဘူး စောင့်နေလိုက်ပါ"

"စောင့်နေမှာပါ. . . ဘာမှလည်းမဝယ်ခဲ့နဲ့ စားချင်စိတ်မရှိဘူး. . . ကိုလေးသာ သစ်သစ်သူငယ်ချင်းကို ကောင်းကောင်း ခေါ်သွား"

"စိတ်ချ"

ကားစထွက်လာကတည်းက တစ်ယောက်ကိုတစ်ယောက် ဘာမှလည်းမပြောဖြစ်ကြ လှည့်ပင်မကြည့်မိကြ

ပင်မြင့်စံကလည်း ဘေးပတ်ဝန်းကျင်ကို အကြောင်းမဲ့ကြည့်လာသလို ချစ်လွန်းတင်ကလည်း ကားကို ဂရုစိုက်ကာ မောင်းနေမိ၏။

ကားလေးထိုးရပ်သွားမှ ပင်မြင့်စံ ပတ်ဝန်းကျင်ကို သ[...]ထားမိတော့သည်။ဗဟန်းအုတ်တံစောင်းခြေရင်းမှာ ကား[...]သွားခြင်းဖြစ်၏။

“မင်းပန်းတွေဘာတွေဝယ်ဦးမလား”

“ဟုတ်ကဲ့. . . ဖယောင်းတိုင်လေး ဘာလေး ဘာဝ[...]ချင်သေးတယ်”

“ဝယ်လေ. . . ဖိနပ်ကို ကားထဲမှာဘဲ ထားခဲ့”

ကားပေါ်က ဆင်းရင် ချစ်လွန်းတင် မေးသင့်တာ[...]မေးလိုက်၏။

ပင်မြင့်စံကလည်းအလိုက်သင့်ပင်ဖြေလိုက်သည်။ မြ[...]ဖြေရင်း ကြိတ်ပြုံးလိုက်မိသေးသည်။ သူမကို နာမည်မခေါ် [...]စကားပြောလာ၍ ပြုံးမိခြင်းဖြစ်သည်။သူ့ကို သစ်သစ်ခေ[...]သလိုခေါ်ရမှာ ဝန်လေး၍ ဘယ်လိုမှ မခေါ်မိ။ နာမည်ခေါ်[...]မှာကြတော့ တင်းစီးလွန်းအားကြီးနေပြန်သည်။

ပန်းတွေ ဖယောင်းတိုင်တွေ အမွှေးတိုင်တွေဝယ်ပြီ[...]နှစ်ယောက်သား ဓါတ်လှေခါးမှ မတက်ဘဲ အုတ်လှေကား[...]တိုင်း တက်ခဲ့ကြလေသည်။ ယောကျ်ားလေးတစ်ယောက်နှ[...]အတူတွဲကာ တစ်ခါမှ မသွားဘူးတော့ ပင်မြင့်စံအဖြစ်က အခု[...]နှစ်ယောက်တွဲလာမိတော့ ရှက်ကိုးရှက်ကန်းဖြစ်နေမိပြန်သည်[...]





သူ့ကိုမသိမသာ စောင်းငဲ့ကြည့်တော့ အိန္ဒြေရလွန်း[...]ား ကြီးနေလေသည်။

ရေပြင်ပေါ် ရောက်တော့ သူကဘဲစတင်၍

“လူရှင်းတဲ့နေရာကို သွားကြရအောင်”

သူဦးဆောင်ရာနောက် ပင်မြင့်စံ လိုက်ခဲ့မိသည်။ ငြင်းဖို့[...]မေ့နေရ၏။

“ဒီနေ့ရလေ လူနည်းနည်းရှင်းတယ်. . . ပေး. . . [...]း. . . မင်းလက်ထဲက ပန်းတွေကိုယ်ပန်းအိုးထဲ သွားထိုး[...]းမယ်”

သူမလက်ထဲက ပန်းတွေကို ယူ၍ သူ့ပန်းအိုးထဲ သွား[...]းနေသော ဖယောင်းတိုင်နှင့်အမွှေးတိုင်တို့ကို ပင်မြင့်စံထွန်း[...]ညှိပြီး ဘုရားကို ဝတ်ပြုနေလိုက်သည်။

အာရုံကျကျ ဘုရားဝတ်ပြုစဉ် မေတ္တာသုတ်ဂါထာအား[...]က်စေ့ရွတ်ဆို ပူဇော်မိပြန်သည်။

တစိတ် ယောကျ်ားလေးနှင့်အတူ မသွားလို၍ အင်တင်[...]းလုပ်နေမိပေမည်။ ဘုရားပေါ် ရောက်တော့ ပင်မြင့်စံစိတ်ထဲ[...]းချမ်းသွားခဲ့ရသည်။ ဒါကြောင့် စိတ်ပါလက်ပါ ပူဇော်ကန်[...]တော့နေမိခြင်းဖြစ်သည်။

ပန်းအိုးထဲကို ပန်းတွေထိုးစိုက်ပြီး နေရာမှာ ပြန်လာ

ထိုင်ရင်း ချစ်လွန်းတင် ရွှေတိဂုံဘုရားကြီးကို မော့ကြည့်၍ ကြည် ညိုစွာ ဖူးမျှော်ကန်တော့လိုက်လေသည်။

ရင်ထဲမှာလဲ ကြည်လင်အေးချမ်းသွားရသည်။

ဘုရားရှစ်ခိုးချိန်လဲ အများကြီးမရသည့်အတွက် ဦးသုံ ကြိမ်ချကာရှစ်ခိုးခြင်းဖြင့် သူ၏ကန်တော့ခန်းက ပြီးသွားပြီ ဖြ သည်။

ဘုရားရှစ်ခိုးပြီးတော့ ဟိုဒီလှည့်ပတ်ကြည့်ရင်း ရေဖြ ပေါ်မှာအေးအေးလူလူထိုင်ချပြီး ပင်မြင့်စံ ဘုရားဝတ်ပြုအပြီး စောင့်နေလိုက်သည်။

ပတ်ဝန်းကျင်ကို မျက်စိအစာကျွေးလို့ဝသွားမှ ပင်မြင့် ထံလှည့်ကြည့်မိသည်။ အခုထိ ဘုရားရှစ်ခိုးလို့ မပြီးသေးဘာ ရွတ်ပွားနေသည်မသိလှသောနှုတ်ခမ်းလေးက လှုပ်စိလှုပ် ရွတ်ဆိုဆဲ

အခုမှ ပင်မြင့်စံကို ချစ်လွန်းတင် အသေအချာ ကြည့်မိ တော့သည် သူမပူဇော်ထားသော ဘုရားမီးအလင်းရောင်က သူမ ကိုလာဟပ်နေလေရာ ကျုံ့ကျုံ့လေးထိုင်ပြီး ဘုရားရှစ်ခိုး နေပုံလေးက လက်ရာမြောက်ပန်းပုရုပ်လေးအလား ကြည့်မဝ နိုင်အောင် ဖြစ်နေရသည်။

ရိုးရိုးယဉ်ယဉ်ဝတ်စားထားပုံလေးကိုက သူမနှင့်လိုက်





က် လွန်းလှသည်။ မျက်နှာလေးကရော ဘယ်တော့ကြည့်လိုက် ကြည့်လိုက် ကြည်လင်ဝင်းပမနေမြဲ။ စိတ်ထားဖြူစင်ပုံရတာက ည်း မြင်မှာအထင်သား။ ချစ်လွန်းတင်ကြည့်ကာ ဝေဖန်ရင်း င်ထဲမှာ ဘာလိုလိုဖြစ်သွားရ၏။

အဲ့ဒီဘာလိုလိုကြီးကြောင့် ချစ်လွန်းတင်မျက်နှာ ချက် င်း ထင်းကနဲဖြစ်သွားရပြီး သူ့ကိုယ်သူလည်းဆုံးမ လိုက်သည်။ င်းဘာဖြစ်လို့ ဒီလိုဖြစ်သွားရတာလဲ။ ချစ်လွန်းတင် မင်းဒီလို တ် မဒိုင်ရင် ရှေ့ဆက်ဖို့ ဖြစ်ပါ့မလား။ မင်းဒီကောင်မလေးကို ဘ်ညွတ်သွားလို့ မဖြစ်ဖူးနော် မင်းရည်ရွယ်ချက်တွေမပျက်ချင် င်တော့ မင်းစိတ်ကို မင်းထိန်းစမ်း။ ထိုသို့တွေးကာ ကိုယ့်ကို ယ်သတိပေးနေစဉ် ပင်မြင့်စံဘုရားဝတ်ပြုပြီးသွားလေပြီ။

ဘုရားရှစ်ခိုးအပြီး ဘေးကို လှည့်ကြည့်လိုက်ရာ သူမ ို စိုက်ကြည့်နေသော ချစ်လွန်းတင်နှင့်မျက်လုံးချင်းအဆုံဝယ် င်မြင့်စံရင်တွေ တဒိုင်းဒိုင်းခုန်ပြီး မျက်လွှာလေးချလိုက်မိ၏။

ဖြုန်းကနဲမို့ ချစ်လွန်းတင်မျက်နှာလွှဲချိန်မရလိုက်။ ူးပြီးငေးကြည့်နေမိသည့်အတွက် သူခိုးလူမိသွားရသည်။ ုတ်ခိုးထည်နဲ့မိနေလေတော့ ဖြေရှင်းဖို့ခက်သွားရသည်။

လက်ပူးလက်ကျပ်မိနေမှတော့ အယူခံဝင်မနေချင် ောင်းပန်လိုက်ရသည်။

"ဆောရီကွာ. . . ကိုယ်ရိုင်းသွားတယ်. . . မင်းဘုရားရှိ
ခိုးနေပုံလေးကိုက သိပ်လှနေတော့ ငေးကြည့်နေမိတာ. . .
မင်းသိပ်လှတယ်စံစံ. . . သစ်သစ်ပြောသလိုဘဲ နာမည်တင် လှ
တာမဟုတ်ဖူး လူကလည်လှတယ်ဆိုတဲ့ စကားဒီနေ့ကိုယ်တိုင်
လက်သင့်ခံလိုက်ရပြီ"

ရင်ထဲကစကားတွေဘယ်လိုက ဘယ်လိုပြောထွက် သွား
မှန်မနိုင်လောက်အောင် ချစ်လွန်းတင်အမှန်တွေ ပြောနေမိ
သည်။

အစကတော့ တောင်းပန်ရုံလေးသာ သူမကိုအမှတ်တမဲ့
ကြည့်မိသည့်ပုံစံမျိုးပြောမလို့ဟာ ပြောမယ့်ပြောတော့ ပါးစပ်က
ဘရိတ်အုပ်လို့မရ။ ဘရိတ်မမိသည့်ကားလို အရှိန်သတ်လို့ကို
မရတော့။

သူ့စကားတွေကြောင့် ပင်မြင့်စံပို၍ အနေခက်သွားရှာ
သူ့မျက်နှာကိုမော့ကြည့်ရန် ကိုပင်ဝန်လေးနေမိတော့သည်။ မေ့
ဆက်ပြီးဘာမှမပြောပါစေနှင့်ဟု ဆုတောင်းနေမိ၏။ သူ့ဆီက
အသံတိတ်သွားမှမရဲတရဲ မျက်လွှာပင့်ကြည့်မိသည်။ အို. . .
သူကပြုံးပြီး ကြည့်နေတုန်းမျက်လွှာကို ကဗျာကယာ ပြန်ချလိုက်
ရသည်။ ခြေဖျားတွေလက်ဖျားတွေတောင်အေးစက်သွား
သလိုပင်။ ဒီလူတော်တော်ဆိုးတာပါလား။ ခေါ်လာပြီးဘာမှ





ပြောမှန်းမသိဘူးဟုရင်ထဲကပြောနေမိ၏။ နောက်ပြီးသူက တ
ခင်းတနိုးစံစံတဲ့။

"ကဲ. . . ထ. . . သွားကြစို့. . . လှလို့လှတယ်ပြော
ဘာရှက်စရာလားကွ. . . သူများတွေဆို ကိုယ့်ကိုလှတယ် ပြော
ရင်ကျေနပ် လွန်းလို့ မုန့်ဝယ်ကျွေးမယ်ဘာညာနဲ့ ပြကြတာဘဲ
ကြားဘူးတယ်. . . မင်းကြမှ ရှက်ပြီးခေါင်းမဖော်တော့တာ
. . . ဒီတခါဘဲတွေ့ဘူးသေးတယ်"

သူကဒီလိုရယ်စရာပြောလိုက်တော့ ပင်မြင့်စံ ရယ်ရမ
လို ငိုရမလိုဖြစ်သွားရသည်။ ရှက်တတ်တဲ့မိန်းခလေးကဘဲ
အပြစ်ရှိနေသလို၊ သူ့ကိုပင်မြင့်စံမျက်စောင်းလေးလှမ်းထိုး လိုက်
ပြီး ထိုင်ရာမှထလိုက်မိသည်။

ပင်မြင့်စံထိုင်ရာမှ ထလိုက်တယ်ဆို သူကပါကျုံးထလိုက်
ပြီး။

"အဲ့သလို မျက်စောင်းလေးထိုးလိုက်တာလဲ လှတာဘဲ
ကွ. . . လှတဲ့သူများ ဘယ်လိုနေနေ လှနေတာပါဘဲလားကွာ"

"ရှင်နော်. . . လူကိုခေါ်လာပြီး. . . အဲ့သလိုမထိတထိ
ပြော နေရင်. . . စံစံ. . . ဆက်မလိုက်တော့ဘူး. . . ကိုယ့်ဖာ
သာဘဲပြန်တော့မယ်"

ရှက်နေမှန်သိရက်နှင့်မဆင်မချင်ဆက်ပြောနေသောသူ့ကို

ပင်မြင့်စံစိတ်တိုစွာ အော်လိုက်မိသည်။

ဒါကိုဘဲ သူကတဟားဟားရယ်၍. . .

"ဘွားတေး. . . ဘွားတေး. . . မပြောတော့ဘူး. . . မင်းခု နကပြောသလို. . . မင်းတိုခေါ် လာပြီးပြောချင်ရာတွေ တမင်ပြောနေတာမဟုတ်ရပါဘူးကွာ. . . ပထမတော့ အမှတ်တမဲ့ကြည့်မိတာပါ. . . မင်းဖြစ်သွားတဲ့ပုံစံကြောင့် စချင်နောက်ချင်လာတာ. . . ကိုယ်စမိ နောက်မိတဲ့အတွက် ပြန်ဆင်းရင် ဘုရားခြေရင်းကဆိုင်မှာ ထောပတ်သီးဖျော်ရည်တိုက်မယ် . . . လုတာယ်လို့ အပြောခံတဲ့သူက မကျေးတော့ ကိုယ်ကဘဲ ကျွေးပါ့မယ်"

"ကြည့်ပါလား. . . ရှင်နော်"

ပြောလေကဲလေဖြစ်နေသော သူ့ကို ပင်မြင့်စံမျက်စောင်းလေးထပ်ထိုးတာရှေ့မှ ထွက်ခဲ့လိုက်သည်။

သူကဘာမှထပ်မပြောတော့ဘဲ ပြုံးတုန့်တုန့်ဖြင့် လက်နောက်ပြစ်ခါ နောက်မှကပ်ပြီး လျှောက်လာလေသည်။

သူ့ဆီက ဘာသံမှ ထွက်မလာတော့တာ ရောတွဲပြီး လျှောက်ရတာမဟုတ်တဲ့အတွက် စိတ်သက်သာရာရသွားတာကြောင့် ပင်မြင့်စံခြေလှမ်းမှန်မှန်နှင့် လျှောက်လာခဲ့၏။

ရှင်စောပုတန်ဆောင်းနားအရောက် ပင်မြင့်စံစိတ်ကူးရ





သွားတော့သည်။ အဲဒီမှာ မိဘများအတွက် လှူဒါန်းထားသော ခေါင်းလောင်းလေးတွေရှိသည်။ အဲဒါလေးတွေကို လှုပ်ခတ်ပြီး ဒွေတိဂုံဘုရားကိုရောက်တိုင်း မိဘများအတွက်ဆုတောင်းပေးနေကျ။ အခုလည်းစိတ်ကူးရ၍ တန်ဆောင်းထဲဝင်ရန် ခြေလှမ်းကို ရပ်၍ သူ့ကိုလှည့်ပြောမည်ကျန်ကာ လှည့်လိုက်ရာ။

"ဟာ"

"အို. . . အမေ့"

အနားကပ်ပြီး လျှောက်လာတဲ့ချစ်လွန်းတင်နှင့် ပင်မြင့်စံ တို့ မရှည်ရွှယ်ပါဘဲ ရင်ခွင့်ခြင်းအပ်သွားရ၏။

ပြုန်းကနဲမို့ အနောက်ကနေလျှောက်လာသော ချစ်လွန်းတင်မှ အရှိန်နှင့် ဝင်ဆောင့်မိသလိုဖြစ်သွားတာကြောင့် ပွေ့ပါလဲမလိုဖြစ်သွားရ၏။ ဒါ့ကြောင့် ရောင်တိရောင်ချာဖြင့် တိုက်မိသူအား လှမ်းဖက်လိုက်မိသည်။

ပင်မြင့်စံကပါ ကြောက်အားလန့်အားနှင့်ပြန်ဖက်ထားလိုက်မိသည့်အဖြစ်။

အခြေအနေက ဘယ်လိုမှ မထင်မှတ်ထားသည့်အနေအထား နှစ်ယောက်လုံးထူပူပြီး ရင်ခုန်သံတွေပေါက်ကွဲသံစဉ်ကြောင်းကုန်တော့သည်။

ထူပူရှိန်းဖိန်းနေသည့်ကြားထဲ ပင်မြင့်စံရင်ခွင်ထဲက

အတင်းရှန်းထွက်၍။

"လွှတ်တော့လေ. . . ချော်မလဲမှန်းသိလဲ လွှတ်လိုက်ပါ

တော့. . . သူများတကာတွေဝိုင်းကြည့်ကုန်ပြီ"

ရှက်ရှက်နှင့် ပင်မြင့်စံရန်ထောင်လိုက်သည်။ သူ့မျက်

နှာကိုမော့မကြည့်ဘဲ ခေါင်းငုံ့ထားမိ၏။

ချစ်လွှန်းတင်အသာလေးလွှတ်ပေးလိုက်ပြီး။

"မင်းကလဲ. . . ရန်ထောင်ဘို့ဘဲတတ်သလားစံစံ. . .

မင်းရောငါပါ အမှတ်တမဲ့ဖြစ်ကြတာခြင်းအတူတူ. . . ဘယ်

သူ့ဘယ်သူမှ အပြစ်မရှိကြတာသိရဲ့သားနဲ့များ မင်းဗို့ ရန်တွေ့

ရက် တယ်. . . ကိုယ့်ရင်ထဲဘယ်လိုဖြစ်ပြီး ကျန်ခဲ့တယ်ဆိုတာ

မင်းလာ နားထောင်ကြည့်စမ်း. . . လိမ်ညာတာတွေတစ်ခုမှမ

ဟုတ်မှန်း မင်းသိသွားလိမ့်မယ်"

ချစ်လွှန်းတင်အသံကိုထိန်း၍ ပြောရင်းသူ၏လက်ကို

ဆက်ကနဲဆွဲလိုက်လေသည်

"ပင်မြင့်စံနာမထောင်ဘူး. . . လွှတ်. . . ရှင့်ဖာသာရှင်

ဘာဖြစ်ဖြစ်. . . စံစံနဲ့ဘာဆိုင်လို့လဲ"

"အဟွန်း. . . မင်းကတော့ စွာတဲ့နေရာမှာ ပထမတန်း

ဘဲ . . . ကြွရှေ့ကကိုယ်နောက်ကလိုက်ခဲ့မယ်. . . ရှေ့ကြရပ်

မယ်ဆိုလဲသတိထားပြီးရပ်. . . နောက်ထပ်ဆို ငါ့စိတ်ကထိန်း



ို့ရချင်မှရမှာ"

ဒီလိုနဲ့ဘဲပင်မြင့်စံ ရှင်စောပုတန်ဆောင်းထဲမရောက်ခဲ

တော့ပေ။ စိတ်တိုသွားတဲ့ကြားသူထပ်ပြောလိုက်တာကို ရယ်ချင်

သွားမိ၏။ ဟုတ်လဲဟုတ်တာဘဲ အခုကိစ္စက သူမမှားတာဘဲ၊

ကိုသူမကပြန်ရန်တွေ့နေတော့ ဟိုကဘယ်ခံချင်ပါ့မလဲ၊

ခံချင်လည်း လဲသာသေလိုက်တော့ရှင်လို့ပြောချင်မိပြန်၏။

ယ်သူ ဘဲမှားမှား သူနစ်နာသွားတာမှ မဟုတ်တာ . . .

ကအချောင်အဖက်ခံလိုက်ရသည်။

ခုန်လိုက်တဲ့ရင်ကလည်း ပရမ်းပတာ

"ဟော့. . . ဘာတွေတွေးပြီးဆက်လျှောက်နေတာလဲ. . .

အတွေးကောင်းသွား၍ နောက်ထပ်လက်ဆွဲတာခံလိုက် ပြန်

သည်။ အတင်းပြန်ရုန်းပြီး

"အား. . . လွှတ်နော်ကိုလေး. . . ဟယ်"

လန့်ပြီးပြောလိုက်ခါမှ သူ့ကို နာမည်တောင်ခေါ်လိုက်

မိသည်။ ခေါ်ပြီးမှ ပင်မြင့်စံ ရှက်သွားရပြန်ကာ ရှေ့မှနေခပ်သုတ်

သုတ်လျှောခါးမှ ဆင်းခဲ့တော့သည်။

ပင်မြင့်စံ၏ အဖြစ်ကို ကြည့်ပြီးချစ်လွှန်းတင် အားရပါး

ရပြုံးနေမိ၏။ နာမည်ခေါ်ရမှာကိုရှက်နေတဲ့ကောင်မလေး လွှတ်

ကနဲ နာမည်ကိုခေါ်လိုက်တာပါလိမ့်လို့ တွေးကာနောက်မှ အ

ပြေးလိုက်ဆင်းခဲ့ရသည်။

ဘုရားခြေရင်းရောက်တော့ ကားကိုမှီပြီးရပ်နေ
ကောင်မလေးကို ချစ်လွန်းတင် ထပ်မစရဲတော့၊ ဒီတခါစိတ်
သွားပါက ချော့ဘို့မလွယ်။

"ဟော့. . . ကိုယ့်ဂတိအတိုင်း ထောပတ်သီးဖျော်ရည်
တိုက်မယ်လေ. . . လာဆိုင်ထဲသွားရအောင်. . . လာပါကွ. . .
ကိုယ် စိုက်ဆာနေလို့ပါ"

ပင်မြင့်စံ သူ့ကို မယုံသလို လှည့်ကြည့်မိ၏။ သူ
တော့ လှည့်ပင်မကြည့် ဆိုင်ထဲသို့ဝင်သွားလေပြီ၊ မတတ်သာ
သူ့မပါ လိုက်သွားရလေသည်။

ဆိုင်ထဲရောက်တော့ သူကထောပတ်သီးဖျော်ရည် နှစ်
ခွက်မှာထားပြီးဖြစ်၏။ နှစ်ယောက်သားတစ်ယောက်ကို တစ်
ယောက် မော့မကြည့်ကြဘဲ ဖျော်ရည်ကိုသာ ကုန်အောင်
သောက်နေမိကြသည်။ သောက်ပြီးသည်နှင့်ဆိုင်ထဲက ထွက်ခဲ့
ကြသည်။

ဆိုင်ထဲကထွက်လာတော့လဲ ရှေ့ဆင့်နောက်ဆင့်ပင်
ဘာစကားမှမဆိုဖြစ်ကြ။ ကားမောင်းထွက်လာပြီး ပင်မြင့်စံ တို့နေ
ထိုင်ရာတိုက်ခန်းလေးရှေ့ကားရပ်သည့်တိုင် ဘာစကားမှ မပြော
မိကြချေ။ ကားဟွန်းတီးလိုက်၍ ခင်မေသစ် တံခါးလာဖွင့်ပေး



သည်။

"သစ်သစ် ကိုလေးအောက်မဆင်းတော့ဘူးကွာ. . .
ကတ်တစ်ရက်နှစ်ရက်နေရင် တွဲတေးပြန်မယ် စာလေး ဘာ
လေးလိုက်ချင်ရင် ရေးထားကိုလေးလာယူမယ်"

"ကဲ. . . စံစံ. . . ကိုလေးပြန်မယ်နော် ဂွတ်နိုက်ကွာ
. . . သစ်သစ်ရေ. . . ညည်းသူငယ်ချင်းကို အစ်ခဲ့ပြီနော်. . .
လေး တာဝန်ကျေတယ်"

"ဒွီး. . . ဟုတ်. . . ကျေးဇူးဘဲကိုလေးရေ အသွား
ကိုနားထောင်ပြီး ခင်မေသစ်ပါးစပ်ကိုလက်နှင့်အုပ်ခါ
လိုက်မိတော့ ဒွီးကနဲမည်သွားရ၏။

ပင်မြင့်စံကတော့ မောင်နှမနှစ်ယောက်လုံးကိုရောကာ
ကြတ်ပြူပြီး မျက်စောင်းထိုးလိုက်မိပါ၏။

"မဟာ မျက်စောင်းကြီးဘဲ လိုမ့်ထိုမနေနဲ့. . . ရှင်းစမ်းပါ
. . . အခေါ်အဝေါ်တွေ တိုးတက်လာတဲ့အကြောင်း . . .
ကတ် ထပ်တောင်လာလည်ဘို့ အလားအလာတွေ တိုးတက်

ညည့်ခန်းကခုံမှာဘဲ ထိုင်ခိုင်းလိုက်ပြီး ခင်မေသစ်
ဆေး မေးမြန်းလိုက်၏။

"ဟာ. . . ဘာမှ မတိုးတက်မပြောင်းလှဲဘူး. . . သူ့

ဖာသာ . . . တမင်ပြောသွားတာ"

"ဟုတ်လို့လားဟဲ့ . . . ငါ့အစ်ကိုဒီလောက် . . . ပါးဝ
သရမ်းပါဘူးနော် . . . မိစံနော်ငါ့ကို ထိန်ဝှက်ထားဘို့တေ
စိတ်မကူးနဲ့ . . . ကိုလေးနဲ့တွေ့ရင် မေးကြည့်မှာ"

မရမက ခင်မေသစ်စနေသော်လည်း ပင်မြင့်စံ မရေ
ဒါဖြေလို့ဖြစ်တဲ့စကားမှ မဟုတ်တာ သွားမေးပေါ့၊ သူ့အစ်
လားအမှန်အတိုင်းပြောမှာ။

"မေးကြည့်ပေါ့ . . . သစ်သစ်နော်ရှင့်အစ်ကိုနဲ့သိမ်
လှော်မနေနဲ့ ကျုပ်စိတ်ကူးမရှိဘူး"

"အံမယ် . . . ဒါတော့ မရဘူးဟေ့ . . . နင့်ကတိန
တည်နော် . . . နင့်အစ်ကိုစိတ်ဝင်စားရင် . . . စဉ်းစားပေးမ
ဆို"

"နေပါဦး . . . ကြက်တူရွေးကတော်တော်မယ်အေ
ကြီးက ဘာလို့ကဲနေရတာလဲ"

"အား . . . လာသေးတယ် . . . ဘာမယ်ဘောကဲလို့
ငါ့အစ်ကိုအစကဒီလိုမှ မဟုတ်တာ . . . ငါကြိုမြင်နေတယ်သိ
လား"

"မသိဘူး . . . သွားအိပ်တော့မယ် . . . တစ်ခါလာ
သူ့အစ်ကို အကြောင်း . . . တစ်ခါလာလဲ သူ့အစ်ကိုအကြောင်း





ပြောနေ မပြီးနိုင်ဘူး . . . နောက်တစ်ခေါက် ပြန်လာရင် . . .
ဒီအခန်းကို အလည်ကအခန်းက ပစ်ဖယ် . . . ဒါမှ အဲ့ဒီအ
ကြောင်းတွေမကြားရမှာ"

"ဟောတော့ . . . အဲ့ဒီလိုတော့ မလုပ်ပါနဲ့ဟယ် . . .
ပြောနဲ့ဆိုမပြောတော့ပါဘူး . . . ကဲ . . . ကဲအိပ် . . . အိပ်
. . . စကားမပြောနဲ့တော့ . . . ဘုရားပေါ်မှာ ကြုံခဲ့ရတဲ့ . . .
က်လုံးချင်းဆုံတဲ့ကိစ္စတို့ . . . ဟိုကိစ္စတို့တွေးရင်း အိပ်ပေတော့
ယောင်းမရေ"

ကျီစယ်လို့မဆုံးဖြစ်နေသော သစ်သစ်ကို အကျီလဲနေ
မှ ပင်မြင့်စံရန်တွေ့ရန် လှည့်ကြည့်လိုက်ရာမျက်နှာကိုဆောင်
ါင်းမှီးခြုံကာ အသံတိတ်သွားပြီဖြစ်၏။

ပင်မြင့်စံခင်မေသစ်ကို မျက်စောင်းမထိုးသာ ထိုးလိုက်
ကုတင်ပေါ် အသာတက်လှဲလိုက်၏။ စားပွဲပေါ်က မီးကိုပါ
မ်း ပိတ်လိုက်သည်။

အိပ်စက်ရန်မျက်လုံးကိုမှိတ်လိုက်သော်လည်း မျက်လုံး
ဲမှ ပုံရိပ်များက အိပ်စက်ခွင့်မပြု၊ သူတို့ရောက်လာခြင်းကို
က်ခံအသိအမှတ်ပြုစေချင်လေ၏၊ ပင်မြင့်စံလက်မခံလို့လဲမရ
လိုက်ကန်းဆိုမသိသော အတွေးစည့်သည်များက အိမ်ရှင်၏
ုံပြုချက်ကို စောင့်မနေ၊ တစ်ခုပြီးတစ်ခု အစီအရီတန်းစီ၍

ခေါ် လာကြသည်။ အဖြစ်အပျက်များကရယ်တော့ရင်လှုပ်စရာမ လို။

မလုံ့မလဲနှင့် သစ်သစ်ကို ခေါင်းထောင်ကြည့်လိုက်တော့ တုတ်တုတ်ပင်မလှုပ်. . . ပင်မြင့်စံသက်ပြင်းချလိုက်မိသည်။

အတွေးနှင့်အတူ ရင်စုန်သံတို့က အသစ်ကပြန်စ၏။ ရင်ခုန်သံတို့ကို ကြည်နူးမှု ဖြစ်မိတာဟုတ်သော်လဲ ဟိုတစ်ခါ သူမကို သူတိုက်မိတုန်းကရင်ခုန်သံမျိုးမဟုတ်တာတော့ သေချာနေပါသည်။ အခုသူ့ကို ကြောက်မနေတော့တာလဲ ထူးဆန်းလှ၏။

အိပ်မပျော်လေတော့ သူ့ဆီစိတ်ကရောက်သွားရသည်။ သူရော သူမလိုဘဲ ရှိနေလေမလား။ ထိုအတွေးကြောင့် မျက်နှာကိုခေါင်းအုံးနှင့် အပ်ထားလိုက်မိသည်။ ဘယ်သူမှ မတွေ့မှန်း သိသော်လည်း သူမအလိုလိုရှက်မိနေပါသည်. . .။

********************



# အခန်း[၄]

ညကအိပ်ရာဝင်နောက်ကျ၍ မနက်ပါအိပ်ရာက နောက်ကျနေသော ချစ်လွန်းတင်တစ်ယောက်နိုးနေသော်လည်း မထသေးဘဲဆက်နှပ်နေမိသည်။

ညက အကြောင်းများကို တွေးနေဖြစ်၏။ တစ်ညလုံး တွေးပြီးတာတောင် အခုထိ တွေးနေမိဆဲ၊ ဒါပေမယ့်ညက ပုံမှန် မဟုတ်သော ရင်ခုန်သံတို့က အခုတော့ အိမ်ခြေရနေ၏။

ထိုရင်ခုန်သံ၏ အရင်းအမြစ်ကိုချစ်လွန်းတင် စမ်းစစ်မိသည်၊ စစ်မှန်သော ရင်ခုန်သံဆိုတာကို ညာရန်မကြိုးစားမိ သူများကိုညာတာထက်၊ ကိုယ့်ကိုကိုယ်ညာတာအဆိုးဆုံးဆိုတာ မသိဘဲနေမလား။ သို့သော်လည်း ဒီရင်ခုန်သံအပေါ် မိမိစီးမျော

လို့မဖြစ်မှန်း အလိုလိုနားလည်နေသည်။ နားမလည်လို့လဲ မဖြစ် အသိစိတ်က နေရာမှ သတိပေးအချက်ပြခေါင်းလေးက ယိုင်နဲ့သွားတတ်သော စိတ်လေးကို အမြဲတမ်းသတိပေးနေခဲ့လေသည်။

ကိုယ့်လုပ်ရပ်မှားနေပြီလားလို့ဆင်ခြင်မိပြီး ရပ်တန့်ကာ ရပ်ဆိုင်းချင်သော်လည်း နာကျင်ခဲ့ဘူးသောရင်က ခွင့်မပြုပြန်၊ အဲ့ဒီတော့ အလုပ်တစခုကို မလုပ်ခင်ကသာ အထပ်ထပ် စဉ်းစားချင် စဉ်းစားမည်၊ လုပ်ပြီပေါ့ဆိုလျှင် ဘယ်တော့မှနောင်တမရတတ်သော မိမိ၏စိတ်အတိုင်း ဇာတ်လမ်းကိုဆက်ရန်သာအကွက်ချ နေမိပါ၏။

မိမိကို တစက်ကလေးမှ မမှတ်မိသော ပင်မြင့်စံဆိုသည့် ကောင်မလေးကိုတော့ သနားမိပါရဲ့ တချိန်က မိမိဘဝလေး ပျက်စီးသွားအောင် လုပ်ခဲ့ဘူးသည့် ပင်မြင့်စံဆိုတဲ့ကောင်မလေးကိုဖြင့် အလွှတ်မပေးနိုင်ပါ၊ ပြန်မတွေ့ကြရရင်တော့ အကောင်းသားပေါ့၊ ပြန်တွေ့ရပြီးအကြောင်းအကျိုးကပါ ဆက်စပ်နေသေး၏၊ ပြီးတော့ အခြေအနေက ကိုယ့်ဘက်က အသာစီး မှာ၊ ခံတုန်းကခံထားရတဲ့ပေဘဝက တူဖြစ်တဲ့အချိန်မှာ ပြန်ထု ရမှနေသာပေမည်၊ ယောကျ်ားဖြစ်ပြီး အမှတ်အတေးထားလှချည်လားလို့ ပြောလဲမတတ်နိုင်။





အသားကျနေပြီဖြစ်တဲ့ ဘဝကို ဘာဖြစ်လို့ သူမနှင့် တွေ့ဆုံဘို့ဖန်တီးပေးသေးလဲ၊ လက်ရှိဘဝနဲ့ကိုယ်မျှော်မှန်းထားခဲ့ဘူးသော ဘဝကို ပြန်နှိုင်းယှဉ်မိတိုင်း စိတ်မှာနာကျင်ခဲ့ရမြဲ၊ ဘန်ကောက်ကို ရောက်စက ကြုံတွေ့ခဲ့ရသောဒုက္ခပေါင်းစုံတို့ကလည်း တွေးမိတိုင်း အခုပင်ခံစားလိုက်ရသည့်နှယ်၊ ဒီတော့ ဒီရင်မှာ ဘယ်လိုလုပ်ပြီး အကောင်းတိုင်း ရှိနေပါတော့မလဲ။

အတွေးစ မပြတ်နိုင်ပဲ ရှိစဉ်စားပွဲပေါ်က ဟန်းဖုန်းမည်သံကြောင့် အတွေးကို ရပ်လိုက်ရ၏။

တော့လက်ပေါ်က ဖုန်းနံပါတ်ကြောင့် သူငယ်ချင်း မြင့်စိုးဆီကမှန်းသိလိုက်ရသည်။

"ပြောသူငယ်ချင်း"

"အမယ်. . . အသံကအိပ်ရာထဲမှာဘဲ ရှိသေးတဲ့ပုံပါလားကိုလွန်းရဲ. . . အခုထိရောက်မလာသေးလို့ ဖုန်းဆက်ကြည့်တာလေ"

"ဘာလဲ. . . ဟိုကိစ္စတွေးနေတယ်မဟုတ်လား"

"အေးဆိုပါတော့"

"မင်းကတားမရလို့သာကြည့်နေလိုက်ရတာ. . . ငါတော့ ကောင်မလေးကိုသနားတယ်ကွာ"

ဇာတ်လမ်းအစအဆုံးကိုသိနေသော သူငယ်ချင်းမြင့်စိုး

ကခပ်ညီးညီးလေးပြောလာလေသည်။

ဘန်ကောက်ကပြန်လာမှမိတ်ဆွေဖြစ်ရသော်လည်း ငယ်ပေါင်းတွေနှင့်မခြား မိမိအပေါ်တွင် အစစသည်းခံသောထိုသူငယ်ချင်းအား ချစ်လွန်းတင်ရင်ဖွင့်မိခြင်းဖြစ်သည်။

သူက နားချသော်လည်း မိမိကနားမဝင်ခဲ့၊ ဖြောင်းဖျပြောဆိုသော်လည်း ဘယ်လိုမှ တားမရသည်အတွက် လက်လျှော့သွားခြင်းဖြစ်သည်။ အခုတော့ သူကမွဲကြည့်ပရိသတ်ပဲလုပ်တော့မည်ဟု ပြောသေးသည်။

"ဟေ့. . . ကိုလွန်း. . . ဘာလဲဗျာညကအကြောင်းထပ် စဉ်းစားနေလို့လား. . . ဘယ်လိုလဲ. . . ဖုန်းချလိုက်ရတော့မှာလား. . . ဘာဆက်ပြောဦးမလဲ"

"မစဉ်းစားပါဘူး သူငယ်ချင်းရယ်. . . မင်းခုနကပြောတဲ့ စကားကိုရယ်ချင်လို့ပါ. . . ဘာတဲ့. . . ကောင်မ လေးကိုသနားတယ် ဟုတ်လား. . . ငါဆိုတဲ့. . . ချစ်လွန်းတင် နေရာမှာမင်းဆိုရင်. . . ကောင်မလေးခုထိ လောကကြီးမှာ နေခွင့်ရပ့ါမလားလို့ရောတွေးမိရဲ့လား. . . ငါဘယ်လောက်ဘဝ ပျက်ခဲ့ရသလဲဆိုတာ မင်းကိုငါပြောခဲ့သားဘဲ. . . အေးလေ . . . မင်းကကိုယ်တွေ့မဟုတ်တော့ ယုံချင်မှလဲ ယုံမှာပေ့ါ. . . ငါကတော့ အခုတွေးအခုခံစားရတုန်း. . . ပိုဆိုးတာက . . . ငါ့ရဲ့



ကျောင်းတုန်းကပြိုင်ဘက်ဖြစ်ခဲ့ဘူးတဲ့ဟိုရဲဆွေဆိုတဲ့ ငနဲကိုတွေ့နေရလေပိုအခံရခက်လေဘဲကွာ"

"သိပ်ဟုတ်တာပေ့ါ"

"အေးပါကွာ. . . မင်းခံစားရတာကို မစာနာလို့ ပြောတာမဟုတ်ပါဘူး. . . မင်းအမှားတွေကျူးလွန်မိမှာဆိုးလို့ စေတနာနဲ့ တားတဲ့သဘောပါ. . . မင်းနဲ့ငါက အခုမှတွေ့ပြီး ခင်မင်ကြရတာဆိုပေမဲ့. . . မင်းကိုငါဘယ်ထိ သံယောဇဉ်ရှိတယ်ဆိုတာ မင်းအသိဆုံးပါ. . . မင်းမကြိုက်ရင် ငါမပြောတော့ပါဘူး. . . မင်းဒီကိုတော့ ဒီနေ့လာဖြစ်တယ်မှတ်လား"

"လာမှာပါ. . . အခုဘဲရောက်လာမှာစိတ်ချ"

"ဒါဆို. . . ငါဖုန်းချလိုက်ပြီ"

"အေး"

ဖုန်းကို ပိတ်လိုက်ပြီး စားပွဲပေါ်လှမ်းတင်ရင်းကုတင်ပေါ်မှဆင်းလိုက်သည်၊ သူငယ်ချင်းမြင့်စိုးကပြောသည်၊ မင်းအမှားတွေကျူးလွန်မိမှာဆိုးသတဲ့၊ သူပြောလိုသောအမှားဆိုတာကို ပြောမှန်းချစ်လွန်းတင် သဘောမပေါက်သော်လည်း မိမိကျူးလွန်မိနိုင်သော အမှားသည် တန်ပြန်ခံစားစေလိုသော ဖြစ်တ်သာ ဖြစ်မည်သာ။

*********************

# အခန်း [၅]

"ဟဲ့. . . မြန်တော့မလို့လား"

"အေးလေ"

ပစ္စည်းတွေသိမ်းဆည်းနေသော ပင်မြင့်စံကို ရှုံ့သွားရှိ မြင်နေသော ခင်မေသစ်လှမ်းလာလိုက်သည်။ မြန်တော့မည်ဆို၍

"နေပါဦးတော့လားဟယ်. . . ကိုလေးလည်းဒီရက်ထဲ မြန်မှာဘဲဟာ သူ့ကားနဲ့လိုက်သွားပေါ့"

"အလိုတော်. . . ရန်ကုန်နဲ့တွံတေးကားတွေကိုပုံလို့ မှန်လုံစီးမလား၊ ကက တွေ့စီးမလား၊ ပိုက်ဆံပေးစီးရင်ကြိုက်တဲ့နေရာထိုင်လို့ရတာယ်. . . တန်ရာတန်ကြေးတော့ပေးရမှာပေါ့"





"ငါက စေတနာနဲ့ပါစံစံရေ. . . နင်ပိုက်ဆံပေါမှန်းသိပါတယ်. . . တွံတေးမြန်မှာချင်းအတူတူ. . . ကိုလေးနဲ့လိုက်သွားသဲရတယ်လို့ပြောတာပါ"

ကက်ကက်လန်နေသော ပင်မြင့်စံကို ခင်မေသစ် လေသံ လျှော့၍ ပြောလိုက်ရသည်။ ဒီမိန်းမဘာဖြစ်လို့ ဒီလောက်ဒွာလန်တေးနေမှန်းမသိ

"ပိုက်ဆံပေါနေလို့ မဟုတ်ဖူး သစ်သစ်. . . နင့်အစ်ကိုကား ကိုလိုက်မစီးချင်လို့ တမင်ဒီနေ့ပြန်တာ. . . နောက်နေ့မဆိုကြုံနေဦးမှာ"

"ပြောမရလဲ. . . ကြွတော်မူပါဘုရား. . . တားမနေတော့ပါဘူးတဲ့ရှင်. . . ကိုယ့်ဖာသာရုံးကိုသွားပါတော့မယ်. . . တံခါးတွေသာသေချာအောင်ပိတ်ခဲ့ပါတော့"

ရွဲ့တဲ့တဲ့လေးပြောကာ ခင်မေသစ်လက်ဆွဲခြင်းကိုဆွဲ၍ အခန်းထဲက ထွက်ခဲ့လိုက်သည်။

ဧည့်ခန်းအရောက်

ပွမ်း. . . ပွမ်း. . . ပွမ်း

"ဟယ်တော့"

ခင်မေသစ် မျက်စေ့လည်သွားရသည်။ အစ်ကိုဖြစ်သူ၏ကားကအိမ်ရှေ့ကိုရောက်နေလေပြီ အခန်းထဲက မရှေ့စာ

တော့ ဘယ်လိုနေမည်မသိ သူမမှာရယ်ချင်စိတ်ကို မနည်းမျို သိပ်ရလေသည်။

ခင်မေသစ် လက်ဆွဲခြင်းကို ခဏချထားခဲ့ပြီး တံခါးပြေး ဖွင့်ပေးမိ၏။

"ကိုလေး. . . တွံတေးပြန်မလို့လား"

"အေး. . . နောက်နေ့မှပြန်မလို့ဟာ အမေနေမ ကောင်းလို့ဆိုပြီး ဖုန်းလာတာနဲ့ ကမန်းကတန်းထပြန်ရ တာ . . . ပေးလေ. . . စာရေးထားတယ်မှတ်လား . . . ယူသွား ပေးမယ်"

"အင်း. . . ဟို. . . စာလဲရေးထားပါတယ်. . . စံစံ လည်း ပြန်မလို့လုပ်နေတာ. . . တစ်ခါတည်း ခေါ်သွားပါလား ကိုလေး"

"ဟင်. . . ဟုတ်လား. . . ခေါ်လိုက်ပါ. . . တစ်ခါတည်း ခေါ်သွားမှာပေါ့. . . အပန်းကြီးတာမှမဟုတ်တာ"

အတိုင်အဖောက်တွေညီနေကြသော မောင်နှမနှစ် ယောက်အသံက ပင်မြင့်စံကို စိတ်အနှောင့်အယှက်ဖြစ်စေ တော့သည်။

လက်ထဲကပစ္စည်းတွေကိုဘဲ ပစ်ချရတော့လေမလား . . . မပြန်တော့ဘူးဟု ပြောရမလား ကိုယ်ဝေခွဲရခက်နေရ၏။



အခန်းထဲကိုစာလာဝင်ယူသော သစ်သစ်က ပင်မြင့်စံ ခက်တွေ့နေပုံကိုရယ်ဟာဟာလေး လုပ်၍ လေသံသဲ့သဲ့ဖြင့်

"ငြင်းဖို့မစဉ်းစားနဲ့တော့ ယောင်းမရေး. . . အင်တာ က်ကနေငါ့အစ်ကိုက နင်ပြန်မှာကိုတွေ့သွားလို့ အချိန်မှီ ရောက်လာတာ. . . ကြုံတုန်းကြိုက်လိုက်. . . အဲမဟုတ်ပါဘူး . . . ကြုံတုန်းလိုက် သွားလိုက်ပါကွယ်. . . ပေး. . . ပေးလက် ထဲကအိတ်"

ခင်မေသစ်က လက်ထဲက အိတ်ကိုအတင်းဆွဲယူသွား သော်လည်း ပင်မြင့်စံအတွက် မလိုက်သွားသေးဘဲ ပေကပ်ကပ် နှင့် ရပ်နေမိသည်။

သူမထွက်မလာခြင်းအဆက်မပြတ်မြည်နေသော ကား ဟွန်းသံကြောင့် ပတ်ဝန်းကျင်ကိုအားနာကာ ပင်မြင့်စံထွက်လာခဲ့ တော့သည်၊ ဒီတော့မှ ဟွန်းသံကရပ်သွား၏။

အရန်သင့်ဖွင့်ပေးထားသော ကားတံခါးကိုကားပေါ် ရောက်သည်နှင့် ဗိုင်းကနဲမည်အောင်စောင့်ပိတ်လိုက်ရင်း ပင်မြင့် မျက်နှာကိုအောက်သိုးသိုးလုပ်ထားမိသည်။

ကားထွက်လာသည်ထိ ရပ်ကြည့်နေသော သစ်သစ်ကို ည်း လုံးဝလှည့်မကြည့်ဖြစ်၊ မျက်နှာကိုသာအတတ်နိုင်ဆုံးဆူ တ်ထားမိ၏။

ကားမောင်းရင်း ခဏခဏ လှည့်ကြည့်နေသော ချစ်
လွှန်းတင်ကို မျက်လုံးဒေါင့်လေးကတွေ့ပေမယ့် တချက်လေး
မှစောင်းငဲ့မကြည့်၊ ရှေ့တည့်တည့်ကိုသာစိုက်ကြည့်နေလိုက်
သည်။

ကြာတော့ ဇက်တောင့်လာရသည်၊ အဲဒီတော့မှ မျက်
နှာကိုဘေးသို့ စောင်းကာ လယ်ကွင်းတွေစက်ရုံတွေကို အာရုံ
လောင်းကာ ကြည့်လိုက်ရသည်။

"ဘာလဲ. . . ကိုယ့်ကိုခုထိ စိတ်ဆိုးတုန်းလား. . .
မင်းကို ကိုယ်တောင်းပန်ပြီးသားလေ. . . ဘယ်လိုတောင်းပန်မှ
ကျေမှာလဲပြောကွာ"

"ဘာလဲ. . . ကိုယ့်ကိုခုထိစိတ်ဆိုးတုန်းလား. . . မင်းကို
ကိုယ်တောင်းပန်ပြီးသားလေ. . . ဘယ်လိုတောင်းပန်မှ ကျေ
မှာလဲပြောကွာ"

လက်ပိုက်လျှက်က ဘေးဘက်ကို အကြည့်ပို့ထားသော
စံစံကိုယ်လုံးလေးတွန့်ကနဲဖြစ်သွားရ၏။

လှိုင်သာယာလမ်းမကြီးပေါ်က စက်မှုဇုံတွေနားအ
ရောက်ကားကိုရပ်လိုက်သောကြောင့်ဖြစ်သည်။

စံစံမျက်နှာလေးကိုတင်းပြီး လှည့်ကြည့်၍

"ဒီမှာ ရှင့်ကို ယုံကြည်ပြီးလိုက်လာတဲ့သူကို အယုံအ



ကြည်မဲ့အောင်မလုပ်ပါနဲ့. . . ကားကိုဆက်မောင်းပါ"

ပြတ်ပြတ်သားသားပြောလိုက်သော ပင်မြင့်စံကို ချစ်
လွှန်းတင်ခပ်စိုက်စိုက်ကြည့်လိုက်ပြီး၊

"ကောင်းပြီဆက်မောင်းမယ်. . . မင်းမျက်နှာကိုဆူ
ပုတ်မထားနဲ့. . . ပုံမှန်ဘဲနေ. . . တော်ကြာဖြတ်သွားတဲ့ကား
ပေါ်ကလူတွေကကြည့်ပြီး. . . ဒီစုံတွဲစိတ်ကောက်လာကြတာ
ပေါ့လို့ ထင်နေဦးမယ်"

"ရှင်နော်. . . စကားပြောတာကြည့်ပြော. . . ရှင်အဲ့သ
လိုစကားပြော မဆင်မခြင်ပြောနေမယ်ဆို. . . ကားပေါ်က
ဆင်းသွားဘို့ ကျွန်မဝန်လေးမှာမဟုတ်ဘူး"

ပြောတဲ့အတိုင်းလုပ်မည့်ပုံမို့ချစ်လွှန်းတင်ကားကို ဆက်
မောင်းခဲ့ရသည်၊ ကားထွက်လာမှဘဲ ပင်မြင့်စံ ဟင်းချနိုင်သည်။

ဒီလူကိုဒီလိုတင်းနိုင်မှ ပျော့ညံ့ညံ့လုပ်လို့က မလွယ်မှန်း
သိနေသည်ပျော့ညံ့လွန်းသော သူမနှလုံးသားကိုလည်း ညာနေ
လို့မရ၊ အချစ်မှာမျက်စေ့မရှိပေမယ့် အသိရှိဘို့ လိုပေမည်၊ သူ
ဘယ်လိုထင်ထင် ကိုယ်ကမိန်းခလေးဆိုတော့ အစစသတိရှိနေမှ
တော်ကာကြမည်ထင်၏။

မျက်နှာလေးပုံမှန်ဖြစ်ပြီး အေးဆေးသွားပုံရတော့ ချစ်
လွှန်းတင်သက်ပြင်းခိုးချမိသည်။ သို့သော်ကွက်ကြည့်ကွက်ကြည့်

လုပ်နေမိ၏၊ သူကြည့်နေတာကို ပင်မြင့်စံမသိဘဲမနေ၊ တမင်ကိုလှည့်မကြည့်သာဖြစ်မည်။ ဒါပေမယ့် သူထပ်မလှူပ်ရှားတော့ အချိန်ကောင်းကိုသာစောင့်တော့မည်ဟုတွေးလိုက်ရင်း ကားကို ဂရုစိုက်မောင်းနေမိတော့သည်။

ကားလေးက ရှောင်လမ်းမှ တဆင့် ဘုရင့်နောင်ရပ်ကွက်ထဲကို ချိုးကွေ့လိုက်ပြီး . . . ၂ လမ်းထဲအရောက်

"ဟော့ . . . အင်းဟုတ်သားဘဲ. . . ရှေ့ကအိမ် . . . ရှေ့ကအိမ် . . . တိုက်ဖြူလေး . . . အိမ်ရှေ့မှာပန်းရုံလေးနဲ့"

တမန်းကတန်းဖြေပြီးကားပေါ်ကဆင်းလိုက်သည်။ ကျေးဇူးတင်ကြောင်းပင်မပြောမိ အိမ်ထဲသို့ တန်းဝင်ခဲ့မိသည်။ အိမ်ပေါက်ဝရောက်မှ စိတ်ထဲကတစ်မျိုးဖြစ်နေတာ နှင့်လှည့်ကြည့်မိတော့ သူကကားပေါ်က ဆင်းလာပြီး ပင်မြင့်စံ၏လက်ဆွဲအိတ်ကို ယူလာပေးလေသည်။

ဒီတော့မှ နမော်နမဲ့နိုင်လွန်းသော သူမကိုယ်သူမအ ပြစ်တင်မိလေ၏၊ အားလဲနာသွားရသည်၊ အိတ်ထဲမှာ ထမီတွေပါသည်မဟုတ်လား

"ကျေးဇူးပါဘဲ"

"မှောင်သေးတာပေါ့ကျေးဇူးတင်ဖော်ရလို့ . . အိမ်ထဲ အလည်မခေါ်တော့ဘူးလား"





ရသည့်အခွင့်အရေးကို လက်လွှတ်မပေးသော ချစ်လွန်းတင်အား ပင်မြင့်စံပေစောင်းစောင်း ကြည့်၍

"ခေါ်ပါတယ် . . . ရှင်ဘဲရှုပ်အမေနေမကောင်းဘူးဆို . . ."

ချစ်လွန်းတင် ဟက်ကနဲတချက်ရယ်လိုက်ပြီး

"မင်းမဆိုးဘူး အချက်ကျကျ ပြောတတ်တယ် . . . ငါ့အမေကသက်သာနေပါပြီ . . . ပြန်မလာရင်ရတယ်လို့ပြောတာ ငါကတမင်ပြန်လာခဲ့တာ . . . အင်တာနက်ကလှမ်းကြည့်လိုက်တော့ မင်းအထုပ်အပိုးတွေပြင်နေတာတွေ့လို့ ကတိုက်က ရိုက်ထွက်လာခဲ့တာ . . . အတူပြန်ချင်လို့"

"ရှင်ပြောပြန်ပြီလား"

"စံစံကလဲကွာ . . . တရှင်ရှင်နဲ့ဘယ်လိုဖြစ်နေတာလဲ . . . ဟိုနေ့ကတော့ ဘုရားပေါ်မှာ ကိုလေးလို့ခေါ်ပြီးတော့"

"ရှင်ကပြောလေကဲလေပါလား . . . အဲ့ဒါဆိုပြန်တော့ အိမ်ထဲကိုခေါ်လို့ ဖြစ်မှာမဟုတ်ဘူး"

"ဟင်း . . . ဘာလို့လဲ"

သူမအပြောကြောင့် ချစ်လွန်းတင် နားမလည်ဟန်နှင့် ပြန်မေးလိုက်သည်။

"ဘာဖြစ်ရမလဲရှင့် . . . အိမ်မှာဒေါ်လေးရှိမှာမဟုတ်ဖူး . . . တရားစခန်းဝင်နေတာ နောက်သုံးလေးရက်နေမှပြန်

ရောက်မှာ အခုကျွန်မတစ်ယောက်တည်းရှိတာ ရှင်မဆင်ခြ
ပုံမျိုးနဲ့ ဘယ်လို အိမ်ပေါ်ခေါ်ရမလဲ"

ပွင့်လင်းစွာပြောလိုက်သော ပင်မြင့်စံကို ချစ်လွန်းတ
တကယ်ကိုအားနာသွားရသည်။

"ဟာ. . . မသိလို့ပါကွာ. . . ဒါဆိုကိုယ်ဝင်မလည်
တော့ပါဘူး. . . မင်းမကြိုက်မှန်းသိရက်နဲ့ပြောမိနေတာ
က. . . မင်းကိုခင်လို့ပါ. . . တမင်ရင်းနှီးအောင်စနေမိတာ
. . . ဒါဆိုသွားတော့မယ်နော်"

တကျိုးထဲလစ်ပြေးသွားသော ချစ်လွန်းတင်ကို ပင်မြင့်
လိုက်ကြည့်၍ပြုံးလိုက်မိသည်။

ထိုအပြုံးက ကျေနပ်ပြုံးဖြစ်၏၊ သူ့ကားလေးဟိုဘ
လမ်းကိုဝင်သွားမှ အိမ်သော့ကိုအိတ်ထဲမှ နှိုက်ကာဖွင့်လိုက်
သည်။

အမှန်တော့ ခေါ်လေးဘယ်မှမသွားပါ၊ သူ့ကိုညာလို
ခြင်းသာဖြစ်၏၊ ခြံစည်းရိုးတံခါးသော့ မခတ်ထားဘဲ အိမ်မကြီ
တံခါးသော့ဆင်ထားပုံထောက် ခေါ်လေးဘုရားပေါ်ကို သွာ
ခြင်းသာဖြစ်မည်၊ ဒီအချိန်ဆို ခေါ်လေးဘုရားပေါ်မှာ တံမျ
စည်းလှဲချင်လှဲနေမည်၊ ဒါမှမဟုတ်၊ အောင်မြေတခုခုမှ စိတ်ပုတီ
စိတ်ချင်စိတ်နေပေလိမ့်မည်။





တူဝရီးနှစ်ယောက်တည်းနေသော အိမ်ကိုတစ်မိမ်းယော
းလေးအားခေါ်မလည်ချင်၍ ထိုသို့ပြေရခြင်းသာဖြစ်သည်။

သို့ပေမယ့် အခုလိုပြောလိုက်တယ်ဆို နားလည်မှုရှိစွာ
က်သွားလိုသော သူ့ကို အမှတ်တွေပေးလိုက်မိပါ၏၊

သို့သော် အမှတ်ပြည့်မဟုတ်သေး၊

တိုတောင်းလှသော အချိန်လေးမှာသိကျွမ်းရသူအား
ကြည်ဘို့ဆိုတာ လွယ်တာမှမဟုတ်တာ၊ အချိန်ဆိုသော
ဘိုင်းအတာ တခုကို စောင့်ကြည့်ရပါဦးမည်။

ဒါကလည်း သူ့ဘက်က အခြေအနေပေါ်မူတည်လေ
ည်။

*********************

## အခန်း [၆]

"သမီးရေစံစံ"

"ရှင်. . . ဒေါ်လေး"

ထူးလဲထူး အခန်းထဲကနေပြေးထွက်လာမိသည်၊

"စာရေးနေတာလား"

"ဟုတ်ကဲ့. . . ရပါတယ်. . . ဒေါ်လေးပြောစရာရှိတာသာပြောပါ. . . စံစံနားထောင်လို့ အချိန်ရပါတယ်"

ဒရင်းဘက်ပေါ်မှာထိုင်ပြီး စိတ်ပုတီးစိတ်နေသော ဒေါ်လေးနားမှာထိုင်ချလိုက်ရင်း ပင်မြင့်စံပြောလိုက်သည်။

မိဘနှစ်ပါးမရှိတော့ကတည်းက ဒါဘဲအဖေ ဒါဘဲအမေ အဖြစ်သူမရှေ့မှ ရပ်တည်ပေးခဲ့သော အဒေါ်ဖြစ်သူကို ပင်မြင့်စံ





တနှင့်မခြား ရှိသေအားကိုးခဲ့ပါသည်။

အဒေါ်၏ဆုံးမစကားမှန်သမျှကိုလဲ တသွေမတိမ်းလိုက်ခဲ့လေသည်။ အသက်လေးထောက်လာပြီး ကျန်းမာရေးချို့တဲ့လာသော ဒေါ်လေးကို စံစံတလှည့်ပြန်လုပ်ကျွေးခွင့်ရခြင်း ကျွေးကျေးဇူးဆပ်နိုင်နေလေပြီ၊ အေးဆေးချမ်းချမ်းနေပြီး တရားနှင့်သာပျော်မွေ့တတ်သော ဒေါ်လေးကလဲစံစံ သားသမီး နှင့်မခြားပြုစုစောင့်ရှောက်ရင်း ယခုထိတိုင် အပျိုလုပ်နေသူ ဖြစ်သည်။

"ဒေါ်လေးဘာပြောမလို့လဲပြောလေ"

အဒေါ်ဖြစ်သူ၏ မျက်နှာကိုအကဲခတ်သလို ကြည့်ရင်းမေးလိုက်သည်။

ဒေါ်မြနှစ်လက်ထဲက စိတ်ပုတီးကို လက်မှာပတ်လိုက် တူမချောအား သေချာစွာ စိုက်ကြည့်လျှက်

"စံစံမှာ. . . အိမ်ထောင်ဘက်ရွေးထားတာများရှိသလားလို့မေးမလို့ပါ"

"ဟင်း. . . ဒေါ်လေးကလည်း"

မထင်မှတ်ပဲအမေးခံလိုက်ရ၍ ပင်မြင့်စံအံ့သြသွားရသည်။ နောက်ပြီး ဒေါ်လေးမေးပုံဆန်းနေတာမို့

"ဒေါ်လေးဘာလို့ မေးတာလဲဟင်. . . အကြောင်းရှိလို့

လား"

"အကြောင်းရှိလို့တော့ မဟုတ်ပါဘူးသမီးရယ်. . . အခုတလောဒေါ်လေးနေရထိုင်ရတာတမျိုးဘဲ. . . မတော်လို့ ဒေါ်လေးများ ဆုံးပါးသွားခဲ့ရင်. . . ငါ့တူမလေးလောကအလယ်မှာတစ်ယောက်တည်း ပြစ်ကျန်ခဲ့မှာ စိုးလို့ပါ"

ဒေါ်လေးထံမှ စကားကြောင့် ပင်မြင့်စံ ရင်ထဲထိတ်ကနဲ ဖြစ်သွားရသည်။

တရားတွေအမြဲထိုင်ပြီး မမြဲသောသေခြင်း အကြောင်း တရားတွေကို မကြာခဏပြောတတ်သော ဒေါ်လေးက ထိုသို့ ပြောလာတော့ စိုးရိမ်စွာဒေါ်လေးမျက်နှာကို ကြည့်လိုက်မိသည်။

"ဒေါ်လေးကလည်း. . . ဘာတွေပြောနေတာလဲ. . . ဒေါ်လေးမသေရသေးပါဘူးစံစံဒေါ်လေးကိုကုပေးမှာပေါ့. . . အခု ဘယ်လိုခံစားနေရလို့လဲဟင်. . . ပွင့်ပွင့်လင်းလင်း ပြောပါ ဒေါ်လေးရယ်"

"အခုဘာမှမဖြစ်ပါဘူး. . . တခါတလေဖြစ်တတ်တာကို ပြောတာပါ. . . သမီးမှာရည်ရွယ်ထားသူရှိရင်ဒေါ်လေးစိတ်ချနိုင်တာပေါ့. . . ဒါကိုပြောတာပါ"

စိုးရိမ်စိတ်ဖြင့် မျက်နှာလေးပျက်နေသော တူမကိုကြည့်ကာ ဒေါ်မြနှစ် သူမအပြောလောသွားကြောင်းကို သတိထားမိ





လိုက်သည်။

ဘယ်လောက်ပဲ တရားသိတိ တကယ်တန်းသေဘေးနဲ့ နီးလာတဲ့အခါ. . . သံယောဇဉ်ဆိုတဲ့ကြိုးကြောင့် နောက်ဆံ တော့ တင်းမိတာပင်၊ အခုလဲတခါတလေ အောင့်တတ်လာ သော ရင်ဘတ်ထဲကဝေဒနာကို မသက်သာ၍ တူမလုပ်တူကို ဖွင့်ဟမေးမိခြင်းဖြစ်သည်။

မိဘနှစ်ပါးမရှိတော့ကတည်းက ကိုယ့်လက်ပေါ်မှာ ကြီး ပြင်းလာခဲ့ရသော ဒီကလေးကိုသားသမီးနဲ့မခြား အချစ်ပိုခဲ့ရ သည်။ အိမ်ထောင်မပြုဘဲ တူမလေးနှင့်အတူ ဘဝကိုဖြတ်သန်း ခဲ့တာ အခုဆို အသက် (၉၀) ပင်ကျော်လာခဲ့ပါပေါ့

အသက်ကြီးလာပြီး ဘာမှ အလုပ်မလုပ်နိုင်ပေမဲ့ လိမ္မာ ရေခြားရှိသော တူမလေးကြောင့် အေးချမ်းစွာတရားထိုင်ရင် ဖြင့်ငြိမ်းငြိမ်းချမ်းချမ်းနေခွင့်ကိုရခဲ့ပါ၏။

လိုလေးသေးမရှိပြည့်စုံစွာထားပေးပြီး မိဘကဲ့သို့ အလုပ်အကျွေးပြုနေသော တူမလေးအား တစ်ယောက်တည်း ထားခဲ့ရမှာ စိတ်မချနိုင်အောင် ဖြစ်နေရသည်။၏

ဖွင့်မေးမိပြီးမှ မှားမှန်းသိရ၍ ကလေးစိတ်မကောင်းမှာ ဆိုးတာကြောင့် ဆက်မမေးဖြစ်တော့ချေ

"ဒေါ်လေး. . . အခုရောဘာဖြစ်သေးလဲ. . . စံစံကိုဘာ

မှ အားမနာခဲ့နော်. . . ဒေါ်လေးကိုကုဘို့ ပိုက်ဆံစံစံမှာအလုံး
လောက်ရှိပါတယ်. . . ဒီမှာကုလို့မရရင် ရန်ကုန်မှာသမားတေ
တွေနဲ့ တက်ကုမှာပေါ့. . . ပြောပါဒေါ်လေးရယ်. . . စံစံ
စိုးရိမ်အောင် ဖွင့်ပြောပြီးမှ. . . ဘာမှမဖြစ်သလိုလုပ်မနေပါ
စံစံသိရပါရစေ"

ဒေါ်မြနှစ်အားလျော့စွာပြုံးလျှက်

"ဒီလောက်လဲ မတုန်လှုပ်နဲ့လေသမီးရယ်. . . ဒေ
လေးပြောဖူးသားဘဲသေခြင်းတရားဆိုတာ ဘုရားတောင်မှ လွှ
ဆန်နိုင်တာမှ မဟုတ်တာ. . . ငါ့သမီးဒီလောက် တုန်လှုပ်
ရင်. . . တကယ့်တကယ်ရင်ဆိုင်တွေ့တဲ့အခါ. . . ဘယ်
အသိနဲ့ရင်ဆိုင်မလဲ. . . ကိုယ့်အနားမှာ ကိုယ့်ကို ဖေးမ
သူဘယ်သူမှရှိတာမဟုတ်ဖူး. . . သမီးကိုယ်သမီးအားကိုးရမှ
. . . အခုတည်းကခံနိုင်ရည်ရှိအောင် ကြိုးစားထားပါ. . . ဒေ
လေးလဲ. . . ကိုယ့်တရားနဲ့ကိုယ်နေတော့မယ်. . . သမီးကို
စိတ်မချ ဖြစ်သွားမိတဲ့ သမုဒယဆိုတဲ့. . . ဒုက္ခပေးမဲ့ သံယော
ဇဉ်ကိုလည်းဒေါ်လေးကြိုးစားဖြတ်မှဖြစ်မယ်. . . မသေခင်
ချစ်သေရင်ပြစ်တဲ့သမီးရဲ့. . . ဒေါ်လေးတို့ မသေခင် တ
ယောက်ကိုတစ်ယောက်စိတ်ဆင်းရဲအောင် တခါမှ မလုပ်ဖူး
ကြဘူး. . . တစ်ယောက်ကိုတစ်ယောက် အပြန်အလှန် အား





ကိုးချစ်ခင်ခဲ့ကြတယ် . . . ဒါတွေဆင်ခြင်လိုက်ရင် သေရင်
ပြစ်ရတာခြင်းအတူတူ. . . ငါ့ သမီးလေး ဖြေသာပါလိမ့်မယ်
. . . ကဲ. . . သွား. . . သွား. . . စာသွားရေးချည်. . . ဒေါ်
လေးကြောင့် ငါ့တူမလေးစိတ်မကောင်းဖြစ်သွားရတာ. . .
ဒေါ်လေးတောင်းပန်ပါတယ်ကွယ်"

ဒေါ်လေးကသွားဆိုပေမယ့် ပင်မြင့်စံမသွားနိုင်သေးပါ၊ ဒေါ်လေးမျက်နှာကိုသာ တစိုက်မက်မက်ကြည့်ရင်း အဖြေရှာနေမိ၏၊ ဝေဒနာခံစားနေရသော အရိပ်အရောင်ဘာမှ မတွေ့၊ ဘည်ငြိမ်အေးဆေးသော ဒေါ်လေး၏ ရုပ်သွင်က ဟန်ဆောင်မှုလုံးဝမရှိ မျက်လုံးမှိတ်လျှက်တရားမှတ်နေပုံရသော ဒေါ်လေးကိုကြည့်ရတာ ရင်ထဲမှာ ငြိမ်းချမ်းတည်နေ၏၊

တရားမှတ်နေသော ဒေါ်လေးကို ပင်မြင့်စံမနှောက်ယှက်လို၍ အနားကနေဖြေးဖြေးလေးထကာ အခန်းထဲပြန်ဝင်လာမိသည်။ ရေးလက်စကို ပြန်ရေးရန်စားပွဲမှာထိုင်လိုက်သော်လည်း ဘာမှဆက်မရေးဖြစ်

ဒေါ်လေးမေးလာသော အိမ်ထောင်ဘက်ဆိုတာက အာရုံထဲရောက်လာရ၏။

ဒီတော့မျက်လုံးထဲမှာ ချစ်လွန်းတင်မျက်နှာကြီးက ပေါ်လာခဲ့သည်။ ပင်မြင့်စံမျက်လုံးကို မှိတ်ပစ်လိုက်သည်။ သူနဲ့

ကိုယ်နဲ့ဘာမှမဆိုင်ဘဲ ဘာလို့ပေါ်လာရတာလဲဆိုပြီး အာရုံထဲက
ထုတ်ပစ်လိုက်၏။

အိုး ဒေါ်လေးလဲမသေရပါဘူး၊ ထိုသို့တွေးကာ
ယောင်ချောက်ခြားဖြင့် ဒေါ်လေးထိုင်နေသော နေရာကို အခန်း
ထဲကပြေး ထွက်လာပြီး ကြည့်လိုက်မိသည်။

မျက်လုံးလေးစုံမှိတ်ပြီး တရားမှတ်နေသောဒေါ်လေးကို
တွေ့မှ ပင်မြင့်စံသက်ပြင်းချနိုင်တော့သည်။

အဲဒီညတစ်ညလုံး ဒေါ်လေးအိပ်ခန်းထဲကိုဝင်ပြီး ခဏ
ခဏ ခြင်ထောင်လှန်ကြည့်မိသော ပင်မြင့်စံ တစ်ယောက်ဘယ်
အချိန်အိပ်ပျော်သွားသည်မသိ၊ အိပ်ရာမှ ဖြတ်ကနဲလန့်နိုးတော့
တိုင်မှနာရီကိုလှမ်းကြည့်လိုက်မိသည်။ (၇)နာရီပင်ခွဲနေပြီဖြစ်၏။

စာစရေးကတည်းက တစ်ခါမှ ညဘက်မရေးဘူးသော
ပင်မြင့်စံတစ်ခါမှ အခုလိုအိပ်ရာထနောက်မကျဘူး၊ ဒေါ်လေး၏
သွန်သင်ဆုံးမမှုကြောင့် ဘယ်လောက်ပဲနေမကောင်း ဖြစ်နေ
ဖြစ်နေ မနက်စောစောထ မျက်နှာသစ် ဘုရားရှစ်ခိုးပြီးမှ ပြန်အိပ်
ချင် ရင်အိပ်တတ်သူ၊ နေမြင့်အောင် တစ်ခါမှမအိပ်စဖူး . . .
ညစာတော့ ဒေါ်လေးကို စိတ်မချလို့ထထကြည့်ရတာနှင့် အချိန်
မရှိမှ အိပ်ပျော်သွားပြီးအိပ်ရာထနောက်ကျသွားရ၏၊

အင်း. . . ထမှ သူမ မနိုးတာနဲ့ ဒေါ်လေးကိုယ်တိုင်မီးဖို



ထဲဝင်နေရပြီနဲ့တူတယ်၊ ထိုသို့တွေးပြီး ခြင်ထောင်ကို ကဗျာက
ာတင်၊ ဆောင်ခေါက်၊ အိပ်ရာကိုသပ်သပ်ရပ်ရပ်လုပ်ထားခဲ့
ပြီး မီးဖိုဘက်သို့ ထွက်လာခဲ့လိုက်သည်။

မျက်နှာသစ်ရန် ရေချိုးခန်းထဲဝင်မယ်လုပ်ပြီးမှ မီးဖိုထဲ
ာ အိုးသံခွက်သံလဲ မကြား။ ဘာသံမှ မကြားပဲ တိတ်ဆိတ်နေ
တော့ စိတ်ထဲကတစ်မျိုးကြီးဖြစ်သွားရတာ၊ လက်ထဲက သွား
တိုက်ဆေးပြန်ချပြီး မီးဖိုဘက်ကူးသောအပေါက်ကချောင်း
ကြည့်မိ၏၊ ဘာမှ ခြေရာလက်ရာ မပျက်သေး၊ ပင်မြင့်စံရင်ထဲ
ထိတ်ကနဲ ခုန်သွားတော့၏၊ ဒေါ်လေး ဒေါ်လေးနေမကောင်းလို့
ထနိုင်ဘူးနဲ့ တူတယ်၊ ဒီအတွေးနဲ့ ဒေါ်လေးအခန်းကို အပြေး
အပိုင်းလျှောက်လာခဲ့မိသည်။

အခန်းထဲရောက်တော့ ခြင်ထောင်ကို မပြီး ကြည့်လိုက်
ာ ဘေးစောင်းလေးအိပ်နေသော ဒေါ်လေးကိုတွေ့မှ စိတ်
သက်သာရာရသွားတော့၏၊ နေမကောင်းလို့လားလို့နိုးမေးမယ်
ကြံပြီးမှ အိပ်ပါစေလေဆိုပြီး လျှောကျနေတဲ့ဆောင်ကို ဆွဲခြုံ
ပေးလိုက်မိသည်။

ဆောင်ကိုဆွဲခြုံပေးလိုက်ရာ သူမလက်နှင့်ဒေါ်လေး
လက်မောင်းသားထိခိုက်မှာ မျက်လုံးပြူးသွားရလေ၏၊ မယုံနိုင်
ရာအထိအတွေ့က သူမကို ချောက်ချားသွားစေရသည်၊ မရဲတ

ရဲ့ ဒေါ်လေးလက်မောင်းကို လက်ဖျားလေးနဲ့ ပြန်တို့ကြည့်လိုက်တော့ ပိုပြီးထိတ်လန့်တုန်လှုပ်သွားစေတော့သည်။

အဲ့ဒီတော့မှ ကြောက်ကြောက်လန့်လန့်နှင့် ခြင်ထောင်ကို ဖြစ်သလို ပစ်တင်လိုက်ပြီး ဒေါ်လေးကို ခေါင်းကနေလှုပ်ပြီး ပွေ့ထူကာ ခေါ်လိုက်မိသည်။

"ဒေါ်လေး. . . ဒေါ်လေး. . . ဒေါ်လေးရယ်. . . သမီးကို စိတ်မချဘူးဆိုပြီး. . . အခုတော့ ထားခဲ့ပြီလား ဒေါ်လေးရယ်. . . သမီးဘယ်လိုဖြေရမှာလဲဟင်"

ပင်မြင့်စံ တစ်ယောက်အဒေါ်ဖြစ်သူကို ခေါင်းအုံးပေါ်ပြန်တင်ထားလိုက်ပြီး ခေါင်းရင်းတံခါးကိုဖွင့်လိုက်၍ မျက်ရည်တွေကို ဖြိုးစလွယ်သုတ်ခါ

"ဦးလေး. . . ဦးလေးချစ်မောင်"

ခေါင်းရင်းအိမ်မှ ဦးချစ်မောင်အား လှမ်းခေါ်လိုက်လေသည်။

"ဟေ. . . ဦးလေးဒီမှာစံစံ. . . ပန်းပင်တွေရေလောင်းနေတယ်. . . ဘာပြောမလို့လဲ. . . ပြောလေ"

"အိမ်ဘက်ကို ခဏလောက်ကူးခဲ့ပါဦး. . . ဦးလေးရယ်. . . ဒေါ်လေးခေါ်လို့မရတော့ဘူး"

"ဟင်. . . ဟုတ်လား. . . အေး. . . အေး. . . ဦးလေး





ဘဲကူးလာခဲ့မယ်. . . ဟော့. . . မပြသနာရေမင်း ဘယ်မှာ

ဒီးဖိုထဲမှာဆိုလဲ. . . ပစ္စည်းတွေချထားခဲ့ပြီး ဟိုဘက်

လိုက် ခဲ့စမ်း. . . ဒေါ်နှစ်. . . ခေါ်လို့မရတော့ဘူး ပြော

သယ်"

ထိုသို့ဖြင့် ရပ်ကွက်ထဲကလူများရောက်လာကြပြီး အား

၏ လေသံတသံထဲ ထွက်လာ၏၊ ဒေါ်မြနှစ်ဆုံးပြီတဲ့၊

ပင်မြင့်စံ အားကိုးမဲ့စွာ ဒေါ်လေးအလောင်းနားမှာ ထိုင်

ကပြီး ငို၍သာနေမိတော့သည်။ အော်မငိုတတ်သူမို့ ကျိတ်

ကျွေးနေမိလေသည်။ ရင်ဖွင့်မတတ်ခံစားနေရပါ၏၊

ရပ်မိရပ်ဖများနှင့်ရပ်ကွက်၏ ကူညီမှုဖြင့် ဒေါ်လေး

သဘာကို လှလှပပ စည်စည်ကားကား ဖြစ်အောင် ပြုလုပ်နိုင်ခဲ့

၏။

တစ်ယောက်တည်းမို့အားငယ်စရာမလို ဝိုင်းဝန်း၍ ကူ

ကြသဖြင့် ရက်လည်သည်ထိ အားလုံးအဆင်ပြေခဲ့ပါ သည်။

အထူးသဖြင့် ခင်မေသစ်တို့ မောင်နှမသတင်းကြား

သဆိုရောက်လာကြပြီး ရက်လည်သည်တိုင် ပင်မြင့်စံအား

အားပေးကူညီစောင့်ရှောက်ခဲ့ကြလေသည်။

ခင်မေသစ်ဆို ရုံးကနေခွင့်ယူပြီး ပင်မြင့်စံနားမှာ အချိန်

ပြည့် ရှိနေခဲ့သလိုချစ်လွန်းတင်သည်လည်း ပင်မြင့်စံ လိုအပ်ချက်

များကို အသုဘကိစ္စပြီးမြောက်သည်ထိ ဖြည့်စည်းကူညီခဲ့လေသည်။

ထိုသို့ဖြင့် ပင်မြင့်စံနှင့်ချစ်လွန်းတင်တို့၏ ဆက်ဆံရေးကလည်းအရင်ထက်အများကြီး တိုးတက်လာခဲ့လေသည်။

ပင်မြင့်စံက ချစ်လွန်းတင်ကို အခေါ် အဝေါ် တွေပြောင်းခေါ် လာသည်ထိ တိုးတက်ခဲ့ကြ၏။

ကိုလေးစံစံနှင့်ပြောဆိုနေကြသည်ကို တခြားအချိန်မှာဆို ခင်မေသစ်နောက်ပြောင်ကျီစယ်မိဦးမှာမလွဲ၊ အခုဟာက စံစံစိတ်ထဲမကောင်းဖြစ်နေချိန်မို့ စိတ်ကိုထိန်းချုပ်ထားလိုက်ရသည်။

ရက်လည်ပြီးတော့ ပင်မြင့်စံကို တစ်ယောက်တည်းမထားခဲ့ချင်၍ ခင်မေသစ်ရန်ကုန်ကို တခါတည်းခေါ် သွားခဲ့လေသည်၊ အဲ့ဒီအချိန်ကတည်းက ပင်မြင့်စံတစ်ယောက်ရန်ကုန်ကတိုက်ခန်းမှာဘဲ အနေများပြီး အဲဒီမှာဘဲ စာရေးဖြစ်တော့၏။

တခါတလေမှ တွံတေးကအိမ်ကို ပြန်လာကာ တစ်ရက်နှစ်ရက်နေပြီး ရန်ကုန်ကိုသာပြန်သွားတော့သည်။

ဤသို့ဖြင့် ချစ်လွန်းတင်နှင့် ပင်မြင့်စံတို့၏ ရင်းနှီးမှုကပိုသထက်ပိုလာကြလေရာ။

**********************





## အခန်း[၇]

"ဟယ်. . . ကိုလေး. . . ဘာရပ်လုပ်နေတာလဲ. . . အိမ်ထဲမှာစံစံရှိနေတာဘဲဟာ. . . ဘဲလ်နှိပ်လိုက်ရောပေါ့"

အခန်းထဲက ထွက်လာသော ပင်မြင့်စံအိမ်ရှေ့တံခါးဝ[illegible]ွင့်ရပ်နေသော ချစ်လွန်းတင်ကိုတွေ့လိုက်၍ အားနာစွာပြော[illegible]ိုက်ရင်းတံခါးဖွင့်ပေးလိုက်သည်။

"ဝင်လေ. . . သစ်သစ်တော့မရောက်သေးဘူး"

"သစ်သစ်မရောက်သေးမှန်းသိလို့လာတာပေါ့ သူ့အကြောင်းပြောမှာ. . . သူရှိတဲ့အချိန်လာလို့ဖြစ်မလား. . . [illegible]ရာက်နေတာကြာနေပြီ. . . စံစံမှရှိရဲ့လားလို့ အိမ်ထဲကိုကြည့်ရ[illegible]သေးတယ်. . . စာအုပ်တိုက်ကိုများ သွားနေသလားလို့"

"ဟိုရက်ကမှသွားထားတာလေ. . . နောက်ထပ်က

ရေးတုန်း. . . စံစံလည်းဒီမှာ အနေများနေတော့. . .

တာနဲ့ သွားပို့လိုက်တာပဲ. . . ပြောပါဦးကိုလေးရဲ့ သစ်

အကြောင်းဆိုတာ. . . ဩော်. . . နေဦး. . . ကိုလေးအ

သောက်မလဲ"

"ထားလိုက်ပါဟာ. . . ဘာမှမသောက်တော့ပါ

. . . တော်ကြာသူပြန်လာလို့ မပြောလိုက်ရဘဲနေဦးမယ်"

"ဘာအကြောင်းမို့လဲ ကိုလေးရဲ့ . . . စံစံစိတ်ဝင်

လိုက်တာ"

ပင်မြင့်စံကစိတ်ဝင်စားဟန်ဖြင့် အားတက်သရော

လိုက်လေသည်။

"အစ်ကိုလုပ်သူက. . . နှမလင်ယူမဲ့အကြောင်းပြော

မှာခပ်ခက်ခက်ပဲဟ"

"ဟယ်. . . ဘာဖြစ်တယ်ကိုလေး. . . နှမလင်ယူမဲ့

ကြောင်းဟုတ်လား. . . သစ်သစ်ကယောကျ်ားယူမလို့တဲ့လား. . .

စံစံလဲဘာမှမသိရပါလား"

"ယောကျ်ားတော့. . . ယောကျ်ားယူမှာဘဲဟ. . . ဒါ

မဲ့ မိဘတွေပေးစားလို့ယူရမှာ. . . ဦးလေးတို့ ဒေါ်ကြီး

ဆီမှာလာ တောင်းတာလို့ပြောတာဘဲ. . . ငါလည်းအကုန်





သိခဲ့ပါဘူး. . . ဟိုနေ့ ကပြန်သွားကာ ဦးလေးကမှာလိုက်လို့

လေ. . . သောကြာနေ့ ညနေကိုပြန်လာခဲ့ပါတဲ့. . . စနေနေ့

အပြီးနားဖောက်မယ်တဲ့"

"ဟောတော့. . . သစ်သစ်သာသိရင် ဘယ်လိုနေမလဲ

သိဘူး. . . စံစံတောင် ဘာမှမဆိုင်ဘဲနဲ့ ရင်တွေခုန်လိုက်တာ

အရမ်းဘဲ"

ပင်မြင့်စံရင်ဘက်လေးဖိ၍ ပြောလိုက်ရာ ချစ်လွန်းတင်

ပြုံးဖြီးလုပ်၍

"တကယ်ရင်ခုန်ချင်လို့လား. . . ကိုယ်ပိုင်ရင်ခုန်သံ

ပေါ့"

"ဟာ. . . လုပ်တော့မယ်ကိုယ်လေးကလဲ"

ပင်မြင့်စံ မျက်နှာလေးရဲလျှက် ချစ်လွန်းတင်ကို မော့

ကြည့်ရဲတော့ပေ။

"စံစံတစ်ယောက်ကကွာ. . . အလကားနေ ရှက်နေ

တော့တာဘဲ. . . ကဲ. . . ကိုလေးပြန်မယ်. . . သစ်သစ်ကို အ

သာအချာပြောပြလိုက်. . . သောကြာနေ့ ညနေရုံးစောစော

ဆင်းခဲ့လို့ ကိုလေးလာခေါ်မယ်ကြားလား"

"အင်းပါ"

မပွင့်တပွင့်နှုတ်ဖြင့် ပင်မြင့်စံပြန်ဖြေလိုက်သည်။

"ဟဲ့. . . တံခါးလာပိတ်. . . သူများအကြောင်းတွေးပြီး ရင်ချ
မနေနဲ့ဦး. . . ကိုယ်အကြောင်းကိုယ်တွေးပြီးရင်ခုန်. . . ဒါမှ
ကိုယ်ပိုင်သံစဉ်ဖြစ်မှာ. . . ပြောတာကြားလား"

"ကြည့်ပါလား. . . ကိုလေးနော်"

"မကြည့်အားတော့ဘူး သွားစရာရှိတယ်"

သူမကိုနောက်ပြောင်ကျီစယ်ပြီး ကားမောင်းကာထွ
သွားသော ချစ်လွန်းတင်အား အနောက်ကနေကြည့်၍ ပင်မြင့်
ရင်မောနေရလေသည်။

ဖွင့်ပြောတာလဲမဟုတ်ပဲ မထိတထိ ပြောပြောနေသော
သူ့ကို ဘယ်လိုနားလည်ရမှန်းမသိ၊

သူပြောသလို သူမအတွက် ကိုယ်ပိုင်ရင်ခုန်သံဖြစ်
သူဖန်တီးပေးမှ ဖြစ်မှာဆိုတာကို မသိလေရော့သလား

စံစံကလည်း အငှားသံစဉ်မလိုချင်ပါဘူး၊ ကိုယ်ပိုင်သံ
စဉ်ပဲရှာချင်နေတဲ့သူပါကိုလေးရယ်၊ ဒါကို ကိုလေးမသိတာလား
မသိချင်ယောင်ဆောင်နေတာလားရှင် မိန်းခလေးကစရမဲ့အဖြ
မျိုးတော့ စံစံမလုပ်ပါရစေနဲ့။

အင်း. . . အဲ့လိုဆိုတော့ သစ်သစ်ကိုအားကျစရာ
လား. . . ရည်းစားသနာမရှိဘဲ လာတောင်းတဲ့သူရှိသတဲ့၊ လူကြီး
တွေစီစဉ် တာကို ဒီမိန်းမ ဘာယ်ငြင်းမလဲ၊



ခင်မေသစ်တို့မှာက ညီအစ်မသုံးယောက်ရှိကြရာ ခင်
မေသစ်ကအငယ်ဆုံးဖြစ်ပြီး အစ်မအကြီးနှစ်ယောက်လုံး အ
ယ်တန်းပြဆရာမများဖြစ်ကြ၏၊ နှစ်ယောက်လုံး မိဘပေးစား
သူနှင့် လက်ထပ်ပြီး ယောင်နောက်စံထုံးပါကုန်ကြပြီမို့ ဒီတခါ
ခင်မေသစ် အလှည့်ဖြစ်လာခဲ့လေပြီ၊

လွန်ခဲ့တဲ့ နှစ်တွေကတည်းက အိမ်ထောင်ဘက်တွေ
ားရင်ပြောဟု မိဘတွေက ပြောထားသော်လည်း ချစ်သူရည်း
ားမရှိသည့်ခင်မေသစ်မှာ ဘာမှပြန်မပြောဖြစ်၊ ဒီတော့ မိဘ
တွေက ကိုယ်တိုင်စီစဉ်ပြီပေါ့. . . သမီးကညာအခါမလင့်စေနဲ့
ဆိုတဲ့ စကားနဲ့အညီ၊ သုံးဆယ်ကျော်သွားပြီဖြစ်တဲ့ သမီးကို
ိဘတွေ အခါလင့်မှာစိုးကြတယ်နဲ့တူပါရဲ့။

ထိုသို့တွေးနေစဉ်ခင်မေသစ်ပြန်ရောက်လာ၍ ပင်မြင့်စံ
ယ်ချင်နေမိတော့သည်။

ရယ်ချင်တာက ရည်းစားမထားချင်သည့် သူငယ်ချင်း
ယောယျားပေးစားတော့မှာကိုသိရင် ဆွေ့ဆွေ့ခုန်သွားသည့်
အဖြစ်အား မြင်ယောင်မိ၍ဖြစ်သည်။

ကောင်းတယ်. . . အဲဒါကြတော့ ကိုယ်တွေကကောင်း
သွားမြန်ရော၊ ဘယ်သူကမှစီစဉ်ပေးမဲ့သူမရှိဘူး၊ ကိုယ်တိုင်ကြိုက်
ခင်ယူ၊ မကြိုက်ရင်မယူနဲ့၊ ဒေးဆေးပဲ ကိုယ့်အကြောင်းကို

အကောင်းဘက်က လှည့်တွေးပြီး ပင်မြင့်စံပြုံးလိုက်မိသည်။

ဒါကို. . . ဝယ်လာတဲ့ပန်းသီးတွေရေခဲသေတ္တာထဲထည့် နေသော ခင်မေသစ်ကမြင်ဖြစ်အောင် မြင်လိုက်၏။

"ဟဲ့. . . ဘာတွေသဘောကျလို့ပြုံးနေတာလဲ. . . ဘာလဲ. . . ဝယ်လာတဲ့ပန်းသီးတွေကိုကြည့်ပြီး ဝေဖန်နေတာလား. . . ဒါဘယ်ကထွက်တဲ့အသီး. . . ပန်းရောင်လေး ဆိုပိုကောင်းမှာတို့. . . ဒါတွေဝေဖန်နေတယ်မပေါ့. . . ဟုတ်လားစံစံ"

အနားမှာလာထိုင်ပြီး တလွဲတွေပြောနေသော သူငယ်ချင်း ဖြစ်သူကို ပင်မြင့်စံအသေအချာစိုက်ကြည့်၍ တိုးတိုးလေးခေါ်လိုက်သည်။

"သစ်သစ်"

"ဟင်. . . ဘာလဲစံစံ. . . နင့်မျက်နှာကဘာဖြစ်သွားတာလဲ. . . စိတ်မကောင်းတဲ့ပုံပေါက်သွားသလားလို့. . . ငါဘာအမှားပြောမိလို့လဲဟ"

စံစံကိုကြည့်ပြီးခင်မေသစ်ခြေမကိုင်မိလက်မကိုင်မိဖြစ်သွား၏။

"နင်ပြောတိုက်စိတ်မကောင်းဖြစ်တာမဟုတ်ပါဘူး ဟဲ့ သစ်သစ်ရဲ့. . . နင့်အိမ်ကပြောခိုင်းတဲ့စကားကို ပြောရမှာပြောမ





ထွက်တာ. . . နင်ကြားရင်စိတ်မကောင်းဖြစ်သွားမှာစိုးလို့"

ခင်မေသစ်မျက်လုံးပြူးသွားပြီး

"ဘာရယ်စံစံ. . . အိမ်ကပြောခိုင်းတာဟုတ်လား. . . ဘာစကားမို့ငါကစိတ်မကောင်းဖြစ်ရမှာလဲဟ. . . ဘာလဲငါ့အ နဲ့ အမေဘာဖြစ်လို့လဲ. . . မြန်မြန်ပြောစမ်းဟာ . . . င်ပြောလိုက်မှ ရင်တွေပူလာပြီ"

"ပြောမှာပေါ့သစ်သစ်ရယ်. . . နင့်မိဘတွေဘာမှမ ဖြစ်ဖူး. . . ဖြစ်တာက. . . နင့်"

"ဟင်. . . ငါ"

ခင်မေသစ်သူ့ရင်ဘက်ကို သူပုတ်ပြပြီး အံ့သြစွာမေး ကိုက်သည်။

"ဟုတ်တယ်သစ်သစ်. . . နင့်ကိုနင့်အိမ်ကယောကျ်ား ားစားတော့မလို့တဲ့. . . အဲ့ဒါသောကြာနေ့ညနေပြန်ခဲ့ဘို့မှာ ိုက် တယ်. . . စနေနေ့လာမြန်းမာတဲ့. . . ဘယ်သူလဲဘယ် လဲဆိုတာ တော့ မသိဘူး. . . နင့်ကိုတောင်းရမ်းယူမှာ"

"ဘယ်သူလာပြောသွားတာလဲစံစံ"

"ကိုလေး"

"ဟင်း"

ခင်မေသစ်ကုလားထိုင်နောက်မှီကို ပစ်မှီလိုက်ပြီး သက်

ပြင်းကို ကျယ်လောင်စွာချလိုက်လေသည်။

"ကဲ. . . ငါမပြောဘူးလား. . . ကြားရင်နင်စိတ်မ ကောင်း ဖြစ်မှာပါလို့"

"စိတ်ညစ်တယ်ဟာ. . . အမေတို့အဖေတို့ကလဲတမျိုး . . . ယောက်ျားမယူဘဲ အပျိုကြီးလုပ်နေတော့ရော ဘာဖြစ်မှာ ကြနေတာဘဲ. . . ကိုယ့်မှာတော့ ယောက်ျားမလိုချင်လို့ ရည်စား တောင် မထားခဲ့ဘူး. . . လွတ်လွတ်လပ်လပ်နေရတာ စိတ်ချမ်း သာပါတယ်လို့ ပြောထားလဲမရဘူး"

စိတ်ပျက်လက်ပျက်ဖြစ်နေသော သူငယ်ချင်းကို ပင်မြင့်စံဘေးကြည့်၍

"အေး. . . အခုမှသတိရတယ်. . . တို့ကိုးတန်းနှစ် ကသာရစ်ကျောင်းကနေ ပြောင်းလာတဲ့ကရင်ဂျပုလေ ဘယ်သူ ပါလိမ့် . . . ဩော်. . . သိပြီ. . . သိပြီ. . . စောလမွန်. . . တို့ကျောင်းကိုပြောင်းလာပြီး ငါတို့အတန်းကို ရောက်လာတာ လေ. . . အဲ့ဒီကောင်နင့်ကိုကြိုက်တာ အသေအလဲဘဲ. . . အဲ့ဒီတုန်းကသာ ပြန်ကြိုက်လိုက် ရင်. . . နင်အခုဆိုစိတ်ညစ်က မှာမဟုတ်ဘူး. . . အခုတော့နင်မသိတဲ့ လူကိုယူရမှာ စိတ်ညစ် စရာကြီး"

"အေး. . . နင်ကငါ့ကိုအားမပေးတဲ့အပြင်. . . ဝိုင်းပြီး





စိတ်ညစ်နေ. . . အဲ့ဒီကရင်ဂျပုကိုလဲမကြိုက်ချင်လို့ကိုမကြိုက် တာ . . . ဘာလဲပုံစံက ပြောင်စပ်စပ်နဲ့ လူကိုမတွေ့လိုက်နဲ့ တွေ့ လိုက်တယ် ဆိုနောက်မယ်ဆိုတာကြီးဘဲ"

ပင်မြင့်စံဇတ်ပုသွားရ၏၊ ဟုတ်လဲဟုတ်တာဘဲ ကိုယ်က အားမပေးဘဲ ဝိုင်းစိတ်ညစ်ပေးသလို ဖြစ်နေပြီ ဘာမှလဲ မပြော ဘတ်တော့. . . ဒါ့အပြင်ဘာမှပြောစရာမရှိ၊

"စံစံ"

"ဟင်"

"ငါ့အဖြစ်က ငြင်းလို့ရမှာမဟုတ်ဖူးထင်တယ်. . . မကြီးတို့တုန်းကလည်းမိဘစီစဉ်တာကိုအားလုံး လိုက်နာခဲ့ကြ တာ. . . အငယ်ဆုံးငါ့ကျမှအာခံလို့ရပါ့မလား"

"မသိဘူးလေးဟယ်. . . နင်ပြောတော့ပြောကြည့်ဦး ပေါ့"

"ပြောလို့ရတော့မလားစံ. . . စနေနေ့ဘဲလာမြန်းပါ့ မယ်ဆိုနေမှ"

"အဲ့ဒါဆိုလဲယူလိုက်ပေါ့ဟဲ့"

"အမယ်. . . ကြည့်စမ်း. . . ငါကြတော့လွယ်လွယ် လေး ပြောလိုက်တာ. . . နင့်ကို. . . ကိုလေးနဲ့ငါအောင်သွယ် နေတာကြတော့ ခုဆိုငြင်းတုန်း"

"အဟီး. . . ဒါကငြင်းချိန်ရသေးတယ်လေ. . . နင်ကမြေ
မလွှတ်တော့ဘူး. . . ဒါကြောင့်ပြောရတာ"

"သွားစမ်းပါ ရုပ်ကိုကတွေ့မယ်. . . ဒီတခေါက်ကိုလေး
နဲ့တွေ့ရင်. . . နင်တို့နှစ်ယောက်ကို ထိပ်တိုက်တွေ့ပေးပြီး ရည်း
စားစကားပြောခိုင်းပြမယ်"

"ဟဲ့. . . ဟဲ့. . . ဟဲ့. . . အဲ့ဒါဘယ်လိုဖြစ်တာလဲ
ကိုယ့်ကိစ္စ ကိုယ်တွေးလေ. . . ငါ့ကိစ္စ ကဘယ်ကနေပါလာ
ရတာလဲ"

စိတ်ဆိုးဟန်ဆိုးနှင့် ပြောနေသော သစ်သစ်ကို ပင်မြင့်စ

"ဟုတ်တယ်လေ. . . ငါအိမ်ထောင်ပြုလိုက်ရင်. . .
နင် တစ်ယောက်တည်းအထီးကျန်စံသွားမှာပေါ့. . . နင်လဲကို
လေးကို ယူလိုက်ရင် အားလုံးအဆင်ပြေသွားရော. . . အခု
ဆိုကိုလေးက ကျောက်မြောင်းဘက်မှာ. . . တိုက်ခန်းတစ်ခန်း
တောင်ဝယ်ထားပြီးပြီ. . . တို့လိုဘဲမြေညီထပ်မှာလို့ပြောတယ်"

အားရပါးရပြောနေသော သစ်သစ်ကို ပင်မြင့်စံငေး
ကြည့်ကာ ဘာမှမပြောမိ ပြောစရာစကားလည်းမရှိ၊ သူကသာ
အားတတ်သရောဖြစ်နေတာသူ့အစ်ကိုက အရင်လိုမဟုတ်ပဲ
အိုင်တင်ခံနေတာကို သူမသိတာလဲမဟုတ်ပဲနဲ့။

"ဟဲ့. . . ငါပြောတာကြားလား. . .





"ဘာပြန်ပြောရမှာလဲသစ်သစ်"

"နင်ငါ့အစ်ကိုကို ကြိုက်မကြိုက်သိချင်တာ"

"သိတော့နင်ဘာပိုထူးမှာမို့လဲ"

"အဲ့ဒါနင့်အကြောင်းမဟုတ်ပါဘူး. . . ငါ့အကြောင်း
. . . နင့်စိတ်ထဲရှိတာသာ အမှန်အတိုင်းသိရရင်တော်ပြီ"

စံစံခပ်တွေတွေလေးငေးနေရာမှ

"စံစံ ဘာကယ်ကိုအမှန်အတိုင်းပြောမှာနော်"

"အေးပါ. . . ဒီကလဲအမှန်အတိုင်းပြောမှာနော်"

"အေးပါ. . . ဒီကလဲအမှန်အတိုင်းပြောမှာနော်"

"အမှန်အတိုင်းကြားရရင် သစ်သစ်စံစံကို အထင်သေး
သွားမှာလား စံစံဒါအရင်ပြော"

"ဟဲ့တော့. . . အထင်သေးစရာလား. . . နင့်နဲ့ငါကအ
ကြောင်းမသိတဲ့သူတွေမှ မဟုတ်တာ"

"အဲ့ဒါဆိုပြီးရော. . . အစကတော့သူ့ကိုမယုံရဲဘူး. . .
ဒါကြောင့်ခပ်မှန်မှန်ဘဲနေမိတာ. . . ဒေါ်လေးကိစ္စဖြစ်မှသူ
ပိုင်တတ်နေသဘောထားလေးတွေကို လေးစားမိလာတာ. . .
အမှန်ပြောရရင်. . . အားကိုးချစ်စိတ်ဝင်သွားတယ်ပေါ့. . .
ပေမယ့်သစ်သစ် အစ်ကိုက အရင်လိုမဟုတ်တော့ဘူး. . .
သွားအေးသွားလို့လားတော့ မပြောတတ်ဘူး. . . စတာနောက်

တာ မပြောင်းလွဲဘူ... နေတာ ထိုင်တာက အရင်လို မ
တော့ဘူး"

ခင်မေသစ် သေသေချာချာနားထောင်ပြီး

"အဲ့ဒါအမှန်စကားလား"

"အေး"

"နင်အမှန်စကားကလည်း မပြတ်သားလိုက်တာ"

"ငါက မိန်းခလေးပါ သစ်သစ်ရယ်... ဒီ့ထက်ပြ
သားရရင်လည်း... နင့်အစ်ကို ကိုငါက အရင်ရည်စားစကာ
ပြောမှ ဘဲရတော့မယ်"

"အဟင်း... နင်ကလဲ... ငါက ဒီသဘောထ
ပြော တာ မဟုတ်ပါဘူးဟာ... အဟင်း... အဟင်းဟို...
ချစ်လားမချစ်လား... ဒါပဲပြော"

"ချစ်တယ်ဟာ... ချစ်တယ်... ကဲ... ဘာသိ
သေးလား"

စောင့်အောင့်အောင့်နှင့်ပြောလိုက်သော စံစံအ
သစ်သစ် ပြုံးကာကြည့်ရင်း

"အမလေးတဲ့... ကိုလေးသာကြားရင် ဘယ်လော
တောင် ဝမ်းသာမလဲမသိဘူး... ငါတောင်ဝမ်းသာတယ်"

"ဘာပြောတယ်... နင့်အစ်ကိုလားဝမ်းသာမှာ...





ခု သူ့အချိုးပြောင်းသွားတယ်... နင်မမြင်ဘူးလား"

"နင်ကလည်းအပြစ်တင်စောလိုက်တာလေ... အရင်
ကို ကိုလေးမဆက်ဆံတော့ကတာ နင့်မှာအုပ်ထိန်းသူမရှိတော့
အချိန်မို့ အခွင့်အရေးယူရာမှာကျမှာစိုးလို့တဲ့... ဒေါ်လေး
ဖြစ်နေတဲ့အချိန်မှာ ငါသူနဲ့စကားပြောဖြစ်တယ်... သူဖွင့်
ပြောရခက်နေတာ..."

"ဟုတ်လို့လား"

"ဟုတ်ပါတယ်ဆိုမှဘဲဟာ"

ဒီလိုကြားလိုက်ရတော့ ကိုလေးကို စံစံပိုလေးစားသွား
၏။

စံစံကိုငဲ့ညှာသော ကိုလေးအားစိတ်ချမ်းသာမှုတွေ
ပြန်ဆုံးပေးချင်ပါသည်။ ဘယ်တော့မှန်းမသိပေမယ့် စံစံက
တော့ ချစ်အားကိုးစွာ စောင့်မျှော်နေလျက်ပါဆိုတာကို ကိုလေး
ကြားပါစေသိပါစေကွယ်၊ အထင်လွဲမိတာလဲ ခွင့်လွှတ်ပါကိုလေး
ရယ်

"အလို... ပြောလိုက်မှဘဲဖီလင်တွေတက်သွားတာ
သား... စကားပြန်ပြောဖော်တောင်မရတော့ဘူး"

"ဖီလင်မတက်ပါဘူးသစ်သစ်ရာ... ကိုလေးကို အ
ထင် လွဲပြီးပြောမှားဆိုမှားတွေဖြစ်နေတာကို ပြန်စဉ်းစားနေ

ထားပါ"

"ဒီလိုဘဲပေါ့ဟာ. . . ငှက်မသိခင်တော့ ဇရက်ကိုရှင်းကင်မိတာပေါ့. . . အခုငါ့အစ်ကိုသဘောထားရော. . . နင့်သဘောထားရောသိရပြီဆိုတော့. . . ငါလုပ်ငန်း စတော့မယ် နော်မိစ်"

"နင်ဘာယ်လိုဖြစ်နေတာလဲသစ်သစ်. . . လောလောဆယ် . . . နင့်ကိစ္စကိုစဥ်းစားလေ. . . ငါကဘာအရေးကြီးလို့ နင့်အချိန်အကုန်ခံနေရတာလဲ"

"တယ်ခက်တာဘဲ. . . ဒီမိန်းမ. . . ငါ့အကြောင်းကိုစဥ်းစားလိုက်တိုင်း ကျောချမ်းလို့ဟေ့. . . အဲ့ဒါကြောင့်တခြားအကြောင်းဘဲပြောနေတာ. . . အလိုက်ကန်းဆိုးမသိတဲ့စံစံဆိုတဲ့ မိန်းမရဲ့"

"ဟင်"

ခင်မေသစ်ကပြောလိုက်တော့ ပင်မြင့်စံဘာမှပြန်မပြောနိုင်တော့ဘဲ 'ဟင်' လို့သာအော်လိုက်မိလေ၏။

**********************





## အခန်း[၈]

"ပွမ်း. . . ပွမ်း. . . အရန်သင့်ဖြစ်ရင် သွားကြစို့လေ. . . အချိန်မရှိဘူး"

"ဟော. . . ကိုလေးတောင်ရောက်လာပြီ. . . ထ. . . သွားစို့သစ်သစ်. . . ထဟာ. . . နင်ကလည်း. . . မသွားလို့ ပြီးမှာကျနေတာ ဘဲ"

"ဟေ့. . . နှစ်ယောက်သားဘာတွတ်ထိုးနေတာလဲ. . . သွားကြမယ်လေ"

"လာပြီကိုလေးရေ. . . ဒီမှာသစ်သစ်လေ. . . မလိုက်ဖူးပြီးဂျိုတိုက်နေလို့"

"ဘာလို့ မလိုက်ရမှာလဲ. . . ဒါ. . . ကလေးကစားတာ ဟုတ်ဖူးသစ်သစ်. . . လူကြီးတွေအားလုံးစီစဥ်ပြီးနေမှ နင်

ဂျစ်တိုက်ဖို့ မကြိုးစားနဲ့"

မအော်စဖူး အော်ငေါက်ရသော်လည်း စိတ်ထဲမှာမကောင်း နှစ်အိမ်ပေါင်းမှ အငယ်ဆုံးဆိုတော့ အခုထိကလေးလိုနေသော ညီမလေးကို ချစ်လွန်းတင်သနားမိပါ၏၊ သို့သော်လည်းနှောင်ရေး ကိုတွေးပြီး လူကြီးတွေစီစဉ်သည်ကို လက်သင့်မခံလို့မဖြစ် ကလေးလို့ကိုယ်က အသိအမှတ်ပြုထားပေမဲ့ အသက်ကသုံးဆယ်ကျော်နေလေပြီ. . . တသက်လုံးအပျိုကြီးလုပ်လျှင်တော့ ကောင်းတာပေါ့၊ မနေလို့အရွယ်လွန်မှမတော်တာတွေနဲ့တွေ့ရင် အဲ့ဒါမှဒုက္ခ၊ ထိုသို့တွေးနေရင်းမကြည်မလင်နှင့် အိမ်ထဲကထွက်လာသော ညီမဖြစ်သူအား ခေါင်းကိုပုတ်၍

"သွား. . . ကားပေါ်တက်. . . ယောက်ျားဘဲယူတော့မယ်. . . ခုထိကလေးလုပ်မနေနဲ့. . . ဘာပစ္စည်းမှမပါကျပါလား"

နှစ်ယောက်လုံးဘာအထုပ်အပိုးမှ ပါမလာတာကြောင့် ပင့်မြင့်စံကို ကြည့်ကာမေးလိုက်သည်။

"မယူတော့ဘူးလေ. . . ဟိုမှာလဲအဝတ်အစားတွေကရှိနေတာ. . .ဟိုသယ်လိုက်ဒီသယ်လိုက်နဲ့အလုပ်ရှုပ်တယ်"

"မောင်းပြီနော်. . . ဟိုကောင်မလေးကားပေါ် ကခုံချဘို့လည်းစိတ်ကူးမနေနဲ့ဦး. . . ကိုယ့်အစွန်းအစမရှိလို့ လူကြီး





တွေ စီစဉ်ပေးရတာကို. . . သူကဘဲစိတ်မကောင်း ဖြစ်နေရသေးတယ်"

သစ်သစ်ဘာမှပြန်မပြောဘဲ အစ်ကိုလုပ်သူကို မျက်စောင်းထိုးနေတော့သည်။

ချစ်လွန်းတင်ကတော့ ညီမဖြစ်သူ ပုံစံကို ကြည့်ကာသဘောတွေကျနေလေသည်။ ကိုယ်ချင်းလဲစာမိပါ၏၊ ရည်းစားတောင်မထားဘူးပဲ ယောက်ျားယူရမှာဆိုတော့ သူ့ဘက်ကတွေးကြည့်ရင်သနားစရာ။

ညီမဖြစ်သူအကြောင်းတွေးနေရာကနေ ပင်မြင့်စံဆီလှည့်ကြည့်လိုက်မိသည်။ အပြင်ကိုငေးပြီးဘာတွေတွေးနေပါလိမ့်

ချစ်လွန်းတင် လွန့်လွန့်လေးပြုံးလိုက်မိသည်။ ဒီမိန်းကလေးကို မချစ်မိအောင်နေခဲ့လဲမရ၊ ဖွင့်ပြောမိမှာစိုး၍ ထိန်းထိန်းသိမ်းသိမ်းနေခဲ့တာလဲမအောင်မြင်၊ သူမနဲ့တွေ့လိုက်တိုင်း ရင်ထဲက စကားတွေတစွန်းတစထွက်ကျကုန်ရသည်။

ဒါကြောင့် သူမနှင့်မတွေ့အောင်ရှောင်နေမိသည်၊ အသိတရားတွေ စုစည်းထားတဲ့ ဦးနှောက်ထဲမှာ သူမကိုမချစ်မိစေဘို့ အချက်ပြမီးက မကြာခဏသတိပေးတော့ လက်တွေ့မှာအခက်တွေ့နေရတာကကိုယ်။

ပြန်လည်တုန့်ပြန်လိုတဲ့စိတ်က ဦးနှောက်မှာ အကန့်အကန့်ရှိနေရင်းသူ့ကိုချစ်မိနေတဲ့စိတ်က ဦးနှောက်ထဲမှာတကန့်ရှိနေပြန်၏၊ လွန်ဆွဲပွဲမှားဘယ်ဘက်ကိုသာမည်၊ မသိသော်လည်း နေမြင့်လေအရှုံးရင့်လေဖြစ်နေရတဲ့ ကိုယ်အဖြစ်ဆူးကြားက ဘူးသီးနဲ့မခြား။

အခုဆိုသူ့အဒေါ်ဆုံးပြီးတည်းက အားငယ်နေရှာတဲ့ကောင်မလေးကို ကြည့်ပြီး ကိုယ့်နည်းဗျူဟာကို ပြောင်းဖြစ်လိုက်ရကောင်းမလားလို့ တွေးမိနေခဲ့တာအခါခါ. . . ဒါပေမယ့် ဦးနှောက်ကလက်မခံခဲ့၊ ရှေ့ဆက်ဖို့သာ တွန်းအားပေးနေခဲ့သည်၊ တခါတခါပျော့ညံ့ချင်တဲ့စိတ်ကို အားမရချင်။

အခုလဲအဝေးကိုငေးနေတဲ့ကောင်မလေးကို စချင်လာမိ၏၊

"စံစံ. . . စံစံရောဘယ်တော့စားရမလဲ"

"ရှင်"

ပြုံးကနဲလှမ်းမေးလိုက်သော ချစ်လွန်းတင်ကို ပင်မြင့်စံလှည့်ကြည့်ပြီး ဘာပြန်ဖြေရမှန်းမသိဖြစ်သွားရ၏၊

ကြောင်တောင်တောင်နဲ့ကြည့်နေဆဲ

"သစ်သီးကစားရတော့မယ်. . . စံစံရောဘယ်တော့လောက်စားရမလဲလို့ မေးနေတာပါ"





"ဪ. . . စံစံကဝေးပါသေးတယ် ကိုလေးရယ်. . .
သယ်လိုမှ ယုံကြည်လို့မရတဲ့ယောကျ်ားတွေကို စံစံစိတ်မကူးရဲသေးပါဘူး"

"မဟုတ်းဖူးကိုလေး. . . သူ. . . အ"

ခင်မေသစ်ဝင်ပြောလိုက်ရာ ပင်မြင့်စံပေါင်ကို ထုလိုက်၍ စကားမဆုံးလိုက်ပဲ သူပေါင်သူပြန်ပွတ်နေရသည်။

သူတို့နှစ်ယောက်အဖြစ်ကိုရော သူ့ကိုစောင်းပြောလိုက်သော စံစံစကားကြောင့်ပါ ချစ်လွန်းတင် ယဲ့ယဲ့လေးပြုံးလိုက်မိသည်။

ကိုယ်သိပါတယ်စံစံ မင်းကိုယ့်ကို တင်းနေပြီမှတ်လားက်တယ် မင်းပြောတာမှန်တယ်. . . ယောကျ်ားတွေဟာ ယုံကြည်လို့မရဘူး. . . အဲ့ဒီထဲမှာ ကိုယ်ကထိပ်ဆုံးကပေါ့၊ မင်းရဲ့ ယုံကြည်မှုတွေကို ကိုယ်အလွဲသုံးစားလုပ်ရတော့မယ်၊ အတိတ်ကိုမေ့နေတဲ့ မင်းအားလုံးသိသွားတဲ့အခါ ခွင့်လွှတ်တတ်ပါစေ၊

ရိုသဲ့သဲ့အမေးခံလိုက်ရသော ပင်မြင့်စံကတော့ မျက်နှာကိုတင်းထားလိုက်ပြီး ပတ်ဝန်းကျင်ကိုသာ ငေးလိုက်မိသည်။

ဘာသဘောနဲ့ရှုပ်ချည်နှပ်ချည်လုပ်နေမှန်းမသိသော ချစ်လွန်းတင်ဆိုသည့် လူကိုနားလည်ရခက်နေမိသည်။ ဒီကတော့ သူ့ကိုယုံကြည်ပြီး ရင်းရင်းနှီးနှီးဆက်ဆံခဲ့သည်။ ဒါကို

သူက ဘယ်လိုသဘောနှင့်စကားတွေကို ဘလောင်းဘလဲ ပြော နေပြန်လဲမသိရှုပ်တယ် ဒီတခါသူဘယ်လိုပြောပြော စိတ်မယိုင် တော့ဘူး၊ ချစ်လွန်းတင်ဖွင့်ပြောလဲ မချစ်တော့ဘူး. . . ဘာကြီး မှန်းကိုမသိဘူး၊

စိတ်ကတွေးပြီးဒေါသထွက်တော့ သူ့ကိုလှည့်ပြီး မျက် စောင်းကတိုးမိသွားရသည်။

သူမကမျက်စောင်းလှည့်အထိုး ချစ်လွန်းတင်ကလည်း လှည့်အကြည့် နှစ်ယောက်သား အကြည့်ချင်းဆုံတော့ ပင်မြင့်စံ အိုးတိုးအန်းတန်းဖြစ်သွားတော့သည်၊ ချစ်လွန်းတင်ကတော့ ပြုံး ပြီး တစ်ဖက်ပြန်လှည့်သွားကာ

တလမ်းလုံးမကြည်မလင်ဖြစ်လာတဲ့ ခင်မေသစ်ပင် သူတို့ကို ကြည့်ပြီး ပြုံးမိလေ၏၊

"ဘာပြုံးတာလဲ"

မဲစရာမရှိတော့အနားမှာရှိသော ခင်မေသစ်ကို ပင်မြင့်စံ လှည့်မဲလေသည်။

"ဘာပြုံးလို့လဲ. . . ရယ်စရာတွေ့လို့ရယ်တာဘာဖြစ်လဲ"

"ဟွန့်"

"ကိုလေးကစတာပါစံစံရဲ့. . . စိတ်မဆိုးပါနဲ့"

ပင်မြင့်စံ ဘာမှပြန်မပြော နှုတ်ခမ်းကိုဆူထားလိုက်





သည်။

"အဲ့သလို နှုတ်ခမ်းကြီးဆူထားရင် ယောက်ျားရမှာ မဟုတ်ဘူးနော်. . . ယောက်ျားတွေက ပြုံးပြုံးလေးနေမှ ချစ် ကြတာ သစ်သစ်ကိုကြည့်ပါလား အမြဲပြုံးနေတာ . . . အဲ့ဒါ ကြောင့် ယောက်ျားရတာ"

"ဟင်း. . . နောက်ဆုံးတော့ ကိုလေးကသစ်သစ်ကို နောက်ချင်တာပေါ့ဟုတ်လား. . . ဘာမှလဲမဆိုင်ဘဲနဲ့"

"အေး. . . အေးဟုတ်တယ်. . . ဘာမှမဆိုင်ဘူး. . . ကို လေးမနောက်တော့ဘူး. . . အတည်ပြောတော့မယ်. . . စံစံညကျ သစ်သစ်တို့အိမ်မှာ အိပ်ပါလား. . . စံစံတစ်ယောက်တည်း ဖြစ်နေ မှာစိုးလို့"

"ရပါတယ်. . . နဂိုတည်းက ဒေါ်လေးတရားစခန်းဝင် တိုင်းတစ်ယောက်တည်းနေရတာ အကျင့်ပါနေပြီ"

စေတနာစကားမို့ ပင်မြင့်စံကောင်းကောင်းမွန်မွန်ဖြေလိုက် သည်။

"ဒါနဲ့. . . စံစံမိဘတွေက စံစံဘယ်အရွယ်ကဆုံးသွား ကြတာလဲ"

"စံစံ. . . (၇)တန်းဖြေပြီး ကျောင်းပိတ်ရက်မှာ မိသားစု သုံးယောက်ဘုရားဖူးထွက်ကြတာ. . . အပြန်မှာကားအက်စီး

ခင့်ဖြစ်ပြီး ဖေဖေ့ရောမေမေပါ ပွဲချင်းပြီးဆုံးတာလေ. . . စံ
တောင်ခြေ ထောက်ကျိုးသွားလို့ သုံးလလောက်ကုလိုက်ရတယ်"

"ဟုတ်လား. . . စိတ်မကောင်းပါဘူးကွာ. . . မေ
တာ ဆောရီးဘဲ. . . စံစံအသစ်ဖြစ်သွားပြီလား"

"ရပါတယ်. . . စံစံဘဝက ဒီလောက်ကိုစာအဖွဲ့ပါဘူ
. . . မိဘတွေဆုံးပြီးတည်းက သံလျှင်ကအိမ်ကို ရောင်းပြီ
ဒေါ်လေးနဲ့ တွံတေးမှာ လာနေတာ ခုထိပေါ့. . . အခုတစ်ခါ
ဒေါ်လေးက စံစံကို ခွဲသွားပြန်ပြီ. . . ခွဲခွာခြင်းရဲ့ သဘောတ
ရားတွေ စံစံခံနိုင်ရည်ရှိနေပါပြီ"

ချစ်လွှန်းတင် မျက်ခုံးပင့်တက်သွားရ၏၊ သူမဘာတို
ရည်ညွှန်းသည်မသိသော်လည်း ကိုယ်က အကြံနှင့်မို့ စိတ်ကမလုံ
ပြန်လှည့်ကြည့်တော့ စံစံမျက်နှာကပုံမှန်အတိုင်းမို့ နေသာသွားခဲ့
သည်။

နောက်ထပ်ချစ်လွှန်းတင်စကားမစဖြစ်တော့၊ ကားက
လဲတွံတေးကိုရောက်လာခဲ့ပြီ၊ ဘုရင့်နောင်(၂)လမ်းက စံစံအိမ်
ကို အရင်ဝင်ပို့ခဲ့ပြီး. . . (၄)လမ်းကို ဆက်မောင်းခဲ့လိုက်သည်။

အိမ်ဘက်ကို မောင်းလာရင်း စံစံ ပြောသော ခွဲခွာခြင်း
ဆိုသော စကားတစ်ခွန်းအားသတိရနေမိ၏။





# အခန်း[၉]

မနက်လင်းတာနှင့် ဖီးလိမ်းပြင်ဆင်ပြီး သစ်သစ်တို့အိမ်
ဘက်ကို ထွက်လာခဲ့သည်။

သတို့သမီးလောင်းတော့ ဘယ်လိုနေမည်မသိစံစံဖြင့်
ရင်ခုန်လိုက်ပါဘိ၊ ရင်ခုန်တယ်ဆိုမှ ချစ်လွှန်းတင်ပြောသော
ရင်ခုန်သံအစစ်ဖြစ်သော ကိုယ်ပိုင်ရင်ခုန်သံကို သွားသတိရ
မိလေသည်၊ မျက်နှာကအလိုလိုတင်းသွားရသည်။

တိုက်ဆိုင်တိုင်းအတွေးများက သူနဲ့မကင်းမတွေးချင်လဲ
နေရ အလိုလို ရောက်လာတတ်သော သူ့အကြောင်းတွေကို ဘယ်
လိုမေ့ပစ်ရမှန်းမသိ၊ ဒီလူနဲ့ ကင်းအောင်ဘယ်လိုနေရမလဲ
ဆိုတာစဉ်းစားလို့မရ ဒေါသက ခဏခဏထွက်တာနှင့် အသက်
ကိုတော့မည်၊ သူ့ကို စိတ်တိုင်းမကျတိုင်း ဒေါသထွက်ရတာ

လည်း မကြာခဏကိုး။

စိတ်တိုတိုနဲ့လျှောက်လာလိုက်တာခင်မေသစ်တို့အိမ် ရှေ့ကိုရောက်လာခဲ့သည်၊ အိမ်ထဲကို လှမ်းကြည့်တော့ လူ ရှင်းနေ၏၊ ဘယ်သူမှမရောက်သေးမှန်းသိလိုက်သည်၊ အိမ်ရှေ့ မှာ ဘယ်သူမှမတွေ့၍ အသံပြုလိုက်ရသည်။

"ဘယ်ရောက်ကုန်လဲဗျို့... အိမ်ရှေ့မှာ ဧည့်သည် ရောက်နေတယ်"

အသံကြားမှ ခင်မေသစ်အစ်မကြီး ခင်မေချစ်ထွက်လာ ပြီး၊

"သစ်သစ်ရေ... ဒီမှာပင်မြင့်စံရောက်လာပြီးဟေ့"

မျက်နှာလေးမှုန်အစ်အစ်နှင့်သစ်သစ်ထွက်လာကာ ထ မြင့်စံလက်ကိုဆွဲ၍ အခန်းထဲခေါ်သွားတော့သည်။

ကုတင်ပေါ်မှာ ထိုင်လိုက်ကြပြီး သစ်သစ်မျက်နှာလေး ငယ်၍

"စံစံ"

"ပြောလေသစ်သစ်... ဘာဖြစ်လို့လဲ"

ခင်မေသစ်လက်ကိုပြန်ဆုတ်ကိုင်ပြီးစံစံအား ပေးလိုက် သည်။

"ရွှေမယင်းက ကန့်သင့်လို့ ပြောတယ်... ညတည်





သူ့အမျိုးတွေရှိတဲ့မင်းဝိုင်းမှာတည်းကြတာ... နာမည် ကောင်အဖေတို့မသိဘူး... ငါ့အဝကအဲ့သလောက်တောင် ဆိုး သွားဟယ်... ငါ့မိဘတွေငါ့ကို ဘယ်လောက်တောင် ယော ကျားပေးစားချင်နေသလဲဆိုတာ... နာမည်တောင် မမှတ်မိ လက်ခံလိုက်သတဲ့... အဖေ့အပြောတော့ သူ့ သူငယ်ချင်း သားလို့ ပြောတာဘဲ... အဖေတို့ဖွဲ့ပို့နေတဲ့ ကန့်ကပေါ့"

"ဩော်... ဒါကဖြစ်တတ်ပါတယ်သစ်သစ်ရယ်... မည်က အရေးကြီးတာမှမဟုတ်တာ... မိဘတွေဘဲကွယ် ား သမီးဒုက္ခရောက်အောင်တော့ မလုပ်ပါဘူး... သစ်သစ် တ်ကိုလျှော့လိုက်တော့နော်... သစ်သစ်အစ်မတွေကိုဘဲ ကြည့်တခါမှ မမြင်ဘူးပဲနဲ့မိဘပေးစားတာ ကိုယူခဲ့ကြတာဘဲ ... အခုအားလုံးအဆင်ပြေကြသွားဘဲ... သစ်သစ်လဲ မိဘ ထားနားထောင်တဲ့ သားသမီးဘဲဥစ္စာ ဒုက္ခမဟုတ်ပါ ဘူးကွယ်"

စိတ်ချမ်းသာစေရန်ဖျောင်းဖျနေသော စံစံရင်ခွင်ထဲသို့ စ်သစ်ခေါင်းလေးမှီလိုက်ရင်း

"သူငယ်ချင်းရယ်... ငါအိမ်ထောင်ပြုပြီးရင်... တ တည်းလိုက်သွားရတော့မှာ... နင့်ကိုထားခဲ့ရမှာ တကယ် တ်မကောင်းဘူးဟယ်... အဲ့ဒါကြောင့်... နင်လဲကိုလေး လက်ထပ်လိုက်ပါလားဟယ်"

"တော်ပါတော့ကွယ်. . . ဒါတွေနောက်မှပြောကြ
အောင်. . . လာ. . . အပြင်ကိုသွားကြမယ်. . . မိဘတွေစိတ်ချ
သာအောင် မျက်နှာကို ကြည်လင်အောင်ထားလိုက်ပါ သူငယ်
ချင်းရယ် . . . ဘာဝိုင်းလုပ်ရမလဲသွားကြည့်ရအောင်"

နှစ်ယောက်သားအမြန်ကိုထွက်လာကြပြီး ကိတ်မုန့်
လှီးနေသော နေရာသို့ သွားပြီး စံစံကစ၍။

"ဘာဝိုင်းလုပ်ပေးရမလဲမမကြီး"

"ရတယ်. . . ရတယ်. . . စံစံ. . . အဲ့ဒီမှာ ညည်းသူ
ငယ်ချင်း နဲ့သာနေ. . . ဟော. . . ကားတွေလာတာလား. . .
အသံတွေကြားသလိုဘဲ"

မမကြီးပြောလိုက်၍အားလုံးအိမ်ရှေ့သို့လှမ်းကြည့်
သည်။ အမှန်ပင်ကားသုံးစီးရှေ့ဆင့်နောက်ဆင့် စိုက်လာ
သည်။

မျက်နှာလေးငိုမဲ့မဲ့နှင့်သစ်သစ်စံစံလက်ကို ဖက်ထား
လေသည်။ သစ်သစ်ပခုံးကို စံစံပြန်ဖက်ထားမိ၏။

သစ်သစ်ဖခင်ဦးမျိုးသစ်က ဧည့်သည်များကို ခရီးဦးကြို
ပြုနေလေသည်။

သစ်သစ်မိခင်က ခေါင်းရင်းအိမ်မှာ ရောက်ကြပြီဖြစ်
ရပ်ကွက်လူကြီးများနှင့် ချစ်လွန်းတင်၏ဖခင်ကို လှမ်းခေါ်





. . . သစ်သစ်နှင့်စံစံကိုပါထိုင်ခိုင်းလိုက်သည်။

အိမ်ပေါ်ကိုတက်လာသော လူတွေကိုစံစံတစ်ယောက်
ပြီး တစ်ယောက်လိုက်ကြည့်ပြီး မျက်လုံးပြူးသွားရ၏။ သတို့သား
ဖြစ် ဟန်တူသော သူကို မျက်လုံးပြူးထွက်မတတ်ကြည့်ပြီး အံ့ဩ
သွားရ၏။ သူကပြုံးပြုံး ပို၍ အံ့ဩရပြန်သည်။ သစ်သစ်က
ခေါင်းငုံ့၍ တွေ့ဟန်မတူ စောလမွန်ပါလားဆိုသည့်အသိကြောင့်
ဝမ်းသာမိ၏။

အံ့ဩဝမ်းသာလွန်း၍ သစ်သစ်ရဲ့ပေါင်ကိုစံစံကုတ်လိုက်
သည်၊ သစ်သစ်ခေါင်းလေးမော့လာပြီး၊ စံစံကိုဘာလဲဆိုသည့်
အကြည့်နှင့်ကြည့်တော့ စံစံက မချိုမချဉ်မျက်နှာလေးနှင့် စော
လမွန်ရှိရာ မေးငေါ့ပြတော့ ယောင်ချာချာနှင့် သစ်သစ်လှမ်း
ကြည့်ပြီးပါးစပ်လေးဝိုင်းသွားလေသည်၊ အံ့ဩမှင်တက်မိနေ
ပြီးမှ မျက်လုံးလေးဝိုင်းလျက် စံစံကိုပြန်လှည့်ကြည့်ပြီး ခေါင်းပြန်
ငုံ့သွားပြန်သည်။ ဒီတခါတော့ကြောက်လို့ ငုံ့တာမဟုတ်ပဲ ရှက်လို့
ငုံ့တာမှန်းစံစံသိလိုက်ပါ၏၊ သစ်သစ်အစားစံစံဝမ်းသာမိလေး
သည်၊ ကျောင်းတုန်းတည်းက ပိုးပန်းခဲ့သော စောလမွန်ကိုလဲ
အသင်ကြီးလေးစားသွားရသည်၊ နှစ်တွေဗီလောက်ကြာသည်ထိ
ချစ်မေသစ်ကိုသာစွဲလန်းချစ်ခင်ပြီး လက်ထပ်ဖို့ပါရည်ရွယ်ခဲ့
သော စောလမွန်အား သူငယ်ချင်းအစား ကျေးဇူးတွေတင်လို့

မဆုံး။

မဆီမဆိုင်ကိုလေးနဲ့များကွာပါ့လို့ တွေးလိုက်မိဖြ

သည်။ စောလမွန်ကိုကြည့်၊ ချစ်တဲ့သူနဲ့လက်ထပ်သူတ

ယောက်တည်းကို ရွေးချယ်ခဲ့သည်။ ကိုလေးက ထိုသို့မဟုတ်

အခုစာကလေးကြော်. . . တော်ကြာဆီထမင်းကြော်နှင့် ဘာ

နားလည်ရမှန်းမသိ၊

သူ့အကြောင်းတွေးမိမှ သူ့ကို မသိမသာရှာဖွေမိသည်

အရိပ်အရောင်တောင် မတွေ့ရပေ၊ မျက်နှာပူလို့ မလာတာ ထ

ပါရဲ့လို့ တွေးဖြစ်၏၊

နှစ်ဖက်လူကြီးတွေ စကားပြောလို့ ပြီးသွားလေ

မင်္ဂလာရက်ကိုနောက်လ (၂)ရက်နေ့ကို သတ်မှတ်ပြီး မိဘဂု

ရည်ခန်းမ မှာ မင်္ဂလာပွဲကျင်းပရန်ပင်စီစဉ်လိုက်ကြလေသည်

အခုတော့ ခင်မေသစ်မျက်နှာကပြောင်ချော်ချော်ပုံ

မပေါက်တော့ပဲ တကယ့်စီးပွားရေးသမားပုံစံပေါက်ပြီး ရှင်းသ

တည်ကြည်နေလေတော့၊ မရွှေချော် လက်ခံသွားပြီးပေါ့။

ဂျစ်တိုက်ဖို့လည်း သတိရပုံမပေါ်တော့ပေ၊ အစတည်

က ရင်းနှီးပြီးသားငယ်သူငယ်ချင်း၊ ဒါမှမဟုတ်ငယ်ချစ်ဦးမို့ စိ

ချမ်းသာသွားတာလည်းဖြစ်မည်။

လူကြီးတွေက သူတို့နှစ်ယောက်ကိုရွှေဆံတော် ဘုရာ





အား သွားဖူးချင်ဖူးလေဆိုပြီး အလိုက်တသိ လွှတ်ပေးလိုက်တော့ စံစံလည်းအလိုက်တသိ နေခဲ့လိုက်ပါသည်။ သူတို့လွှတ်လွှတ် လပ်လပ်ပြောကြပါစေ၊ အရင်လိုဘဲ ရင်းရင်းနှီးနှီးပြန်ဖြစ်ကြ ပါစေလို့ဆုတောင်းပေးမိ၏၊

အိမ်ပြန်ရောက်တဲ့အထိ ခင်မေသစ်တို့စုံတွဲအကြောင်း ကို သာတွေးမိနေဆဲ၊ သူတို့အစားစိတ်ထဲမှာ ပျော်သလိုလိုလေး တောင် ဖြစ်မိပါရဲ့ ငါ့ဘဝက အဲ့သလောက်တောင်ဆိုးသလား ဟယ်ဆို တဲ့မိန်းမလာပါစေဦး အခုရောဘယ်လိုလဲ. . . နောက် ကြနေပြီလား လို့မေးမေးပြီး ထုပေးလိုက်ဦးမယ်၊ နင်တို့ဘာ ပြောကြလဲလို့ပါမေးပြီး ဒီမိန်းမကို ညှင်းဆဲလိုက်ဦးမယ်၊

မကြာလိုက်ခြံတံခါးဖျက်ကနဲ ပွင့်သွား၍ စံစံလှမ်းကြည့် လိုက်စဉ် မျက်စေ့ မျက်နှာပျက်ပြီး စက်ဘီးကိုတွန်းဝင်လာသော ခင်မေသစ်အား တွေ့လိုက်သည်တွင် ထိတ်ကနဲစိုးရိမ်သွားမိ သည်။

ဘာတွေများ ဖြစ်လာပါလိမ့်ဆိုတဲ့ အတွေးနဲ့ထိုင်ရာမှထ လိုက်ပြီး၊

"သစ်သစ်. . . ငါဒီမှာဟဲ့. . . လာဒီကို. . . ဘာတွေဖြစ် လာတာလဲဟယ်. . . ခုနက အဝတ်အစားတွေ ဘာတွေမလဲခဲ့ရ သေးဘဲ အမောတကောနဲ့ ငါ့ဆီလာပုံထောက်. . . တခုခုဖြစ်

လာသလားဟယ်. . . ရင်ထိတ်လိုက်တာ"

စက်ဘီးကို သရက်ပင်မှာဖြစ်သလို ထောက်ထားခဲ့ပြီး အနားကိုလျှောက်လာတဲ့သစ်သစ်အား ပင်မြင့်စံမနားမနေ မေးနေမိသည်။

"ထိုင်သစ်သစ်"

ခင်မေသစ်က ထိုင်လိုက်ရင်းစံစံကိုမော့ကြည့်ပြီး မျက်ရည်တွေဝဲနေပြန်သည်။ စံစံစိုးရိမ်စိတ်က မြင့်တက်သွားရ၏။ သစ်သစ်ဘေးမှာကမန်းကတန်း ကပ်ထိုင်လိုက်ပြီး ပခုံးကိုဖက်လိုက်ရင်း

"သစ်သစ်. . . ဘာဖြစ်လာတာလဲ. . . ပြောစမ်းပါဟယ် . . . ပြောမထွက်လို့လား. . . စောလမွန်က ဘာတွေမခံချင်အောင်ပြောလိုက်လို့လဲ. . . ငါကတော့နင့်အစားဝမ်းသာနေမိတာ"

စံစံအမေးကြောင့် သစ်သစ်သက်ပြင်းရှိုက်၍

"စံစံ"

"ပြောလေဟယ်. . . နင်ရင်ဖွင့်စရာငါ့ဘဲရှိတာမှတ်လား"

"အခုပြောမှာငါ့အကြောင်းမဟုတ်ဖူး"

"ဟင်"





"ဟုတ်တယ်. . . ငါ့အကြောင်းမဟုတ်ဖူး နင့်အကြောင်း"

စံစံဘာသံမှမထွက်နိုင်တော့ဘဲ သစ်သစ်မျက်နှာကိုသာ ငေးကြည့်နေမိ၏။ သစ်သစ်ပခုံးကိုဖက်ထားသည့်လက်လဲ လျော့ကြသွားရသည်၊ အံ့လဲအံ့သြနေ၏။

"ငါစိတ်မကောင်းဘူးစံစံရယ်. . . ကိုလေးဒီလိုလူစားဆိုတာငါမသိခဲ့မိဘူး"

ကိုလေး. . . ကိုလေးဆိုတော့. . . ကိုလေးဘာဖြစ်လို့ပါလိမ့်၊ တွေးပူသွားရသည်။

"ဘာတွေပြောနေတာလဲ သစ်သစ်ရာ. . . ရှင်အောင်ပြောပါ. . . ကိုလေးဘာဖြစ်လို့လဲ"

"အဲ့ဒါမပြောခင် စံစံကိုအရင်မေးဦးမယ်. . . စံစံတို့ ရွှင်မှာနေခဲ့တုန်းကကျောင်းမှာ ဘာဖြစ်ခဲ့ဖူးလဲ မှတ်မိရင်ပြောပါလား"

"ကျောင်းမှာ"

စံစံမျက်လုံးလေးမှိတ်၍ ခေါင်းကို လက်နှင့်ထောက်ခါ စဉ်းစားနေမိသည်။ နောက်မှ မျက်လုံးလေးဖွင့်ပြီး

"ကြီးကြီးကျယ်ကျယ်တော့. . . ဘာမှမဖြစ်ခဲ့ဘူးပါဘူး . . . မှတ်မိနေသလောက်တော့ ပိုကိစ္စဘဲရှိတယ်စံစံ(၆)တန်း

နှစ်က ကောင်လေးတွေ လေးငါးခြောက်ယောက် ရှိတယ်ထင်တယ်၊ သူတို့ကစံစံကို ပင်နီမှုံစံ၊ မြေကြီးစံဆိုပြီးလိုက်လိုက်နောက်ကြတာ၊ ပထမတော့ စံစံသည်းခံနေပါတယ်. . . နောက်တော့ သူတို့က ပိုဆိုးလာတယ်. . . စံစံကျောင်းဝင်းထဲ ဝင်လာပြီ ဆို မြေကြီးတွေနဲ့ ကောကြီးပစ်ပြီး. . . ခုနကနာမည်တွေခေါ်ပြီးအော်ကြတာ. . . သည်းမခံနိုင်တော့တဲ့အဆုံး ကျောင်းအုပ်ဆ ရာမကြီးဆီကိုသွားတိုင်လိုက်တယ်. . . ဆရာမကခေါ်ဆုံးမတယ်၊ ဒါပါဘဲ. . . ဘာမှတော့မထူးဆန်းပါဘူး . . . အဲ့ဒါနဲ့ . . . အခုကိစ္စကသက်ဆိုင်နေလို့လားသစ်သစ်"

"သက်ဆိုင်ဒါပေါ့စံစံ. . . အဲ့ဒီကျောင်းသားတွေကိုစံ မှတ်မိလား"

"ဘယ်မှတ်မိမှာလဲသစ်သစ်ရဲ့. . . စံစံတို့က (၆)တန်း လိုက်စတဲ့ကျောင်းသားတွေက (၈)တန်းကဆိုလား (၉)တန်းထ ဆိုလားဘဲ. . . နောက်မှကြားရတာလေ. . . သူတို့ကိုသွားတိုင် တော့လဲ စံစံနဲ့အတူအနားမှာရှိတဲ့ သူငယ်ချင်းက သူသိတဲ့ နာ မည်တွေကိုပြောပြီး တိုင်တာ. . . ဆရာမကြီးကကြားတာနဲ့ တန်းသိတယ်. . . ကျောင်းမှာနာမည်ကြီးအုပ်စုဖြစ်နေတာကို . . . အစအနောက်အရမ်းသန်တဲ့အုပ်စုလေ"

"အင်း. . . ဒါဆိုစံစံဘာမှမသိဘူးပေါ့"



"ဟုတ်တယ်. . . ကိုယ့်ကိုနောက်လို့သာ သည်းမခံနိုင်လို့ တိုင်မိတာ. . . စံစံတော်ရုံဆို သိပ်ဂရုစိုက်တာမဟုတ်ဖူး"

"စံစံကသာ ဂရုမစိုက်တာ. . . အဲ့ဒါကို. . . ကိုလေးကအ မှတ်အတေးထားခဲ့တာတဲ့ဟယ်"

"ဟင်. . . ကိုလေးက"

"ဟုတ်တယ်စံစံ. . . အဲ့ဒီအုပ်စုထဲမှာ ကိုလေးပါတယ်"

"ဟောတော့"

"မဟော့တော့နဲ့မိစံ. . . အဲ့ဒီနေ့ကဆရာမကြီးက ဆုံးမရုံပဲဆုံးမလိုက်တာ. . . အိမ်ပြန်ရောက်တော့. . . သူ့အဖေတို့ဦးလေးက စစ်သားလူထွက်ပီပီ. . . စကားကို အပိုမပြောတတ်ဘူး၊ အိမ် ပေါ်ကကို နှင်ချလိုက်တာ"

"ဟယ်"

ပင်မြင့်စံ ရောင်ရမ်းပြီး ပါးစပ်ကို လက်လေးနှင့် အုပ်လိုက်မိသည်။

"မအံ့သြနဲ့စံစံ. . . ဒီထက်အံ့သြစရာ နင်ကြားရဦးမှာ . . . ကိုလေးကစာအရမ်းတော်တာဟ. . . အေး. . . အုပ်စုနဲ့ဆို ဗရုပ်ကျ ချင်တယ်. . . အဲ့ဒီကိစ္စမှာ ဦးလေးကအရမ်းရှက်ပြီး မင်းဖြစ်ချင်တာက ဆရာဝန်. . . မင်းလက်တွေ့လုပ်နေတာတွေက ကလေကချေ အလုပ်တွေချည်းဘဲ. . . အဲ့ဒီတော့မင်း

ပညာဆက်သင်မနေနဲ့တော့ လမ်းဘေးကိုဘဲသွားတော့ဆိုပြီး နှင်ချလိုက်တာ"

ကြားရတာနဲ့တင် ပင်မြင့်စံ ကတုန်ကရီဖြစ်ချင်လာသည်။ ဆက်ကြားရမည့်စကားများက ဘယ်နည်းနဲ့မှ နဝင်မချိုနိုင်တော့ တာကို သိလာရသည်။ အဲဒါကြောင့် ဘာမှမမေးဘဲ သစ်သစ် ပြောလာမှာကိုပဲ စောင့်နေမိသည်။

"တကယ်လဲ ကိုလေးကဆရာဝန်ဖြစ်ချင်တာ. . . အဲဒါ ကြောင့် စာတော့ကြိုးစားတယ်. . . အုပ်စုတောင့်သွားရင်တော့ ဗီဇကမပျောက်ဖူး. . . ဦးလေးကနှင်ချတယ်. . . သူကလဲ အ ကြောတင်းတယ်. . . အဝတ်တထည်ကိုယ်တခုနဲ့ ဆင်းသွား တာဘဲလေ. . . အဲ့ဒီထဲကကိုလေးပျောက် သွားလိုက်တာ. . . ပြန် ရောက်လာတာဘာကြာသေးလို့လဲ. . . စံစံနဲ့စသိတာ . . . ကိုလေးရောက်ခါစဘဲ ရှိသေးတယ်"

"နေပါဦး. . . အဲ့ဒါတွေနင်ဘယ်ကသိလာတာလဲ. . . နောက် ပြီး. . . အဲ့ဒါနဲ့ နင်မျက်စေ့မျက်နှာပျက်လာတာနဲ့ ဘာပါတ် သက်လို့လဲ"

"ပြောမယ်လေဟာ. . . ပြောချင်လွန်းလို့ကို အဝတ်အ စား တောင်မလဲနိုင်ဘဲ နင့်ဆီပြေးလာတာပေါ့. . . အဲ့ဒီအချိန် တည်းက ပင်မြင့်စံဆိုတဲ့ မိန်းမဟာ ငါ့ရန်သူ. . . ဘယ်အချိန်ပြန်





ဘော့တွေ ဂလုံစားချေပြမယ်လို့ တေးထားခဲ့တာ. . . သူပြန် ရောက် လာပြီး. . . တို့အိမ်ကိုလာလည်တော့. . . ရှိုက်ကော့စ်ပေါ် က အလ်ဘမ်ကို ယူ ကြည့်ပြီး နင့်ကို ခြေရာကောက်မိသွားခဲ့ တာ. . . နင်နဲ့ငါ (၈)တန်း (၉)တန်း (၁၀)တန်း နောက်ဆုံး. . . တက္ကသိုလ်နောက်ဆုံးနှစ်ထိ တွဲရိုက်ထားတဲ့ ပုံတွေကို သူတွေ့ သွားတာ. . . ဒီကြားထဲသူအခု ဖွင့်ထားတဲ့ စားသောက်ဆိုင်ကို ငယ်ငယ်က အတန်းထဲမှာ သူနဲ့စာပြိုင်ဘက် အဆင့်လှဘက်က ရောက်လာတတ်ပြီး ရီသွဲ့သွဲ့ လုပ်သတဲ့. . . သူက ဆရာဝန် ဖြစ်နေပြန်တော့. . . ကိုလေးအနာ ပေါင်းပြန်ထလာတာ ဘဲစံစံ"

"ဒါဆို. . . သစ်သစ်ဘာပြောချင်တာလဲ"

"ရှူး" ဘာပြောချင်ရမလဲစံစံ. . . အစကနင့်ကို ကိုလေး နဲ့ ငါသဘောတူခဲ့မိတယ်. . . အခုတော့ နင်ပြန်ချစ်မှာကို ငါ ကြောက်နေမိပြီ. . . သူကနင့်ကိုဂလုံစားချေဘို့တမင်အကွက်ဆင် ပြီး နင့်ကိုချဉ်းကပ်နေမှန်း ငါဒီနေ့မှသိရတယ်ဟယ်. . ."

"အေး. . . ပြောပါဦး. . . ဘယ်ကနေသိလာတာလဲ. . . သူကိုယ်တိုင်ပြောလိုက်တာလား"

"ဘယ်ကဟုတ်ရမလဲ. . . သူကိုယ်တိုင်ပြောလို့ကတော့ လက်ညှိုးထိုးပြီးတော့ကို ငါရန်တွေ့ပစ်မိမလားဘဲ. . . ကဲ

ကောင်းသွားတယ်. . . စောလမွန်ကို ဘုရားခြေရင်းကနေအဲ
ပြန်ခိုင်းလိုက်ပြီး ငါလဲအိမ်ကို ပြန်လာခဲ့တာ. . . ငါ့စိတ်ထဲ
မှာက. . . ငါအိမ်ထောင်ပြုသွားရင် နင်တစ်ယောက်တည်း
ကျန်ခဲ့မှာကို စိတ်မကောင်းဖြစ်နေတာလေ. . . အဲ့ဒါကြောင့်
. . . ကိုလေးဖွင့်ပြောမှာဖြင့် ဖွင့်ပြောပါတော့လားလို့ ပြောမယ်
ဆိုတဲ့ အကြံနဲ့ သူ့အိမ်ကို ဝင် လိုက်တာ. . . အိမ်ကိုရောက်တော့
သူကမရှိဘူး. . . ခလုပ်ကို ဦး လေးနဲ့ ကိစ္စသွားတယ်တဲ့. . .
ဒေါ်ဒေါ်က ညည်းအစ်ကိုကုတင်ပေါ်မှာ အကျီတွေတင်ထားခဲ့
တယ်ပြောတယ်သွားယူပေးစမ်းဆိုလို့ သူ့အခန်းသွားဝင်ယူတာ
. . . အဲ့ဒီမှာတင်စားပွဲပေါ်က ဒိုင်ယာရီ ကို ဖတ်မိတာဘဲ. . .
ရေးထားတာတွေကတော့ နေ့စွဲတွေ ရက်စွဲတွေမပါဘူး. . .
သူရေးချင်တဲ့အ ချိန်ထရေးတယ်နဲ့တူပါတယ်. . . အခုလည်း
ဘာရေးမလို့လုပ်နေသလဲ မပြောတတ်ဖူး. . . ဘောလ်ပင်
စာအုပ်တန်းလန်း. . . ကမန်းကတန်း ထလိုက်သွားရတာ လား
မသိဘူး"

ပြောချင်တာတွေ ပြောချလိုက်ရ၍ ရင်ထဲပေါ့သွား
သည့် အလားခင်မေသစ် သက်ပြင်းမှုတ်ထုတ်လိုက်ပြီး

"နောက်ဆုံး ငါပြောချင်တာက. . . ကိုလေးကို နင်ပြန်
မချစ်ပါနဲ့စံစံ. . . ကိုလေးအချစ်က အစစ်အမှန်မဟုတ်ဖူး . . .





သူပြောတာတွေကို နင်မယုံနဲ့တော့နော်"

သူမအတွက်စိုးရိမ်မှုလွှမ်းကဲနေသော သူငယ်ချင်းကို စံစံ
အပြုံးမပျက် ကြည့်၍ မေးစေ့လေးကို လှုပ်ပြီး

"ဘာလို့. . . ဒါလောက်စိုးရိမ်နေရတာလဲ သူငယ်ချင်း
ရယ်. . . စံစံစိုးရိမ်ဘို့လဲထားပါဦး"

"စိုးရိမ်တာပေါ့စံစံရယ်. . . ငါ့ဘဝမှာဆိုးတူကောင်း
ဖက် သူငယ်ချင်းဆိုလို့ နင်ဘဲရှိတာ. . . နင်နစ်နာစေမဲ့ ကိစ္စမှန်
သမျှ ငါဘယ်တော့မှ မလုပ်ဖူး. . . အစက ကိုလေးဒီလိုစိတ်
ဓာတ်ရှိမှန်း မသိလို့ ငါသဘောတူမိတာပါ"

"ယုံပါတယ် သူငယ်ချင်းရယ်. . . ကျေးဇူးလဲတင်ပါ
တယ်. . . ဒါပေမဲ့. . . ကိုလေးစိတ်ဓာတ်ဒီလောက်အောက်တန်း
ကျ မယ်မထင်ပါဘူး. . . သူ့ဘက်ကတွေးကြည့်ရင် . . . သူ့
ဘဝနဲ့ရင်း လိုက်ရတဲ့ အဖြစ်မို့ မခံနိုင်လွန်းလို့ စိတ်ထွက်ပေါက်
အဖြစ် ချရေးထားတာလဲ ဖြစ်ချင်ဖြစ်နေမှာပါ"

"ဘယ်လိုစံစံ. . . နင်ကိုလေးကိုမကြောက်ဖူးလား"

သိလာရတဲ့သူက ထိတ်လန့်လာသလောက် ကာယကံ
ရှင်က တုန်လှုပ်တာမတွေ့ရတော့ ခင်မေသစ် အံ့ဩယူမိပါ၏။

"ဘာကြောက်စရာရှိလို့လဲသစ်သစ်. . . အခုမှ ကိုလေး
စံကို အမျိုးမျိုးဆက်ဆံမှုတွေပြောင်းလွှဲနေရတာတွေကိုပါ

အမြင် ရှင်းသွားရလို့ ဝမ်းတောင်သာနေသေးတာ"

"ဟာ. . . စံစံ"

"တကယ်ပြောတာ သစ်သစ်. . . ကိုလေးစံစံကို ချစ်မိတဲ့စိတ်နဲ့ ဂလဲ့စားချေချင်တဲ့ စိတ်လွန်ဆွနေပြီနဲ့တူတယ်. . . မနေ့ ကထိတော့စံစံ ကိုရွှေးကိုအထင်လွဲတုန်း အမျိုးမျိုး အပြောင်းအလဲတွေလုပ်ပြပြီး. . . စကားတွေအမျိုးမျိုးပြောနေတဲ့ သူ့ကို ချစ်ရေးဆိုလာရင်တောင်. . . အဖြေမပေးတော့ဘူးလို့ တွက်ထားခဲ့တာ"

"အဟင်း. . . အခုအဖြေက တမျိုးဖြစ်သွားပြီ. . . စံစံရင်ထဲက သူ့အတွက် ပွင့်လန်းလာတဲ့ချစ်ပန်းလေးက သူ့အတွက်ပဲ ဖြစ်စေရတော့မယ်လေ. . ."

"ဟာ. . ."

"နေပါဦးဟဲ့. . . ငါပြောပါရစေဦး. . . သူ့ကိုချစ်မိသွားတဲ့အတွက် သူ့ဆန္ဒကို ဖြည့်ဆည်းပေးလိုက်တော့မယ်. . . အထူးသဖြင့် စံစံကြောင့် လေလွင့်ပျက်စီးသွားရတဲ့ သူ့ဘဝကို စံစံ အလျော်ပေးချင်လို့ပါ. . . စံစံကို သူဘယ်လိုနည်းမျိုးနဲ့ ဂလဲ့စားချေချင်တာလဲဆိုတာ မသိပေမဲ့. . . သူပြုသမျှကို ကျေကျေနပ်နပ် ခံယူဖို့ အသင့်ပါဘဲ. . . စံစံရင်ထဲက ပွင့်လန်းနေတဲ့ အချစ်ပန်းလေးကို သူ့ရင်ထဲက ကိုယ်ပိုင်ရင်ခုန်သံအစစ်နဲ့





လို့ ချူမယ်ဆိုလဲ ငိုက်ဆင်းပေးဖို့ ဝန်မလေးသလို အတုန့်ညှိဆိုတဲ့ အာဂတနဲ့ ဒေါသအလျောက် အဲ့ဒီပန်းလေးကို ခစ်မယ်ဆိုတဲ့ ဆန္ဒရှိနေခဲ့ရင်လည်း သူ့ခြေရင်းမှာ ကျွေ ပေးဖို့ အရန် သင့်ပါဘဲကွယ်. . . သူ့ကို စံစံအဲ့သလောက် သွားပြီသစ်သစ်"

"နင်ရူးနေလားစံစံ"

"ဟုတ်တယ်. . . သူငယ်ချင်း. . . ငါရူးနေပြီ. . . ရိုးရိုး ာမဟုတ်ဖူး. . . အချစ်ရူးပေါ့. . .

ဒီလိုမှငါမဖြည့်ဆည်းပေးရင်. . . သူ့ဆန္ဒတွေဘယ် ပါတော့မလဲ. . . သူစိတ်ချမ်းသာစေချင်တာဘဲငါသိ တယ်"

"နင်. . . နင်တကယ်. . . ငါနောက်စရာလား"

မခို့တရို့လေးခေါင်းညိတ်ပြနေသော ပင်မြင့်စံကို သစ်မမြင်ဖူးသော သူတစ်ယောက်လို့ ကြည့်မိပြီး

"ငါအံ့ဩလို့ မဆုံးဘူးစံစံ. . . အစက ကိုလေးအ င်းကိုမသိလို့ နင်အဖြေပေးဘို့ စဉ်းစားထားတာမှန်ပေ . . အခု သိရပြီပဲ နောက်ဆုတ်ဖို့ အချိန်ရပါသေးတယ် . . နောက် ဆုတ်လိုပါ သူငယ်ချင်းရယ်. . . နော်. . . ်ဆုတ်မယ်မှတ်လား"

တောင်းတောင်းပန်ပန်လေးပြောနေသော သူငယ်ချင်းဖြစ်သူကို ပင်မြင့်စံခေါင်းကို တွင်တွင်ခါရမ်းပြလျှက်

"မဟုတ်သေးဘူး သူငယ်ချင်း. . . မနေ့ကထိ ငါမဆုံးဖြတ်ရသေးပါဘူး. . . နင်လာပြောမှတထိုင်တည်းဆုံးဖြတ်လိုက်တာ"

"ငါစိတ်ညစ်လိုက်တာနော်. . . နင်အဲ့ဒီသတ္တိတွေ ဘယ်ကရလာတာလဲမိစံ"

"အချစ်က သင်ပေးလိုက်တာလေ"

"တော်ပြီ. . . တော်ပြီ. . . ငါပြန်တော့မယ်. . . မနက်ဖြန်ဆို ရန်ကုန်ကို ပြန်ရတော့မယ်. . . နင့်ဖာသာ နင့်ဇာတ်လမ်းကို နိုင်အောင် ကပေတော့. . . ငါ့မှာတော့ ဒေါသတွေထွက်ပြီး ပြေးလာလိုက်ရတာ. . . ဒီကြတော့ ဒင်းက အကြောက်အလန့်မရှိ သတ္တိတွေကောင်းနေလိုက်တာ"

မျက်နှာကို ရှုံ့တွပြီး ငြီးငြူလျှက် ခင်မေသစ်ပြောလိုက်ရင်း ဆောင့်ဆောင့်အောင့်အောင့်ဖြင့် မတ်တပ်ထရပ်လိုက်သည်။

"သွားတော့မလို့လားသစ်သစ်"

"သွားတော့မယ်. . . ကြာရင်ငါပါရူးမလားမသိတော့ဘူး"





ခင်မေသစ် ခပ်ဆောင့်ဆောင့်ပင် ပြန်ပြောလိုက်သည်။

"ဟဲ့ရူးတော့မရူးပါနဲ့ဦး. . . ယောကျ်ားလေးဘာလေး သူလိုက်ပါဦး"

"မိစံနင်ဘယ်လိုဖြစ်ပြီး မျက်နှာက အပိုးမကျိုးဖြစ်နေတာလဲ. . . တကယ်ပါဟယ်. . . နင့်ကိုငါအံ့ဩလို့ မဆုံးဘူး . . . ပင်မြင့်စံဆိုတာ နင်မှဟုတ်ရဲ့လားလို့ ငါထင်နေမိပြီ"

"မယုံမရှိနဲ့ရော့ဆိတ်ကြည့်. . . နင့်သူငယ်ချင်း ပင်မြင့်စံ အစစ်"

လက်ကို အတင်းထိုးပေးနေသော ပင်မြင့်စံကို ခင်မေသစ်အံကြိတ်ခါ ပေစောင်းစောင်းကြည့်၍ လက်ကို ပုတ်ချလိုက်သည်။

"သွားမယ်"

ဆက်ကနဲ လှည့်ထွက်သွားသော သူငယ်ချင်းဖြစ်သူကို ပင်မြင့်စံ နောက်ကနေလိုက်၍ ပခုံးကို ဆွဲလိုက်ရင်း

"သစ်သစ်. . . ငါ့ကို နင်တကယ်ခင်ရင်. . . အခုလာပြောတဲ့ကိစ္စကိုလေးမသိပါစေနဲ့နော်"

ခင်မေသစ် ပါးစပ်လေးဟကာ ပင်မြင့်စံကို ကြည့်ပြီး ဘာမှပြန်မပြောဘဲ ချာကနဲ လှည့်၍ စက်ဘီးကို နင်းကာ ထွက်ခဲ့လိုက်တော့သည်။

ရွှေတောင်းစာပေ

ခင်မေသုစ်ထွက်သွားသည်နှင့် ခုနက ထိုင်နေတဲ့
လေးကို ပင်မြင့်စံပြန်လာပြီး ထိုင်လိုက်သည်။

သစ်သစ် ပြောသွားသော စကားလုံးများက နားဝ
ပဲ့တင်ထပ်ဆဲ၊

သူမဆုံးဖြတ်ချက်ကလဲခိုင်မြဲသွား၏၊

စိတ်ချပါကိုလေး ကိုလေးရင်ထဲက အဖုအထစ်တွေ
စေဖို့ ဘဝကို အရင်းစားပေးရရင်တောင် ကျေနပ်နေမှာပ

ကိုလေးအတွက်ဆို စံစံကလေ ဖြည့်ဆည်းပေးဘို့ အ
သင့်ပါဘဲလို့၊

လွှန်ဆွဲပွဲကျင်းပနေတဲ့ ကိုလေးစိတ်ကို ကိုလေး
ကြည့်ပါဦး ပင်မြင့်စံ ဆိုတဲ့ ကောင်မလေးကို မင်းချမ်းမှာ
လားချွေမှာလားလို့ . . .

စာရေးလို့ပြောင်းလာတာနဲ့ အပြောင်းပြေ
လျှောက်ရင်း အမေကြည်ကုန်း (ဘီလူးကုန်းသို့) ပင်မြင့်စံရော
လာခဲ့သည်။ လှေခါးလေးအတိုင်း တက်သွားပြီး အပေါ်
အထပ်ရောက်တော့ ရင်ပြင်ပေါ်မှာသွားမထိုင်ပဲ အဲ့ဒီ
လေးမှာဘဲ ထိုင်ချလိုက်လေသည်။

*************************





# အခန်း[၁၀]

ဟိုငယ်စဉ်ကတည်းက မိဘများကို လွမ်းသည့်အခါ
တိုင်း ဒီနေရာလေးမှာ စံစံအမြဲလာထိုင်နေကျ၊ ဘာရယ်မဟုတ်
ထိုင်ပြီး ဟိုငေး၊ ဒီငေး လုပ်ရင်း အားလုံးကို မေ့သွားတတ်၏၊

စာရေးတဲ့အချိန်ကျတော့လည်း အပြောင်းပြေလမ်း
လျှောက်တိုင်း ဒီနေရာလေးကို မမေ့မလျော့ ရောက်အောင်လာ
ခဲ့သည်။ အရင်လိုဘဲ ဟိုငေး၊ ဒီငေးလုပ်ပြီး အချိန်တန်တော့
ပြန်ခဲ့တာပါဘဲ

အခုလည်း ဒီနေရာလေးကို ရောက်ခဲ့ရပြန်ပါပြီ၊ ဒီတခါ
ထိုင်နေရခြင်းကတော့ အရင်နဲ့မတူတဲ့ ခံစားချက်နဲ့ပါ၊ မနေ့
အကြောင်းများက ခေါင်းထဲကမထွက်သေး၊ စာရေးတုန်းက
ကျက်သွားတတ်ပေမယ့် ရေးပြီးလို့ နားရင် အတွေးထဲပေါ်လာ

တာက မနေ့က ဦးနှောက်ထဲမှာ သိုလှောင်ထားမိသော အ
ကြောင်းအရာများသာ ဖြစ်နေတတ်သည်။

ထိုစဉ် လှေခါးခြေရင်းမရောက်တရောက်ကို ကားထေ
တစ်စီးလာရပ်၍ စံစံလှမ်းကြည့်လိုက်မိသည်။ ရင်ထဲလှပ်
ဖြစ်သွားရ၏၊ ကိုလေးကားပါလားဆိုသည့် အသိက မျက်
လေးကို ပြူးသွားစေ၏၊ ဒါပေမယ့် ကြောက်သည့်စိတ်က အရှ
မရှိ။

ကားထဲက ထွက်လာပြီး လှေကားအတိုင်း တက်လာ
ကိုလေးကို အပြုံးနှင့်ဆီးကြိုမိ၏၊

နေကာမျက်မှန်ကို ချွတ်ပြီး အနားမှာကိုလေးထိုင်
လိုက်တော့ ဘေးကို နည်းနည်းရွှေ့ပေးလိုက်မိသည်။

ကိုလေးက ငုံ့ကြည့်ပြီး ပြုံးပြတော့

"ဘာပြုံးတာလဲ ကိုလေးရဲ့"

"ဘာမှမပြုံးရပါလား. . . စံစံတစ်ယောက်တည်း အထ
ကျန်နေရတာကို တွေးမိသွားလို့ပါ"

"အမယ်. . . ဘာမှအထီးလဲမကျန်ဘူး. . . အမလဲမက
ဘူး. . . စံစံတို့က တစ်ယောက်တည်း နေရတဲ့ဘဝမှာ အသ
ကျပြီးသား"

"ကိုလေးကတော့. . . တစ်ယောက်တည်းနေရတာမုန်း





ပါတယ်"

စံစံတဖက်သို့ လှည့်ကာ သက်ပြင်းခိုးချမိ၏၊ အပြုံး
လွန့်လွန့်လေးဖြင့် ပြန်လှည့်ကြည့်ပြီး

"တစ်ယောက်တည်း နေရာမှာ ပျင်းရင်အဖော်ရှာပေါ့"

"မင်း. . . အဲ့ဒီအကြံမဆိုးဘူး"

အားရဝမ်းသာနဲ့ ထပြောတဲ့သူ့ကို စံစံပြုံးစစဖြင့် မျက်
စောင်းလေးထိုး၍

"ဟွန်း. . . ပုံစံက တော်တော်တက်ကြွနေ. . . နေပါ
. . . ဒီမှာစံစံရှိတာကိုလေးက ဘယ်လိုသိပြီး. . . ဒီကို
လိုက်ရောက်လာရတာလဲ"

"သစ်သစ်ဆီဝင်ခဲ့တယ်လေ. . . စံစံပြန်မရောက်သေး
တာ သိခဲ့တာပေါ့. . . နောက်ထပ်ရေးတဲ့စာအုပ်ကို တွဲတေး
မှာ ပြီးအောင်ရေးပြီးမှ ပြန်လာမယ်လို့ပြောတယ်. . . အဲ့ဒါနဲ့
အိမ်မှာ ရှိမလားသွားကြည့်တာ မရှိတာနဲ့ ဒီကိုလိုက်လာတာ
. . . ဒီမှာ ရှိနေ တာလဲ သစ်သစ်ပြောဖူးလို့ မှတ်မိနေတာ. . .
စံစိတ်ထဲမကောင်းလာတဲ့အခါ အမြကြည်ကုန်းမှာ သွားထိုင်
နေတတ်တယ်လို့ သူ ပြောထားတော့. . . ဟိုမှာမှ မတွေ့တော့
. . . ဒီကိုလာကြည့်မိတာ ပေါ့"

"ဟုတ်တယ်. . . အခုရေးတဲ့စာအုပ်ကဖီးလ်အပြည့်နဲ့

ရေးရမှာမို့. . . အေးအေးဆေးဆေးရေးမှဖြစ်မှာလေ. . . ဟိုမှာဆို သစ်သစ်နဲ့ စကားပြောတဲ့အခါ ပြောမိတယ်. . . တခြားသွားတဲ့အခါသွား မိမယ်မဟုတ်လား၊ ဒါ့ကြောင့် ရန်ကုန်ကို မပြန်သေးတာ"

"ရင်ပြင်ပေါ်မှာ ဘာလို့ မထိုင်တာလဲ လှေခါးကြီးမှာ ထိုင်နေတာ. . . တစ်ယောက်တည်းမကြောင်ဘူးလား"

"လာပြန်ပြီ ဒီတစ်ယောက်တည်းဆိုတဲ့စကား. . . ဒီနေရာလေးက စံစံရဲ့ ဘူမိနက်သံလေး. . . ဟိုငယ်စဉ်တည်းက ဒီနေရာလေးမှာဘဲ ထိုင်နေကျ. . . အစကဆို ဒီလှေခါးတွေ တောင်ရှိသေးတာမဟုတ်ဖူး. . . ကုန်းတော်ပေါ်က အခင်းတွေဆိုတာဘာမှ မရှိသေးဘူး. . . ဘေးကအကာအရန်တွေလဲ မကာရသေးဘူး. . . အဲ့ဒီ ကတည်းက မြေကြီးလေးပေါ် ထိုင်ပြီး ဒီနေရာလေးကနေ ငေးရတဲ့ အရသာကို နှစ်သက်ခဲ့တာ"

"ဪ. . . စံစံရယ်"

ညည်းငြူရင်း စံစံအမည်လေးကို ခေါ်ကာ လက်လေးကိုတယုတယ ကိုင်လိုက်မိသည်။ မျက်နှာလေးကိုလည်း ချစ်လွန်းတင်ငေးကြည့်နေမိပါ၏၊

ရင်ထဲမှာ ငြိမ်းချမ်းစွာ ဖြစ်ပေါ်လာသော ကိုယ်ပိုင်သံစဉ်၏ အဖြေကိုချစ်လွန်းတင်သိလိုက်ရသည်။





ပင်မြင့်စံကလည်း ပထမတော့ တွန့်ကနဲ ဖြစ်သွားပြီး ချစ်ရသူ၏ ဆန္ဒမှန်သမျှကို ဖြည့်ဆည်းပေးရန် ဆုံးဖြတ်ချက် သားပြီးနေမှ ဒီလက်လေးကိုင်တာလောက်ဖြင့် လန့်စရာလား သို့ သူမကိုသူမသတိပေးလိုက်ရသည်။

"စံစံ"

"ပြောပါကိုလေး"

"ကိုလေးပြောမှာကို စံစံသိနေလားဟင်"

အစအဆုံး အကုန်သိတယ်ကိုလေးရေလို့ပြောလိုက် င်သော်လည်း တကယ်တမ်းပြောမိသည်က၊

"စံစံက အင်္ဂဝိဇ္ဇာမှမဟုတ်တာဘဲ ဘယ်လိုသိမလဲ ကို လေးရဲ့"

"အစကတော့ ကိုလေးချက်ခြင်းဖွင့်ပြောဘို့ မဟုတ် သေးပါဘူး. . . သစ်သစ်အိမ်ထောင်ပြုသွားတဲ့အခါ. . . စံစံ စ်ယောက်တည်းဖြစ်ကျန်ခဲ့မှာကို သနားတာရယ်. . . စံစံအ ငေးငေးငေးရလေးနေတာကို တွေ့လိုက်ရမှ. . . ကိုလေးရင်ထဲ င် ကနဲဖြစ်သွားမိတာ. . . ဒေါ်လေးကိစ္စနဲ့စိတ်ထိခိုက် တဲ့ အချိန်ကိုလေးဖွင့်မပြောရက်လို့. . . ချင့်ချိန်နေခဲ့ ကြာပြီ"

"အခုတော့ ဖွင့်ပြောတော့မယ်ဆိုပါတော့"

"အဟွန်း. . . ဆိုပါတော့မဟုတ်ဖူး. . . ဖွင့်ကိုပြောမှာ . . . အဖြေတခါတည်းပေးမလား"

ပင်မြင့်စံလက်ဝါးလေးကို သူ့လက်ဝါးနှင့်ပွတ်သပ်ရင်း ချစ်လွန်းတင်ပြောနေမိသည်။

စိတ်လှုပ်ရှားနေပုံရသော ချစ်လွန်းတင်ကို ပင်မြင့်စံအပြုံး မပျက်စိုက်ကြည့်ရင်း

"စံစံက မိန်းကလေးပါကိုလေးရယ်. . . အခုချက်ခြင်း အဖြေပေးရလောက်အောင်မြန်လို့ဖြစ်မလား"

"အခုခေတ်က အင်တာနက်ခေတ်. . ."

"တော်ပါ. . . သူ့အတွက်သူပြောပြီး. . ."

စံစံချစ်စဖွယ်ခေါင်းလေးစောင်းပြီး ပြောလိုက်ရာ ဟက်ကနဲ ချစ်လွန်းတင်ရယ်လျှက်၊

"မဟုတ်ရပါဘူးကွာ. . . ကိုလေးဖွင့်ပြောတို့ ချိန်နေတာကြာပြီလို့ ပြောပြီးပါရောလား. . . အခုဆိုနောက်တောင်ကျနေပြီ"

ထိုသို့ ချစ်လွန်းတင်ပြောလိုက်ရာ သက်ပြင်းကို မသိမသာချ၍ ပင်မြင့်စံတွေတွေလေးငေးမိသွားသည်။

ဒီစကားတွေဟာ ကိုလေးရင်ထဲက စစ်မှန်တဲ့ ရင်ခုန်သံကြောင့်ဖြစ်ပေါ် လာတဲ့စကားဆိုရင်. . . စံစံရင်ထဲမှာ ကိုလေးအ





တွက်အဖြေက အရန်သင့်ပါကွယ်. . . ကိုလေးအကြံအစည်တွေကိုသိနေတဲ့စံစံ ဘယ်လိုအဖြေမျိုးပေးရပါ့မလဲ. . . ခြော် . . . ဒါပေမယ့် ကိုလေးဆန္ဒတွေကို အားလုံးဖြည့်ဆည်းပေးဘို့ ဆုံးဖြတ်ထားပါတယ်. . . ဒီတော့ ကိုလေးစိတ်ချပါ။ ကိုလေးလိုချင်တဲ့အဖြေ ကြားရပါစေ့ကွယ်. . . အခုတော့ ခဏလေးဖြစ်ဖြစ်စောင့်ပါဦး နော်. . . ကိုလေးဘယ်လိုနည်းနဲ့ ဂလဲ့စားချေမယ်မှန်းမသိသေးတော့ ကိုလေးကို စံစံချစ်ခွင့်ရနေပါရစေဦးရှင်. . .။

"စံစံ"

"ရှင်"

ပင်မြင့်စံအလန့်တကြားလေးပြန်ထူးလိုက်မိပြီး ငေးနေရာမှ ချစ်လွန်းတင်ကို မော့ကြည့်လိုက်သည်။

"ဘာတွေတွေးနေတာလဲကွာ. . . ကိုလေးကို မယုံလို့လား"

"မဟုတ်ပါဘူးကိုလေးရယ်. . . ဒေါ်လေးကိုသတိရမိလို့ပါ"

တိုးတိုးလေးမေးလာတဲ့ ချစ်လွန်းတင်ကို ပင်မြင့်စံတစ်လုံးချင်း ပြန်ဖြေမိသည်။

ညာလိုက်ရတာ စိတ်မကောင်းသော်လည်း အဖြစ်မှန်

ကို သူသိလို့ မဖြစ်သေး၊ သူကလည်း သူ့ဆုံးဖြတ်ချက်နဲ့သူလာတာဆိုတော့ ကိုယ့်ဘက်ကလည်း ကိုယ့်ဆုံးဖြတ်ချက်ရှိပြီးသားမို့ ဇာတ်လမ်းဆုံးမှ သိကြရတာ အကောင်းဆုံးပါဘ။

သူ့လုပ်ရပ်တွေကို ကိုယ်မသိဘူးလို့ သူထင်တဲ့ အတိုင်းရှိပါစေလေ၊

ဒီလိုတွေးပြီး ပင်မြင့်စံ အပြုံးကို အတတ်နိုင်ဆုံးဖန်တီးယူလိုက်ပြီး။

"ကိုလေး. . . စံစံတခုပြောမယ်. . . ကိုလေးပြောမယ့်စကားကို စံစံသိနေတော့. . . ကိုလေးဖွင့်ပြောမ နေနဲ့တော့နော် . . . စံစံကိုအချိန်တော့ပေးစေချင်တယ်. . . ကိုလေးပေးနိုင်ပါ့မလား"

"ဘယ်အချိန်လဲ. . . တရုပ်ကြီးဦးအချိန်လား. . . မပေးနိုင်ဘူးကွာ. . . ကိုယ့်ချစ်သူကို ကိုယ်ဘဲပိုင်ချင်တာ"

"လုပ်လာပြီ. . . အဲ့ဒီစကားက မှန်ရဲ့လားကိုလေးရဲ့"

ကလေးဆိုးကြီးလို လုပ်ပြနေသော ချစ်လွန်းတင်အား ပင်မြင့်စံသွေးတိုးစမ်းကြည့်လိုက်သည်။

"ဘာပြောတယ်စံစံ. . . ဘာကိုမမှန်ရမှာလည်း. . . ဘာကိုမင်းသံသယဖြစ်တာလဲ"

ဒီလောက်ပဲပြောရသေးသည်။ ချစ်လွန်းတင် ပြုံးတူး



ပြတဲ ထဖြစ်တော့၏။

ဆက်ပြောလို့ မဖြစ်မှန်းပင်မြင့်စံ နားလည်လိုက်သည်။ ဒါကြောင့်

"လုပ်ပြန်ပြီ. . . ကိုလေးဟာလေ သူဖြစ်ချင်တာဘဲ သိတယ်. . . ဒီကမိန်းခလေးဆိုတာကိုရော သတိရရဲ့လား"

ဒီတော့မှ ချစ်လွန်းတင် သက်ပြင်းချကာ မျက်နှာကို အတည်ငြိမ်ဆုံးဖြစ်အောင် ပြန်ထားလိုက်ရ၏။

ပင်မြင့်စံ ဘာတွေသိသွားပါလိမ့်ဆိုပြီး မူပျက်သွားတဲ့ သူ့ကိုယ်သူပင် အပြစ်တင်လိုက်မိသည်။

"ဟုတ်ပြီလေ. . . ကိုလေးစံစံကိုစဉ်းစားဖို့ အချိန်ပေးပါ့မယ်. . . ဘယ်လောက်လဲဆိုတာကိုတော့ ကန့်သတ်သင့်တယ် ထင် တယ်စံစံ. . . အချိန်တွေအရမ်းကြာလို့တော့ မဖြစ်ဘူးနော်"

"စိတ်ချပါ. . . ကိုလေး. . . ကိုလေးဆန္ဒကို စံစံအတတ်နိုင်ဆုံးဖြည့်ဆည်းပေးမှာပါ. . . ကိုလေးစိတ်အေးချမ်းသာစွာနေပါ"

"စံစံ ပြောပုံကလည်း. . . ကိုလေးရင်ထဲတမျိုးကြီးဘဲ"

"ဘာမှ မတမျိုးနဲ့. . . ကိုလေးစိတ်ချနေပါဆိုရင် ကျေပ်တော့. . . စံစံဆုံးဖြတ်ချက်က စောချင်လဲစောမယ်. . . မြန်ချင်လဲ မြန်မယ်. . . အမှန်ပြောလို့မရဘူး. . . သစ်သစ်နဲ့

လဲတိုင်ပင်ရဦးမယ်. . . သူကယောင်းမသိပ်တော်ချင်နေ
လေ"

"အေး. . . သစ်သစ်ဆိုမှ. . . သစ်သစ်ဆီရောက်
မျက်နှာမကောင်းဘူး. . . ကိုလေးကိုစကားပြောလိုက်တာ မ
တပွင့်နဲ့. . . ဘာဖြစ်နေလဲမသိဘူး"

ဟင်လို့ မအော်မိအောင် ပင်မြင့်စံ စိတ်ကိုထိန်းလို
ရ၏။ ဘယ်လိုဖြေပြောရမလဲလို့ ဦးနှောက်ကိုပါ အလုပ်ပေးလို
မိသည်။

"နေများမကောင်းလို့လားမှ မသိတာကိုလေးရယ်. . .
စံစံလဲစာအုပ်ပြီးတော့မှာပါ. . . ပြီးတာနဲ့ သူ့ဆီသွားမှာ" နော
လ ဆိုသူ့မင်္ဂလာဆောင်မဟုတ်လား၊ ဒါတွေတွေးပြီး စိတ်ည
တာလဲဖြစ်မှာပေါ့"

"အေး. . . ဒါလဲဖြစ်နိုင်တာဘဲ. . . ဟုတ်သားဘဲ. . .
နောက်လထဲမှာ သစ်သစ်မင်္ဂလာဆောင်ရှိနေတာကို မေ့သွ
တယ်. . ."

ပင်မြင့်စံ ပါးစပ်ထဲတွေ့ရာ ပြောလိုက်မိသာ အဆင်
သွားရသည်။

"လာစံစံ. . . ကိုလေးတို့ ဒီကုန်းလေးကို အတူရော
တုန်းရောက်ခိုက်. . . ဘုရားအတူဖူးရအောင်"





နှစ်ယောက်အတူ ဘုရားဖူးပြီး. . . ကုန်းတော်လေးကို
းဝတ်ပတ်လိုက်ကြသည်။

"ဒီအမေကြည်က အစကသိတ်ချောတာဘဲပြောကြတာ
သို့ပြောကြတယ်. . . ကျိန်စာသင့်ပြီး ဘီလူးမကြီးဖြစ်သွားတာ
ပြောတယ်. . . စံစံရောကြားဘူးလား"

"အင်း. . . ပါးစပ်ရာဇဝင်ကတော့ အများကြီးပါဘဲကို
းရယ်. . . ကိုလေးပြောသလိုဘဲကြားဖူးတယ်. . . တချို့
ပြောတော့လဲ. . . အမေကြည်က ဒီကုန်းကိုစောင့်ဘို့ အထက်
တွေကဘဲ ဘီလူးမအသွင်နဲ့ လွှတ်လိုက်သလိုလို အမျိုး
ပြောနေကြတာပါဘဲ. . . ဘယ်သူမှအမှန်မသိကြပါဘူး
. . . သူ့အစ်ကိုက ဂလဲ့စားချေ တဲ့အနေနဲ့ ကျိန်စာတိုက်လိုက်
ဆိုတာကတော့ အများဆုံး ကြားဖူးတယ်. . . ဂလဲ့စား
ချေခံရတာ အတော်ကြောက်ဖို့ကောင်းတယ်နော်ကိုလေး
. . . ချောချောလေးကနေ ကြောက်စရာကောင်းတဲ့ဘီလူးမ
ကြီးဖြစ်သွားရတာ သနားပါတယ်"

ပုံမှန်မျက်နှာထားနှင့် ခပ်အေးအေးပြောနေသော
ပင်မြင့်စံ ကိုချစ်လွန်းတင်ပြန်ဖြေဘို့ သတိမရဘဲ ကြောင်ငေးစွာ
ကြည့်နေမိ၏။

ပင်မြင့်စံကတော့ ချစ်လွန်းတင်ကို သတိမထားမိဘဲ


အမေကြည် ရှပ်ထုရှေ့က ကျောက်တုံးကြီးကို မကြည့်နေတော့ သည်။

"ရွှေဆံတော်ကုန်းပေါ် သွားဦးမလားကိုလေး"

"မသွားတော့ပါဘူးကွာ. . . ကိုလေးပြန်ချင်ပြီ"

ကျောက်တုံးကြီးကို ပြန်ချလိုက်ပြီး သူမလုပ်သမျှကို လိုက်ကြည့်နေသည့် ချစ်လွန်းတင်အား ပင်မြင့်စံမေးလိုက်သည်။

စိတ်မာတ်ကျနေသော လေသံနှင့် ဖြေကာသူကို အတဲ ခတ်သလိုကြည့်သွားသော ချစ်လွန်းတင်ကို ခပ်မဲ့မဲ့လေးပြန်ကြည့် ၍ သူ့နောက်ကနေပင်မြင့်စံထပ်ချပ်မကွာ လိုက်သွားမိပါသည်။



********************





## အခန်း[၁၁]

"ဟေ့လူ. . . ကိုလွန်း. . . ခင်ဗျားများနေပြီနော် တော်ပါတော့ဗျာ"

ချစ်လွန်းတင်လက်ထဲက ရေမရောဘဲထည့်ထားသည့် အရက်ဖန်ခွက်ကို မြင့်စိုးအတင်းလိုက်လုရင်း ချော့မော့ပြောနေ မိ၏။

ညနေစောင်းတည်းက တစ်ယောက်တည်းထိုင်သောက် နေခဲ့တာ. . . အခုထိ တချက်ကလေးမှ မထသေး. . . ဒီကြား ထဲ ဟိုဆရာဝန်ဆိုသူက ဘာတွေလာရှုတ်သွားသေးလဲမသိ၊ ခေါင်းကို မဖော်တော့ပေ၊ မြင့်စိုးတွေ့နေသော်လည်း လူကျချိန်မို့ ချစ်လွန်း တင်နားကို မလာနိုင်ခဲ့၊ လူရှင်းချိန်ကို စောင့်နေရသည်၊ အခုလည်းကျရော လူမှန်းသူမှန်းပင်မသိဖြစ်နေရပြီ။

"ပေးပါဗျာ. . . လာ. . . ခင်ဗျားအခန်းကို ကျွန်တော် လိုက်ပို့မယ်"

"အာ. . . ရပါတယ်. . . မြင့်စိုး. . . ရ. . . ငါမမူးသေးပါဘူး . . . အောင်ပွဲခံရတော့မှာမို့ အကြိုကျင်းပနေတာလေ. . . အေ့. . . ရော့. . . မင်းပါသောက်လိုက်ဦး. . . ချစ်လွန်းတင်ရဲ့ အောင်မြင်မှုကို ဂုဏ်ပြုတဲ့အနေနဲ့"

မြင့်စိုး စိတ်မသက်သာစွာ ကြည့်နေမိသည်။

"အေ. . . ဘာမှမပူနဲ့. . . ချစ်လွန်းတင်တို့ ဒီလောက်တော့ ခံနိုင်ရည်ရှိတယ်. . . ငါ့ဆန္ဒတွေပြည့်ဝပြီသိလားမြင့်စိုး အားလုံး ငါမျှော်လင့်သလို ကွက်တိဘဲကွ. . . ပင်မြင့်စံဆိုတာ မိန်းခလေး ဖြစ်နေလို့ပေါ့ကွာ. . . ယောကျ်ားလေးသာဆို. . . ဟော့ဒီလိုအစိတ်စိတ်အမွှာမွှာဖြစ်အောင် ချစ်လွန်းတင် လုပ်ပြလိုက်ချင်သေးတယ်. . . ချလွှမ်း. . ."

လက်ထဲက ဖန်ခွက်ကို အားနှင့်မြှောက်၍ ပစ်ပေါက်ပြလိုက်ရာ သံပန်တလင်းနဲ့ ဖန်ခွက်ထိပြီး ကျကွဲသံက ကျယ်လောင်စွာ ထွက်ပေါ်သွားလေးသည်။

"ဟုတ်တယ်. . . ဟုတ်တယ်. . . ကိုလွန်းရဲ့အောင်မြင်မှု ကိုမနက်ဖြန်မှ ဆက်ပြီး ကျင်းပကြရအောင်နော်. . . အခန်းကိုပြန်ပို့မယ်လေ"



"နေပါစေ. . . မပြန်ဘူး. . . ဒီညဒီမှာတညလုံး သောက်မှာ"

မပီမသနှင့် အသံတွေက ဗလုံးဗထွေးပြောချင်တာတွေ ပြောနေပြန်၏၊ တားမရ၍ မြင့်စိုး ဖန်ခွက်အကွဲစများကို လိုက်ကောက်နေမိသည်။ ဖန်ခွက်စတွေလိုက်ကောက်ရင်း ခုံအောက်မှာတွေ့လိုက်ရသော ကဒ်ပြားလေးကို ကောက်ကြည့်လိုက်ရာ . . . ဒေါက်တာရဲဆွေ၏ဆေးခန်းလိပ်စာနှင့် ဖုန်းနံပါတ်တို့ပါသော ကဒ်ပြားဖြစ်နေသဖြင့် စားပွဲပေါ်တွင် ဝမ်းလျှားမှောက်နေပြီဖြစ်သော သူငယ်ချင်းကို နားလည်သဘောပေါက်သွားရသည်။

သူ့ဖာသာသူနေသားကျနေပြီဖြစ်သော အချိန်များကို အဲ့ ဒီဆရာဝန်ရဲဆွေဆိုသူကလာရောက် စိတ်အနှောက်အယှက်ပေးပေါင်းများနေပြီမို့ တခါတလေ အဲ့ဒီဆရာဝန်ကို မလာပါနှင့်တော့ ဟုနှင်ထုတ်မိမတက်မြင့်စိုးဖြစ်ခဲ့ဘူးသည်။ သို့သော်လည်း ကိုယ်ဖွင့်ထားသည်က အများအတွက်ရည်ရွယ်ဖွင့်လှစ်ထားသည့် စားသောက်ဆိုင်၊ အဲ့ဒီတော့ လူပေါင်းစုံလာတတ်တာမဆန်း။ ဒီတော့ မြင့်စိုးလက်ပိုက်ကြည့်နေရသည်။

ချစ်လွန်းတင်ထံမှ ဘာသံမှထွက်မလာတော့တာကို သိလိုက်သည်နှင့် မြင့်စိုးသူ့အခန်းသို့ ပြန်ပို့ရန်စိတ်ကူးဖြင့် သူ့

ခန္ဓာကိုယ်၌ ကားသော့ကို ရှာကြည့်လိုက်သည်။ အကျီဖိတ်ရော ဘောင်းဘီအိတ်ပါမကျန်နှိုက်ကြည့်မှ ဘောင်းဘီအိတ်ထဲမှ ကားသော့နှင့် တွဲထားသော အခန်းသော့ကိုပါ တခါတည်းတွေ့လိုက်ရလေသည်။

ဝိတ်တာလေးတစ်ယောက်ကို လှမ်းခေါ်ပြီး ကားဆီပိုင်းကူပို့ခိုင်းမိသည်။ ကားပေါ်မှာ သူ့ကိုနေသားကျအောင် တင်လိုက်ပြီး သူ့အခန်းရှိရာ ကျောက်မြောင်းသို့ မောင်းခဲ့မိ၏။

"ဟော့. . . ပင်မြင့်စံ. . . မင်းကို. . . ကိုလေးဘယ်လိုမုန်းရမလဲ. . . ဟာ. . . မုန်းမယ်. . . မုန်းလို့ရအောင်မုန်းမယ်. . ."

နောက်ခန်းကနေ ပြောချင်ရာတွေ ပြောလာသော စိတ်လွတ်ကိုယ်လွတ်ဖြစ်နေသည့် သူငယ်ချင်းကို မြင့်စိုးကားမောင်းနေရာမှ တချက်မျှ လှည့်ကြည့်ပြီး သက်ပြင်းသာချမိပါ၏။

"အေး. . . ဟုတ်တယ်ရဲဆွေ မင်းကဆရာဝန်ကြီးဖြစ်နေပြီးနောက်ထပ် အထူးကုဘွဲ့ကိုပါယူမဲ့အကောင်း . . . ငါကဘာမှ တန်ဘိုးမရှိတဲ့အကောင်. . . ဟုတ်တယ်ကွာ. . . မင်းပြောတာမှန်လိုက်တာ. . . ဖွဲ့ဒါဘာ့ကြောင့်လဲသိလား. . . ငါဒီဘဝရောက်ရတာ ဘယ်သူ့ကြောင့်လို့ မင်းထင်လဲ. . . ပင်မြင့်စံ ဆိုတဲ့မိန်းမကြောင့်ကွ မင်းသိရဲ့လား"





နောက်ထပ်ကြားလိုက်ရသော စကားများကြောင့် မြင့်စိုး ပို၍စိတ်မကောင်းဖြစ်သွားရလေသည်။ ညနေကအဲ့ဒီ ဒေါက်တာရဲဆွေ ပြောသွားသည့်စကားတွေကြောင့် သူငယ်ချင်းဖြစ်သူ ပိုပြီးခံစားနေရမှန်း သိလိုက်သည်တွင် သူပါရော၍ စိတ်ထိခိုက်မိတော့သည်။


မထားအပ်သော မာနတွေ၊ အာဂါတတွေထားနေသော သူငယ်ချင်းကိုလည်း ဒေါသထွက်ရမလို သနားရမလိုနှင့် ဝေခွဲခက်လိုက်ပါဘိ၊

သူ့တိုက်ခန်းရှေ့မှာကားကိုရပ်ပြီး မနိုင့်တနိုင်နှင့်ပင် အိမ်ထဲရောက်အောင် ပို့လိုက်ရသည်။

အခန်းထဲကို အရောက်ပို့ပေးပြီးကုတင်ပေါ်မှာ သေချာတင်ပေး၍ စောင်ခြုံကာခြင်ထောင်ပါချပေးလိုက်သည်။ ပြီး အခန်းပတ်လည်ကို သတိထားကြည့်မိလေသည်။ နောက် . . . အခန်းမျက်နှာကျက်အားလုံးကို မြင့်စိုး လိုက်ကြည့်ပြီး သူငယ်ချင်းဖြစ်သူချစ်လွန်းတင်၏ ရင်ထဲကဝေဒနာအတိမ်အနက်ကို မှန်းဆလို့ရသွားခဲ့လေသည်။

အခုမှဘဲ မိမိဘာလုပ်ပေးသင့်သည်ကို တွေးမိလာ၏၊ ဒေါ်ကြောင့်ခုနက ကောက်လာခဲ့သော ဒေါက်တာရဲဆွေ၏ ဖိတ်စာကဒ်လေးကို စားပွဲပေါ်တင်ထားပေးခဲ့ပြီး၊ စိတ်လက်ပေါ့

ပါးစွာဖြင့် အခန်းတံခါးကို အသေအချာသော့ခတ်ပေးခဲ့ကာ
သွက် လက်သော ခြေလှမ်းများနှင့် လျှောက်လှမ်းလာခဲ့မိပါ
သူငယ်ချင်းဖြစ်သူအတွက် ရင်ထဲမှာ အုခုမှဘဲ ပေါ့
သွားခဲ့ရသည်။





## အခန်း[၁၂]

"ဟော့. . . အခန်းထဲက ဘယ်သူလဲ. . . ငါကသူခိုး
တ်လို့ အော်တော့မလို့နော်. . . ဘယ်တုန်းက ရောက်နေတာ
လဲမိစံ"

ရုံးက ပြန်ရောက် ရောက်ချင်းအခန်းထဲက အသံကြား
လိုက်၍ တံခါးဖွင့်ကာဝင်လာရင်း ခင်မေသစ်အသံပေးလိုက်မိ
သည်။

"အိမ်ရှေ့ကနေအော်မနေနဲ့ဟ. . . ဒီမှာနေမ ကောင်း
ဖြစ်လာတယ်. . . လူနာသတင်းလာမေးဦး"

"အမလေး. . . နေမကောင်းဖြစ်တဲ့အသံကလဲ အလတ်
ကြီးပါလား"

ခင်မေသစ်ကလည်း အားကျမခံပြန်စရင်းအခန်းထဲသို့ ဝင်လာခဲ့သည်။

တကယ်လည်း ကုတင်ပေါ်မှာ ကွေးကွေးလေးအိပ်နေတာလဲမြင်ရော ခင်မေသစ်အနားကို ကပ်လာပြီး။

"ဟဲ့ . . . တကယ်နေမကောင်းနေပါလား . . . ဘာဆေးသောက်ထားလဲ . . . ဘယ်နေ့တည်းကဖြစ်နေတာလဲ"

လက်ထဲက ဆွဲခြင်းကို စားပွဲပေါ်တင်လိုက်ကာ နဖူးကို လက်ဖျားလေးနှင့်စမ်း၍ အဆက်မပြတ်မေးနေလေသည်။

"တခုချင်းမေးပါလားဟာ . . . နင်မေးတာကို ကြားပြီး ငါတောင်မောလာတယ်"

ပင်မြင့်စံ ခပ်မဲ့မဲ့လေးပြောလိုက်မှ ခင်မေသစ် ရယ်ဟဟဖြင့်၊

"မိန်းမစိုးရိမ်လို့မေးတာကို ပြန်မပြောနဲ့ . . . ဖြေ . . . ဘယ်တုန်းကဖျားတာလဲ . . . ရေချိုးမှားပြန်ပြီလား"

"ဘယ်ကလာ . . . ရေချိုးမှားရမှာလဲဟာ . . . အခုပြီးလာတဲ့စာအုပ်ကို မြန်မြန်ပြီးချင်ဇောနဲ့ . . . နေ့ရောညပါရေးလိုက်တာ . . . အိပ်ရေးတွေပျက်ပြီးဖျားတာ"

"ဟင် . . . ဘာအရေးကြီးလို့ နင်ဖအဲ့သလောက်တွန်းရေးရတာလဲ . . . ဘယ်တုန်းကနင်ညဘက်ရေးဘူးလို့လဲ"





"ဟုတ်တယ် . . . အရင်ကညဘက်မရေးဘူးပေမဲ့ . . . အခုမြန်မြန်ပြီးချင်လို့ ညဘက်ပါရေးမိတာ"

"ဘာဖြစ်လို့လဲ"

"သိချင်ရင်ယူကြည့်ပေါ့ . . . စားပွဲပေါ်မှာ တင်ထား . . .ယ်"

ခင်မေသစ် စားပွဲပေါ်ကို လှမ်းကြည့်ပြီး ထပ်ထားသော . . .စာအုပ်သုံးအုပ်ကို ဆွဲယူလိုက်၏၊ ပထမစာမျက်နှာရှိ ခေါင်း . . .ကို အရင်ဖတ်ကြည့်ပြီး ချာကနဲ လှည့်၍ ပင်မြင့်စံကို ကြည့် . . .်မိသည်။ ခေါင်းအုံးနှစ်လုံးကို ဆင့်ကာ မှီထိုင်လျှက်က ပြန် . . .ည့်နေသည်မို့ စိတ်ထဲထင်နေတာကို မေးလိုက်မိသည်။

"ဘာလဲ . . . ဒါနင်တို့ဇာတ်လမ်းလား"

"ဟုတ်တယ်"

"ဒါဖြင့် . . . ကိုလေးက နင့်ကို ဖွင့်ပြောလိုက်ပြီပေါ့ . . .်လားမိစံ"

"ဆိုပါတော့ . . . ဒါပေမဲ့ . . . ငါအဖြေမပေးရသေးပါ . . . စောင့်ပါလို့ပြောထားတယ်"

"ခက်တာကမိစံရယ် . . . တခါတည်းငြင်းလိုက်ပါလို့ . . .သားရက်နဲ့"

"နင်နဲ့ငါအမြင်ခြင်းမတူဘူးသစ်သစ် . . . သူငါ့ကိုဂလဲ့

စားချေမလို့ပါလို့ နင်ပြောတုန်းကတောင်ငါသူ့ကို ဒေါသမထွက်တဲ့အပြင် သူစိတ်ထိခိုက်ခဲ့ရတဲ့ ကာလတွေကိုပြန်တွေးကြည့်ပြီး စာနာသနားမိခဲ့တယ်. . . သူ့ကိုရင်းနှီးခဲ့ရပြီး သူ့ရဲ့လေးစားစရာ စိတ်ဓာတ်တွေ အားကိုးထိုက်တဲ့ အရည်အချင်းတွေကို ကြုံတွေ့ပြီးတဲ့ငါက. . . ချစ်မိပြီဆိုတဲ့ အဖြေထွက်လာပြီးမှ မုန်းဘို့လွယ်တာ နင်ကိုယ်ချင်းစာတတ်ပါ့မလား"

"နင့်ရောဂါကျွမ်းနေမှန်းငါမသိလိုက်ဘူးစံစံ"

"ရောဂါကဖြစ်တာနဲ့ ကျွမ်းသွားတာကိုး နင်ဘယ်သိလိုက်ပါ့မလဲ. . . နောက်ပြီးနင်သိအောင်ပြောချင်သေးတယ်. . . ချစ်တတ်ကြသူတိုင်း ချစ်တဲ့သူကို စိတ်ချမ်းသာစေချင်ကြတယ်လေ"

"တော်ပါတော့မိစံရယ်. . . နင့်စာအုပ်ထဲထည့်ရေးမဲ့စကားတွေငါ့လာပြောပြမနေနဲ့. . . နင့်ဂါးစပ်ကထွက်လာတဲ့ချစ်တယ်ဆိုတဲ့ စကားကိုလဲငါမကြားချင်ဘူးထပ်မပြောနဲ့"

စာအုပ်ကို စားပွဲပေါ်ပစ်တင်ပြီး ခင်မေသစ် မျက်လုံးစုံမှိတ်ခါ အော်လိုက်မိသည်။

"စိတ်ကို အရမ်းမလွှတ်လိုက်နဲ့ သစ်သစ်. . . စံစံကိုဒေါသထွက်နေတာဟာ. . . စေတနာဒေါသဆိုတာ စံစံလက်ခံတယ်. . . အဲ့ဒီစိတ်နဲ့သစ်သစ်ရောဂါရမှာ စိုးလို့ စံစံပြန်တား



ပါရစေ"

"အေး. . . ဟုတ်တယ်. . . နင့်ကိုလားကိုလေးကိုလား ဆိုတာ ငါဝေခွဲမရပေမယ့်. . . အဲ့ဒီအကြောင်းတွေးမိတိုင်း ရင်ထဲမှာ မွှန်းကြပ်နေမိတာတော့အမှန်ဘဲ. . . မခံစားနိုင်လွန်းလို့ မနေ့ကတောင် စောလမွန်ကို ရင်ဖွင့်မိသေးတယ်"

"ဟင်. . . သူကဘာပြောလဲ"

"ဘာပြောရမလဲ. . . ငါ့ကိုနားချတာဘဲပေါ့. . . သစ်သစ်ဝင်မပါဘဲ ပွဲကြည့်ပရိသတ်သာ လုပ်နေလိုက်ပါတဲ့"

"အဲ့ဒါမှန်သောစကားဘဲဟာ. . . တော်တယ်ကရင်ငပု. . . နောက်တခါတွေ့ရင် ရွှေပြည်အေးမှာ လက်ဘက်ရည်တိုက်ရမယ်. . . ရန်ကုန်မှာတွေ့ဖြစ်မှာ မဟုတ်ဖူးလေ. . . ဘုံတေးကြမှတွေ့မှာကိုး"

"တော်ပြီမိစံ. . . နင့်ကိုငါဖြိုင်မပြောချင်တော့ဘူး"

စိတ်ပျက်ပျက်နှင့် ခင်မေသစ်သူမ ကုတင်ရှိရာကို ကူးသွားလိုက်သည်။

"နေဦးသစ်သစ်ရဲ့. . . ငါပြောစရာကျန်နေသေးတယ်. . . အဲ့ဒါလေးတော့ နားထောင်ဦးနော်"

"ဘာစကားလဲ"

"ငါဟိုတခါ. . . ကားပေါ်ကအဆင်းကိုလေး ဝင်တိုက်

လိုက်တုန်းက ကိုလေးကိုဘေးကနေကြည့်ပြီး လန့်သွားရ
အဖြေရင်ခုန်ရတဲ့အဖြေကို ငါစဉ်းစားမိတယ်ဆိုတဲ့စကားပါ"

ခင်မေသစ်စိတ်ဝင်စားသွားရကာ ပင်မြင့်စံအား ဘာ
. . . ပြောဆိုသည့် သဘောနှင့် မျက်လုံးပင့်ကြည့်လိုက်သည်

"ဟိုတလောက သစ်သစ်ပြောတဲ့စကားနဲ့ဆက်စပ်ကြ
မိတာလေ. . . စံစံတို့ကျောင်းမှာပြဿနာဖြစ်ပြီး နောက်နေ့
. . . သံလျှင်က ကိစ္စကိုပြောတာနော်. . . စံစံညနေဘက် လမ်း
ထိပ်က ဈေးဝယ်ပြီး လမ်းထဲကိုပြန်အလာ. . . လမ်းထဲက ထွ
လာတဲ့ လူတစ်ယောက်က စံစံကိုဝင်တိုက်လိုက်တာလေ လက်ထဲ
က ပစ္စည်းတွေတောင် လွတ်ကျကုန်တယ်. . . တိုက်လိုက်တဲ့သူ
ကို စံစံလှမ်းကြည့်လိုက်တော့ စံစံကို စားမတတ် ဝါးမတတ်မျက်
လုံးတွေနဲ့ သူကပြန်ကြည့်တော့လန့်ပြီး အဲ့ဒီနားမှာတင် သတိ
လစ်သွားခဲ့တာ. . . အကြောင်းအကျိုးဆက်စပ်ပြီး ပြန်တွေး
လိုက်တော့ ဒါကိုလေးဘဲဖြစ်ရမယ်လို့ အဖြေ ထွက်လာတယ်
. . . ကားပေါ်ကကိစ္စနဲ့ စပ်တွေးမိရင် ဟိုတုန်းက အဖြစ်ကို
သွေးကလန့်နေ တာဘဲဖြစ်မှာလို့ တွေးမိလိုက်တယ်"

"နင်သတိလစ်သွားတော့ကိုလေးကလှည့်မကြည့်ဘူး
လား"

"သိဘူးလေ. . . ငါသတိရတော့ အိမ်ပြန်ရောက်





နေပြီ"

"နင့်အိမ်ကရော. . . ဘာဖြစ်တာလဲလို့မေးလား"

"အေး မေးတယ်. . . ငါကခလုတ်တိုက်မိပြီး လဲတာ
ဘဲ လွယ်လွယ်ဖြေလိုက်တယ်"

"တော်သေးတာပေါ့ယုံသွားကြလို့"

"ငါ. . . စာအုပ်သွားပို့ရင်ကောင်းမလားမသိဘူး"

"ဟဲ့. . . နင်နေမကောင်းနေတာလေ. . . မနက်ကြမှ
သွားပို့တော့ပေါ့. . . အခုဘဲ. . . ငါးနာရီခွဲနေပြီ. . . မိုးတွေ
လာနေတယ်"

"အေး. . . ဟုတ်ပါတယ်လေ"

ပင်မြင့်စံ ထိုသို့ပြောပြီး ခေါင်းအုံးတစ်လုံးကို ဖယ်လိုက်
တုန်းလုံးပြန်လှဲနေလိုက်သည်။

"နင်ဘာစားမလဲစံစံ. . . ဘာလုပ်ပေးရမလဲ"

"မလုပ်ပေးပါနဲ့ဟာ. . . တော်ကြာမှ ဟိုဘက်လမ်းက
ဆိုင်မှာ ဆန်ပြုတ်သွားဝယ်သောက်မယ်" နင်ထမင်းစား
တော့လေ"

"ဒါဆို. . . ငါရေချိုးလိုက်ဦးမယ်"

ပွမ်း. . . ပွမ်း. . . ပွမ်း

ခင်မေသစ် ရေချိုးရန် အင်္ကျီချွတ်မည်ပြင်ဆဲ ကားသံ

ကြား၍ အကျီကို မချွတ်သေးဘဲ ထွက်ကြည့်လိုက်ပြီး။

"အိပ်နေစံစံ. . . ကိုလေးကို ငါသွားပြောလိုက်မယ်
နေမကောင်းတဲ့အကြောင်း"

ခင်မေသစ်ခပ်သုတ်သုတ်ထွက်သွားပြီး တံခါးဖွင့်
ရင်းဖြင့်

"ဘယ်ကလှည့်လာလဲကိုလေး"

"ဘယ်ကမှလှည့်မလာပါဘူး. . . စံစံကိုခဏလော
ခေါ်သွားချင်လို့. . . ဆိုင်ကနေ ဒီကိုတန်းလာတာ"

"ဘယ်ကိုခေါ်သွားမလို့လဲ. . . စံစံနေမကောင်းဘူး"

"ဟုတ်လား. . . စံစံခဏလောက်ထွက်ခဲ့ပါဦးကွာ. . .
တော်တော်ဖြစ်နေလို့လား. . . ကိုလေးလာဝင်ကြည့်ရမလား"

ဧည့်ခန်းထဲကနေ အိပ်ခန်းဆီသို့ လည်ပင်းရှည်
မျှော် ကြည့်ရင်း ချစ်လွန်းတင်ပြောလိုက်လျှင်

"အား. . . မဝင်ခဲ့နဲ့. . . စံစံထွက်လာမယ်"ချစ်လွ
တင် တဟားဟားနဲ့ အော်ရယ်လိုက်လေသည်။

"အိပ်ခန်းထဲဝင်လာတော့မှာတော့ ကြောက်လား. . .
ကိုလေးကစံစံကိုပြစရာရှိလို့ ကိုလေးတိုက်ခန်းကို ကားခေါ်သွား
မလို့ဟာ နေမကောင်းဘူးဆိုတော့ နောက်နေ့မှဘဲခေါ်တော
မယ်"





"အဲ့လိုပြောမှစံစံစိတ်ဝင်စားလာတယ်. . . လိုက်ခဲ့
ယ်လေ. . . မကြာဘူးမှတ်လား"

"မကြာပါဘူး. . . ခဏလေး"

မလိုက်စေချင်၍ မျက်လုံးပြူးကြည့်နေသော ခင်မေသစ်
ပင်မြင့်စံ မသိသလိုဘဲ နေလိုက်ပြီး

"ခဏလေးနော်ကိုလေး. . . စံစံအနွေးထည်လဲလိုက်ဦး
ယ်. . . သစ်သစ်ခဏလေးလိုက်သွားဦးမယ်သိလား"

"မြန်မလာလဲအေးတာဘဲ"

"ဟဲ့"

"ဘာဟဲ့လဲ မိုးတွေလာနေတာမြင်ရဲ့လား. . . ကိုယ်လဲ
မကောင်းဘဲနဲ့. . . ဘာအရေးကြီးလို့ညနေစောင်းမှလာခေါ်
ဘာတဲ့လဲ"

စိုးရိမ်စွာ မျက်နှာလေးပျက်နေသော သူငယ်ချင်းကို
ပင်မြင့်စံပါးလေးဆွဲလိမ်လိုက်ပြီး နားရွက်နားကို တိုးတိုးလေးကပ်
လျှက်

"ယောက်မကလဲ. . . ခဏလေးပါဆို. . . လာကိုလေး
သွားစို့"

ခင်မေသစ် ပင်မြင့်စံကို အံကြိတ်ပြပြီး အစ်ကိုဖြစ်သူ
ကိုပါ မျက်လုံးဆွေကြည့်လျှက်

"ကိုလေး. . . စောစောပြန်ပို့နော်. . . စံစံနေကောင်းတာမဟုတ်ဖူး"

"အေးပါဗျာ. . . နင်ကလဲစိုးရိမ်တာက လွန်လွန်းအားကြီးတယ်. . . ၉-နာရီမထိုးခင်ပြန်ပို့ပေးမယ်"

ကားထွက်သွားသော်လည်း သစ်သစ်နေရာမှာပင် ထိုင်နေဆဲ လိုက်မသွားမိတာ မှားတာပဲဟု နောင်တရနေမိသည်။

မဟုတ်တာတွေတော့ မဖြစ်တန်ကောင်းပါဘူးဟု တွေးကာ ဖြေလိုက်မိသည်။

ကိုယ်ကသာပူနေတာ. . . ကျော့နေအောင်လိုက်သွားရဲ့တဲ့ မိန်းမကို အံ့ဩပါရဲ့၊ အကြောက်အလန့်မရှိပုံများ အောချမိတယ် တကယ်ပဲ အတန်တန်ပြောထားရက်နဲ့များ ဒေါသထွက်နေသည့် ကြားက ဘာမှ မဖြစ်ခဲ့ပါစေနဲ့လို့လည်း ဆုတောင်းမိလိုက်သေးသည်။

ပူပင်စိတ်ကြောင့် ထမင်းစာရန်နှင့်ရေချိုးရန် ကိုယ်မေ့သွားရသည့် အဖြစ်၊ ထိုင်နေသည့် နေရာမှာပင် ဆက်ထိုင်နေမိပါ၏။

ကားနောက်ပါသွားသည့် ပင်မြင့်စံရင်ထဲမှာလည်း အတွေးတွေလှိုင်ထနေရသည်။ သူမအတွက် အစိုးရိမ်ပိုကဲနေသောသူငယ်ချင်းဖြစ်သူ အတန်တန်တားနေသည့်ကြားက ဇွတ်လိုက်





…ခဲ့မိသည်ကို နောင်တမရသော်လည်း သူငယ်ချင်းအား လှမ်း…တောင်းပန်နေမိသည်။

ငါ့ကိုခွင့်လွှတ်ပါသူငယ်ချင်းလို့ မပြောလိုသော်လည်း…ခုကိစ္စက ချစ်သူ၏ ဆန္ဒတစ်ခုမို့ ဖြည့်ဆည်းပေးလိုက်တဲ့…ဘာဆိုတာကိုဖြင့် နားလည်စေချင်သည်။

ချစ်တဲ့သူက ဘာအတွက်ပဲ လာခေါ်ခေါ် နဂိုတည်းက…ဖြတ်ထားပြီးတဲ့ ဆုံးဖြတ်ချက်မို့ လိုက်ခဲ့ခြင်းရယ်ပါ၊ နားလည်…ပါ သူငယ်ချင်းရယ်၊

ချစ်လွန်းတင်မောင်းလာသော ကားလေးက ပန်းဆိုး…း အထက်လမ်းကနေ ကွေ့ကာပတ်ခါဖြင့် ကျောက်မြောင်း…ဦးတည်နေလေသည်။

ကားမောင်းရင်း တစ်လမ်းလုံး စောင်းငဲ့ကြည့်မိသော်…ည်း စကားတခွန်းမှ မပြောဘဲ တိတ်တိတ်လေးလိုက်ပါလာ…ာ ချစ်သူကို ချစ်လွန်းတင်သနားသွားမိ၏။

ချစ်ပါတယ်လို့ ဖွင့်မပြောသော်လည်း မိမိအား ယုံကြည်…အပြည့်ဖြင့် လိုက်ပါလာခဲ့သူလေးကို ကျေးဇူးတင်မိပါသည်။

အပေါ်နှုတ်ခမ်းလေးကို ရှေ့သွားလေးနှင့် ဖိကိုက်ခါ…ည့်တည့်ကိုသာ စိုက်ကြည့်နေပုံလေးက စိတ်လှုပ်ရှားနေ…ဟန်သာလှသည်။ သို့သော်တည်ငြိမ်မှုအပြည့် ကြောက်စိတ်

ကို ထိန်းချုပ်နေသော သူမကို အခုခေါ် လာခဲ့တာ ဟန်ဆောင်
မှုနှင့်လား တကယ့်စိတ်ရင်းနဲ့လားဆိုတာကိုပင်၊

အတွေးမဆုံးလိုက်၊ တိုက်ခန်းရှေ့ရောက်သည်နှင့် မိုးထ
ဝေါကနဲ ရွာချလိုက်သည်မို့ အခက်တွေ့သွားရသည်။

ကားရပ်သည့်နေရာနှင့် တိုက်ခန်းတံခါးပေါက်ထ
လည်း နှစ်လမ်းသုံးလှမ်းလောက်သွားရဦးမည်၊ ချစ်လွန်းတင်
ထေးမနေတော့ဘဲ လျှင်မြန်စွာ ဆုံးဖြတ်ချက်ချက်လျှက်။

"စံစံ. . . ကားထဲမှာ ခဏနေဦးနော်. . . ကိုလေး အိမ်
ထဲမှာ ထီးဝင်ယူလိုက်ဦးမယ်"

ပြောပြီးတံခါးကိုအဖွင့်

"နေဦးကိုလေး. . . ကိုလေးစိုကုန်မှာပေါ့. . . စိုလဲအ
တူတူစိုတာမကောင်းဘူးလားကိုလေး. . . နှစ်ယောက်အ
တူလာကြ ပြီး. . . ကိုလေးတစ်ယောက်တည်း အစိုခံရမယ်ဆို
တော့. . . စံစံဘယ်တရားပါ့မလဲ. . . နေဦး. . . စံစံပါတခါ
တည်းလိုက်မယ်"

တားချိန်မရလိုက်တံခါဖွင့်ကာ ပင်မြင့်စံဆင်းလာခဲ့
လေသည်။ ချစ်လွန်းတင်ကြောင်ပြီး ကြည့်နေဆဲ၊ မိုးရေထဲကနေ
ကားခေါင်းဘက်လှည့်ပြီး အနားကို ရောက်လာကာ. . .
ချစ်လွန်းတင်လက်ကိုဆွဲ၍



"လာလေကိုလေး. . . ဘာကြောင့်ကြည့်နေတာလဲ'

အိမ်ပေါက်ဝထိ အပြေးလေးသွားမိကြလေသည်။
ချစ်လွန်းတင်တံခါးကို အမြန်သော့နှင့်ဖွင့်ပြီး အိမ်ထဲကို တတိုက်
တရိုက်ဝင်ရင်း၊

"ထိုင်နေဦးစံစံ. . . ကိုလေးတဘက်သွားယူခဲ့မယ်"

ဧည့်ခန်းထဲမှာ ထိုင်ခိုင်းထားခဲ့ပြီး သူ့အခန်းရှိရာ ခပ်
သုတ်သုတ်သွားနေမိသည်။ မျက်စေ့ထဲမှာလဲ မိုးရေထဲကနေ
သူ့လက်ကိုလာဆွဲသော စံစံပုံစံက တရစ်ဝဲဝဲ။

ချစ်လွန်းတင်ထွက်သွားသည်နှင့် ရေစိုသွားသော
ဆံပင်တွေကို ပင်မြင့်စံဖြန့်ချလိုက်ရင်း အနွေးထည်ကို ချွတ်လိုက်
လေသည်။ အနွေးထည်ဘာရေစိုသွားပြီး အထဲက အင်္ကျီရေ
သိပ်မစိုလို့ တော်သေးတယ်ဟု တွေးနေမိ၏။

လက်လေးကို ပိုက်လိုက်ပြီး ဧည့်ခန်းထဲကို လှည့်ပတ်
ကြည့်လိုက်မိသည်၊ ဧည့်ခန်းနှင့် ဘုရားခန်းကလဲ ကပ်ရပ်မို့
အားလုံးတွေ့နေရ၏။

ဧည့်ခန်း၏ သပ်ရပ်မှု၊ ဘုရားခန်း၏သန့်ရှင်းစင်ကြယ်
မှုတွေက ချစ်လွန်းတင်၏ စိတ်ထားကို ဖော်ပြနေလေသလား
ဟုပင်မြင့်စံ အမှတ်ပေးနေမိ၏။

ဘုရားကျောင်းဆောင်အတွင်းမှ ရုပ်ပွားတော်၏ ကြည်

ညှိဖွယ်ရာ မျက်နှာတော်နှင့်စိမ်းလန်းစိုပြေနေသော ဘုရားယ
ဖိုး သောက်တော်ရေခွက်တို့၏ ကြည်လင်ဝင်းပမှု ဒါတွေဟာ
အမှတ်ပေးစရာတွေချည်းဖြစ်နေ၏။

ဘုရားမီးအလင်းရောင်ကြောင့် ကြည်ညိုဘွယ်ရာ မှ
ပွားတော်အား ပင်မြင့်စံလက်အုပ်ချီလိုက်မိသည်။ တခဏ
အတွင်းမှာပင် ငြိမ်းအေးမှုရသွားသည်ဟု သူထင်လိုက်မိပြီး
ကြောက်စိတ်တွေလဲ ပျောက်သွားရ၏။

"စံစံ. . . ဘုရားဖူးချင်ရင် ဘုရားကျောင်းဆောင်ရှေ့
ကို သွားမလား. . . ဆံပင်တွေကို ရေအရင်သုတ်လိုက်ရှေ့
တဘက်. . . ကိုလေးသောက်တော်ရေသွားလဲထားလိုက်မယ်"

ပင်မြင့်စံလက်ထဲကို တဘက်ပေးထားခဲ့ပြီး ဘုရား
သောက်တော်ရေတွေကို ပုံးလေးထဲစွန့်ကာသောက်တော်ရေ
ခွက်တွေကို ဆေးကျောပြီး ရေအသစ်လဲထည့်နေသော ချစ်လွန်း
တင်ပြုလုပ်နေသည့် မြင်ကွင်းအား မမှိတ်မသုန်စိုက်ကြည့်ပြီး
ပင်မြင့် စံ ကြည်နူးနေမိ၏။

အနားသို့ ချစ်လွန်းတင်ပြန်လာပြီး
"ပေးစံစံကိုလေးသုတ်ပေးမယ်"

ပင်မြင့်စံလက်ထဲက တဘက်ကို ချစ်လွန်းတင်ဆွဲယူ
လိုက်ပြီး ဆံပင်များကို ကိုယ်တိုင်သုတ်ပေးနေမိသည်။





ပင်မြင့်စံမျက်ရည်ဝဲမတတ်ကြည်နူးမိပါ၏၊ ဒီလိုပြု
လုပ်ပေးနေတာတွေဟာ စစ်မှန်တဲ့ ကြင်နာမှုတွေသာ ဖြစ်ပါက
သက် ပျော်မိမှာအမှန်. . . အခုတော့။

"စံစံ. . . ကိုလေးဒီလိုအမြဲဘဲကြင်နာယုယနေချင်
တယ်ကွာ"

ပင်မြင့်စံ ဘာမှပြန်မဖြေဘဲ ငြိမ်နေမိ၏၊ ရင်ထဲမှာ တော့
စကားတွေအများကြီး ပြောနေမိပါသည်။

"စံစံကိုလေးကို စကားပြောပါဦး. . . ကိုလေးအခု
လို လုပ်ပေးနေတာတွေကို ကျေနပ်ရဲ့လား. . . ဟာ. . . စံစံအ
နွေးထည် ချွတ်ထားတယ်. . . နေဦး. . . ကိုလေးရှပ်အင်္ကျီတ
ထည်ယူပေးမယ်"

ဆံပင်ရှည်လေးတွေကို သုတ်ပေးနေရာမှ ဘေးကိုကျ
နေသော ဆံပင်တွေကို ဖယ်ပြီး မေးလိုက်ရာ အနွေးထည်ချွတ်
ထားတာကို သတိထားမိသွားကာ ရှပ်အင်္ကျီတထည်ပြေးယူမိ
လေသည်။

"ရော့စံစံ. . . ဒါလေးဝတ်ထား"

ကိုယ်တိုင်ဝတ်ပေးတော့မတတ် ဖြစ်နေသော ချစ်လွန်း
တင်ကို ပင်မြင့်စံတည်ငြိမ်စွာ မော့ကြည့်၍ အင်္ကျီကို ယူဝတ်
လိုက်သည်။

"ဟတ်ချိုး. . . ဟတ်ချိုး"

အကျီလာပေးမှဘဲ အလိုက်ကမ်းဆိုးမသိ နှာခေါင်း
ချေတော့သည်။

"ဟောနှာချေပြီ. . . နေနေကိုလေး ကော်ဖီပူပူဖော
သွား ဖျော်ခဲ့မယ်"

ထမင်းစားခန်းဘက်ကို ပြေးဆင်းသွားသည့် ချစ်လွန်း
တင်အား ပင်မြင့်စံကြည့်ကာ ရယ်ချင်နေမိတော့သည်။ သူမဆီ
ကြည့်ပြီး ဟိုဟာပြေးယူပေးရ၊ ဒီဟာပြေးယူပေးရ ကော်ဖီဖျော်
ပေးရနှင့် သူ့ကိုယ်ပေါ်က အကျီအစိုကို မချွတ်မိ ခေါ်လာရန်
ကိုစွပါမေ့နေပုံရသဖြင့် သူ့ကိုမကြောက်သည့်အပြင် ရယ်
တောင် ရယ်ချင်နေမိ၏၊ ရင်ထဲမှာလဲ လှုပ်လှုပ်ခပ်ခပ်။

ဒါပေမယ့် နှစ်ယောက်တည်း တိုက်ခန်းထဲမှာ ရှိနေတာ
ကို့ဖြင့် မေ့မထားပါ။

"ကိုလေး. . ."

"ဟင်. . . ဘာလဲစံစံ. . . ညှော်ခန်းထဲမှာဘဲနေလေ. . .
ကိုလေးကော်ဖီဖျော်ပြီး ယူခဲ့မှာပေါ့"

ထမင်းစားခန်းအထိဝင်လိုက်လာသောပင်မြင့်စံအား
ကော်ဖီဖျော်နေရာမှ ချစ်လွန်းတင်အကဲခတ်နေမိသည်။

မိမိအား ယုံကြည်မှုတွေအပြည့်ရှိနေပုံက မယုံကြည်နိုင်





ောင်ဖြစ်နေရသည်။

ဒီနေရာမှာ မိမိဘက်က မရိုးသားခဲ့သော် သူမဒါတွေ
သည့်မတွက်ပဲနေမှာမဟုတ်၊ ဒါဆို သူမ မိမိကို ထိုအတွေး
် ကော်ဖီမှုတ်သောက်နေသော ပင်မြင့်စံဘေးကို သွားရပ်ခါး
ကြည့်၍ ညှင်သာစွာ ခေါ်လိုက်လေသည်။

"စံစံ"

ကော်ဖီခွက်ကိုပြန်ချလိုက်ပြီး ပင်မြင့်စံမော့ကြည့်၍
ည်လင်စွာပင်။

"ပြောလေကိုလေး"

"ဒါ. . . ကိုလေးရဲ့တိုက်ခန်းဆိုတာ စံစံသိတယ်နော်"

"သိတယ်လေ. . . ကိုလေးဘဲခေါ်လာပြီးတော့"

အေးဆေးစွာပင် ပင်မြင့်စံပြန်ဖြေလိုက်သည်။

"ဟုတ်တော့ဟုတ်ပါတယ်. . . စံစံကိုကြည့်ရတာ. . .
ိုလေးကိုကြောက်နေပုံမရဘူး. . . ကားပေါ်မှာတုန်းက စံစံ
ိတ် လှုပ်ရှားနေတာကိုလေးသိတယ်. . . အခုတည်ငြိမ်လွန်း
နေလို့မေးကြည့်တာပါ. . . ကိုလေးကို မကြောက်ဖူးလား လို့"

"ကိုလေး. . . စံစံကိုမေးနေမဲ့အစား ကိုလေးကိုယ်
ပေါ်က စိုနေတဲ့ အကျီကို အရင်သွားလဲလိုက်ပါလား"

ဒီတော့မှ ချစ်လွန်းတင် ကိုယ့်ကိုကိုယ်ပြန်ငုံ့ကြည့်မိပြီး

ရယ်ချင်သွားရသဖြင့် စံစံအတွက်လုပ်ပေးရတာနှင့် ကိုယ့်ကို ကိုယ်တောင် မေ့နေရတဲ့အဖြစ်။

"မလဲတော့ပါဘူးစံစံ. . . စံစံတောင် နေမကောင်းတဲ့ ကြားက ကိုလေးနဲ့အတူ မိုးအစိုခံရဲသေးတာဘဲ. . . ကိုလေး ကနေ ကောင်းနေတာ ဒီလောက်တော့ ခံနိုင်ရည်ရှိရမှာပေါ့ . . . မဟုတ်ဖူးလား. . . ကိုလေးမေးတာကိုသာဖြေကွာ"

ခုံတစ်လုံးကိုဆွဲထုတ်ခါ ပင်မြင့်စံဘေးတွင် ထိုင်လိုက်ပြီး လက်လေးနှစ်ဖက်ကို တယုတယကိုင်ကာ မေးနေပုံကိုကြည့်ပြီး ဘယ်လိုမှ ပင်မြင့်စံစာမဖွဲ့တတ်တော့ပေ။

"စံစံ. . . ပြောကွာ. . . ကိုလေးနဲ့အခုလိုနှစ်ယောက် တည်းရှိနေတာကိုလေးကို မကြောက်ဖူးလားလို့"

ပင်မြင့်စံလှလှလေးပြုံးပြလိုက်ပြီး။

"ကိုလေးကလေ နုံမလိုနဲ့အတာဘဲ. . . ကိုယ့်ချစ်သူကို ခေါ်လာပြီး ကိုလေးဘယ်နည်းနဲ့မှ ရက်စက်တဲ့အပြုအမူမျိုး မလုပ် ဖူးလို့ စံစံထင်မိသလို. . . စံစံကလည်း ကိုကလဲချစ်နေပြီး ကိုယ့် ကိုချစ်နေတဲ့သူမို့ မကြောက်လို့ လိုက်လာမိတာပေါ့. . . နောက်ပြီး ယုံလွဲယုံတယ်လေ"

မျက်လုံးလေး ဒေါင့်ကပ်ခါ ထိုသို့ ပြောလိုက်ရာ အမျှော် တွေစီးမျောနေသော ချစ်လွန်းတင်၏ မျက်နှာကြီးက လပြည့်ည





သာသောလထက် ဝင်းပထိန်လင်းသွားရလေ၏။

ပင်မြင့်စံ၏လက်ဝါးလေးနှစ်ဖက်ကို သူ့ရင်ဘက်နှင့် ထားလိုက်ပြီး တုန်ရီလှိုက်ဖိုသော အသံများဖြင့်၊

"ဝမ်းသာလိုက်တာ. . . ဝမ်းသာလိုက်တာ စံစံရယ် . . စံစံ ကိုလေးကို ချစ်နေမှာဘဲလို့ တခါတလေကိုယ့်ကိုကိုယ် သင် ကြီးခဲ့ဖူးသလို. . . တခါတလေမှာတော့ သံသယမျက် နဲ့ ကြည့်တတ်တဲ့ စံစံကိုနားမလည်နိုင်ပြန်ဘူး. . . အဲ့ဒီဒွိဟ ကြောင့် ကိုလေးဖွင့်ဟဘို့ ဝန်လေးနေခဲ့တာ. . . အခုတော့ အေးရပါပြီကွယ်"

လှိုက်လှဲသော စကားသံများက ပင်မြင့်စံရင်ကို လာရိုက် သော်လည်း ကိုလေးအမှန်တရားကွေပြောတာမှ ဟုတ်ပါ သစဆိုတဲ့ စိတ်နှင့် မျက်လုံးလေးဟိုဒီရွေ့ကာ အကဲခတ်ရင်း ရည်ဝဲလာရ၏။

ရင်ထဲမှအသံတိတ်စကားတို့ကလည်းမျက်လုံးအိမ်မှ ရည်များသဖွယ် ပါးပြင်ပေါ်သို့ စီးလာခြင်းမရှိကြသလို ထဲမှာသာ ဟီးလေးခိုနေကြ၏။

ကိုလေးဒွိဟဖြစ်နေသလို စံစံရော ယုံတဝက်မယုံတ ဖြစ်နေရတာကို. . . ကိုလေးသိရင်ဘာပြောမလဲလို့ ပြောနေ ခြင်းဖြစ်၏။

"စံစံ. . . မျက်ရည်တွေက. . . ကိုလေးကို စိတ်ဆိုး သွားတာလား. . . မယုံသေးတာလားကွယ်"

ခုထိစိတ်မချနိုင်စွာ မေးနေသောချစ်ရသူအား ပင်မြင့် ခေါင်းလေးကို ဖြေညင်းစွာ ခါပြရ၍ မျက်ရည်များကို မှတ် တောင်များဖြင့် ပုတ်ခတ်ထိန်းသိမ်းလိုက်ပါ၏၊ ချစ်သူ၏ ဆန္ဒ များကို ဖြည့်ဆည်းပေးလိုသော သူမ ချစ်သူအလိုလားဆုံးအဖြေ စကားကို ပေးလိုက်ပြီးပြီဘဲ ဘာလို့ ဒီမျက်ရည်က ကျရမှာတဲ့ လဲ. . . မကျနဲ့. . . ချစ်သူကို စိတ်ဆင်းရဲစေမယ့်ဒီမျက်ရည် များကို ပါးပြင်ပေါ်သို့ စီးဆင်းခွင့်မပြုနိုင်ပါ ဒါ့ကြောင့် ပြန်လည် ခါ ထိန်းချုပ်ရပါလေသည်။

"ကိုလေး"

မျက်လုံးကြည်လဲ့လဲ့လေးများက ချစ်ရည်ရွှမ်းလဲ့လာခါ နှုတ်ခမ်းလှလှလေးကလည်း ကြားရသူ စိတ်ညွှန်းနူးစေမည့် အသံလေးထွက်ကြလာရသည်။

"ပြောပါစံစံ. . . ကိုလေးနှလုံးသားက စံစံဆီကကြား ရမဲ့ စကားမှန်သမျှကို နားစွင့်နေပါတယ်"

"ပြောလဲပြောတတ်တယ်ကိုလေးရယ်. . . စံစံအခု မျက်ရည်ဝဲရတာ ဝမ်းသာလို့ပါဆိုတာကို ကိုလေးအကြွင်းမဲ့ ယုံလိုက်ပါ အခုအဖြေပေးလိုက်တာကလည်း ရင်ထဲက ဆန္ဒ





မှန်ပါဘဲ. . . ကိုလေးလိုချင်တဲ့ ကိုလေးဆန္ဒအပြင်းပျဆုံး တားကို စံစံမေးလိုက်ရလို့ ဒီနေ့လောက်ဝမ်းသာပျော်ရွှင်ရတဲ့ နေ့မရှိသေးတာလဲ စံစံကိုယ်စံစံ အသိဆုံးပဲ"

"ကိုလေးကိုတော့ ပြောတတ်လိုက်တာတဲ့. . . စံစံကမှ ရေးဆရာမလို့ မပြောရဘူး. . . ကိုလေးရင်ကိုထိမှန်အောင် ပြောတတ်လိုက်တာကွာ. . . ဟုတ်တယ်စံစံ. . . စံစံအခု ပေး လိုက်တဲ့ချစ်အဖြေထက်. . . စံစံကိုလေးအပေါ် ယုံကြည်စိတ် ပြည့်ရှိနေတယ်ဆိုတာကိုက. . . ကိုလေးအလိုချင်ဆုံး အ ကောင့်တဆုံးဆန္ဒတစ်ခုမို့ တကယ်ကို ဝမ်းသာတာပါစံစံ"

"ကိုလေးဝမ်းသာတယ်ဆိုရင် စံစံဖြည့်ဆည်းပေးရကျိုး နပ်ပါပြီ"

တစ်ယောက်ကို တစ်ယောက်ချစ်မဝနိုင်သောအကြည့် များဖြင့် မျက်စေ့ရှေ့က ပျောက်သွားမှာစိုးသည့်အလား တမေ့ မောစိုက်ကြည့်နေမိကြလေသည်။

အတန်ကြာအောင် မျက်လုံးအကြည့်မှာစီးမျောနေကြ ပြီး ချစ်လွှန်းတင် စတင်အသိဝင်လာရကာ ချစ်ရသူလက်လေး ရင်ဘတ်ကနေ အသာခွာလိုက်၍

"စံစံ. . . ကိုလေးဒီလက်လေးကို နမ်းပါရစေနော်"

တောင်းပန်သောအကြည့်ဖြင့် ပြောလိုက်ရာ ပင်မြင့်စံ

ပါးပြင်လေး ရဲရဲနီလျှက် ခေါင်းလေးငုံ့သွားရပြီ

"ကိုလေးကလဲလေ. . . ဒါခွင့်တောင်းစရာလား . . . စံစံကကိုလေးချစ်သူဖြစ်နေပြီလေ. . . စံစံကိုလေး ချစ်ခဲ့တာပေးဆပ်ခြင်းနဲ့ပါ. . . ကိုလေးရှေ့က စံစံဆိုတဲ့ ပင်မြင့် ဆိုတဲ့ ပန်းလေးတစ်ပွင့်ဟာ ကိုလေးအတွက်ဆိုရင် ကိုလေး လိုကျ ချူလိုကချူ ခြွေလိုကခြွေ အရန်သင့်ရှိပြီးသားမို့ ကိုလေး စိုးရိမ်စိတ်ကင်းစွာနဲ့ချစ်နိုင်ပါတယ်. . . အဲ့သလောက်ကိုလေး ကို စံစံချစ်တာပါကိုလေးရယ်"

"သြော်. . . စံစံရယ်"

ချူလိုကချူ ခြွေလိုကခြွေတဲ့လားအချစ်ရယ်. . . ထို ညည်းညည်းလေးပြောလိုက်ပြီး ချစ်ရသူအား ရင်ခွင်ထဲ ဖက်ထား ရင်း ချစ်လွန်းတင် ရင်ထဲချမ်းမြေ့နေရပါ၏။

လာ. . . စံစံ. . . ကိုလေးစံစံကို ပြစရာရှိတယ်. . . ကိုလေးရဲ့ အချစ်ပြတိုက်လေးကို. . . ကိုလေးရဲ့ အခန်းထဲ ဖွင့်လှစ်ထားတာမို့ ကိုလေးအခန်းထဲကိုတော့ စံစံလိုက်ခဲ့ရမယ် မယ်. . . လိုက်ကြည့်မယ်မှတ်လားစံစံ"

သနံ့စင်ကြည်လင်သော အပြုံးလေးကို စံစံပြုံးပြ ခေါင်းလေးညိတ်လိုက်ခါ ချစ်ရသူ၏ လက်မောင်းကို ယုံကြည် စွာ ဖက်တွယ်ရင်း ဖဝါးခြေထပ်လိုက်သွားခဲ့လေသည်။





အခန်းမီးကို ချစ်လွန်းတင်ဖွင့်လိုက်ပြီး

"စံစံ. . . ကုတင်ပေါ်မှာ ထိုင်ပြီး. . . ကိုလေးအခန်း တံဝန်းကျင်နဲ့မျက်နှာကျက်တွေကို လိုက်ကြည့်စမ်းပါစံစံ"

အဲ့ဒီတော့မှ စံစံကုတင်ဟိုဘက်ဘေး ဒီဘက်ဘေးအ ပေါ် မျက်နှာကျက်တို့ကို မျက်လုံးဝေ့ကာ လိုက်ကြည့်မိလေ၏။ အားလုံးကိုသတိထားမိချိန်မှာ စံစံအံ့ဩမှုက အထွဋ်အထိပ်သို့ ရောက်နေလေသည်။

အမှတ်တမဲ့ဆိုလျှင် မင်းသမီးတစ်ယောက်ယောက်၏ ဝေါးနိုး(လ်)ပုံတွေဟု ထင်ရမည်ဖြစ်သော်လည်း အသေအချာ ကြည့်လျှင် ပင်မြင့်စံဆိုသော သူမ၏ ဓာတ်ပုံများအား ပုံစံအမျိုး မျိုးဖြင့် အရောင်အသွေးစုံလင်စွာ တွေ့မြင်ရမည့် ဝေါးနိုး(လ်) များ ဖြစ်နေတာကို အံ့ဩစွာ တွေ့ရမှာဖြစ်လေသည်။

ပင်မြင့်စံ အံ့ဩလွန်း၍ မေးရန်စကားရှာမရ ဖြစ်နေရ သည်။ မလှုပ်မယှက်မှာ ရပ်နေသော သူ့ကိုပါ အံ့ဩစွာ ကြည့် မိ၏။

ချစ်လွန်းတင်က ကျေနပ်စွာပြုံးလျှက်

"တွေ့ပြီလားစံစံ. . . ကိုလေးရဲ့နှလုံးသားပြတိုက်က လေးကို. . . ကိုလေးအချိန်တိုင်းစံစံမျက်နှာလေးကို မြင်ရ အောင် မြင်သာတဲ့နေရာတိုင်းမှာ ကပ်ထားမိတယ်. . . ခွင့်မ

တောင်းမိတာကိုတော့ ခွင့်လွှတ်ပါကွာ. . . ကြိုတင်ပြီး ခွင့်
တောင်းရတာကလည်း . . . စံစံကိုချစ်လို့. . . ချစ်နေတာ
စံစံ မယုံမှာစိုးလို့လေ"

"ဒီဓာတ်ပုံတွေကို. . . ကိုလေးဘယ်ကရတာလဲဟင်"

အံ့ဩလွန်း၍ စံစံမေးဖြစ်အောင် မေးလိုက်မိသည်။

"အဲ့ဒါတော့. . . တော့ပ်စီးကရက်ကွာ. . . အဟွန်း. . .
ကိုလေး ခိုးရိုက်ထားတာ"

"ကြည့်. . . တော့ပ်စီးကရက်ဆိုပြီး မပြောတာလည်း
မဟုတ်ဖူး. . . ပြော. . . ပြောနေမှတော့ဆက်ပြော. . . ဘယ်
တုန်းက ခိုးရိုက်တာလဲ"

ဒီတခါတော့ ပင်မြင့်စံထိုင်နေသော ကုတင်နားကို
ချစ်လွန်းတင် မလာတော့ပဲ စာရေးစားပွဲနားက ခုံမှာ ထိုင်လိုက်
ပြီး

"စံစံ. . . တို့တွဲတေးက အထက်တန်းကျောင်းမှ ရွှေ
တု လုပ်ပါရောလား. . . အဲ့ဒီနေ့က စံစံတို့လဲသွားကြတယ်မှတ်
လား. . . နောက်ပြီး ကျောင်းသားဟောင်းများ ဆရာကန်တော့
ပွဲနေ့က ပုံတွေရောပေါ့"

"နေပါဦး. . . အဲ့ဒီတုန်းက ကိုလေးဘယ်မှာရှိနေလို့လဲ"

"ဟဲ. . . ဟဲ. . . စိတ်ဝင်စားတယ်ပေါ့. . . ကိုလေး





အစွန်းအစကြောင့် မဟုတ်ပါဘူး. . . အခုကိုလေးနဲ့ အလုပ်
အတူတွဲလုပ်တဲ့ ကိုမြင့်စိုးကောင်မှုပါ. . . သူ့အစ်ကိုက. . .
အစကတွဲတေးမှာ ဆရာလုပ်ဖူးတယ်လေ. . . အမှတ်တရ
ရိုက်ထားတဲ့ဓာတ်ပုံတွေထဲကနေ ကိုလေးရွေးထုတ်ပြီး ပုံကြီး
ချဲ့ထားတာ"

"လူလည်"

ချစ်မျက်စောင်းလေးထိုး၍ ပင်မြင့်စံပြောလိုက်လျှင်
ချစ်လွန်းတင် အသဲယားလာကာ အနားသို့ လျှောက်လာပြီး
နှုတ်ခမ်းလေးကို ဖက်လိုက်လေသည်။ ပင်မြင့်စံ ကျောထဲစိမ့်ကနဲ
ဖြစ်သွားသော်လည်း အိခြွေမပျက် ခေါင်းလေးငုံ့ထားမိ၏။

ချစ်လွန်းတင် သက်ပြင်းကိုကြိတ်ချလိုက်ရင်း

"မြန်စို့စံစံ. . . သစ်သစ်မျှော်နေရော့မယ်. . . ကိုလေး
ရဲ့ နှလုံးသားပြတိုက်လေးကို ဖွင့်ပြလိုက်ရလို့ ကျေနပ်သွားပြီ
. . . လာ. . . ထ. . . သွားကြမယ်"

ချစ်လွန်းတင်ကမ်းပေးသော လက်ကို ပင်မြင့်စံ စိတ်ချ
ယုံကြည်မှု အပြည့်ဖြင့် ပြန်လည်ဆုပ်ကိုင်လိုက်ပြီး အလိုက်သင့်
ထရပ်လိုက်သည်။

ထိုစဉ် ချစ်လွန်းတင်မျက်လုံးပြူးသွား၏။

"ဟာ. . . စံစံလက်ဖွားတွေပူလို့ပါလား. . . ကြည့်

စမ်း. . . ကိုယ်တွေပူနေတာကို မပြောပဲ ကြိတ်ခံနေတယ်. . .

ကိုလေးအကျီကြီးက ထူနေတော့ ကိုယ်ပူမှန်းမသိသာဘူး. . . လက်ဖျားတွေ ပူနေလိုက်တာ. . . မှန်းနဖူးတွေလဲ ပူလို့ပါ လား. . . ကွာ. . . စံစံကလည်း စောစောကပြောရော ပေါ့. . . ပြန်ချင်တယ်ဆိုကိုလေး ဆွဲမထားပါဘူးကွာ"

ပျာယာခတ်ကာ စိုးရိမ်နေသော ချစ်သူရင်ခွင်မှာ ပင်မြင့်စံ အသာအရာမှိန်နွဲ့၍

"စိုးရိမ်ရန်ကောကိုလေးရယ်. . . အခုမှ အချစ်ဖျားတတ်ပြီး ကိုယ်ကပူလာတာပါ. . . မစိုးရိမ်ပါနဲ့. . . အခန်းကိုပြန်ရောက်ရင်စံစံသောက်နေကျဆေးသောက်လိုက်ရင် အားလုံးပုံမှန်ပြန်ဖြစ်သွားမှာပါ. . . စိတ်ချ"

"ဟုတ်ရဲ့လားစံစံရယ်. . . ကိုလေးကိုအားမနာနဲ့နော် . . . အခုမှ(၈)နာရီပဲရှိသေးတယ်. . . ဆေးခန်းမှာ ဆေးဝင်ထိုးလိုက်မလား"

လက်ကနာရီကို မြှောက်ခါကြည့်ရင်း ချစ်လွန်းတင်ပြောလိုက်သည်။

"ကိုလေးကလည်း. . . စံစံအကြောင်းစံစံသိပါတယ် . . . စိတ်ချဘာမှမဖြစ်စေရဘူး. . . ကိုလေးဆန္ဒတွေပြည့်ဝစေဘို့ စံစံ ဖြည့်ဆည်းပေးစရာ တွေရှိသေးတယ်. . . သေလို့မဖြစ်



သေးဘူး"

"ဟာ. . . ဘာစကားတွေလဲကွာ. . . စံစံကမပြောနဲ့ဆို ...လေး မပြောတော့ဘူး. . . အဲ့ဒီသေစကားကြီးကိုတော့ မ ...ပြာနဲ့ ကွာ. . . ကိုလေးခံနိုင်ရည်မရှိဘူး"

"အမလေး သူ့ပုံစံနဲ့ နွဲ့ပြနေလိုက်တာ. . . မုန်းစရာ"

"လာပြန်ပြီ. . . အဲ့ဒါလဲမကြားချင်ဘူး"

"...ဲ. . . ဒါဆို. . . ချစ်တယ်ရှင်ချစ်တယ်. . . ကျေနပ်လား . . . ဘယ်လိုလဲပြန်ပို့ပေးမယ်လဲပြောသေးတယ်. . . ဒီအတိုင်း ...တော့မလို့လား"

"အင်း. . . အဲ့သလိုလေးဘဲအမြဲနေချင်တာ. . . မလွဲ ...လို့ ပြန်ပို့ပေးရမှာ. . . လာစံစံ. . . အပြင်ထွက်ကြမယ်"

ပင်မြင့်စံလက်လေးကို ဆွဲ၍ ချစ်လွန်းတင်ကားဆီသို့ ...ခဲ့လိုက်သည်။အိမ်ထဲမှာ ကြာကြာနေလျှင် သူ့စိတ်ကို သူတာ ...မယူနိုင်မှာစိုးသည်။ ချစ်ရသူ၏ယုံကြည်မှုကို အလွဲသုံးစား ...ုပ်ချင်သည့်စိတ်က အချစ်ဒီဂရီထက်နေသော သူ၏အမှား ...လွန်အံ့ဆဲဆဲ စိတ်ကို အတတ်နိုင်ဆုံးထိန်းလိုက်နိုင်ခဲ့ပါသည်။

ဒါကိုပင် ချစ်လွန်းတင် တွေးကာကျေနပ်လို့မဆုံး ယခင် ...ွက်ချက ာ စီစဉ်ထားသည့်အကြောင်းအရာတွေထဲ အခု ...ော့ အချစ်လေပြေလေးညှင်းတိုက်ခိုက်လိုက်မှုကြောင့် အ

ဝေးကို လွင့်သွားလေသား မပြောတတ်တော့ချေ။ သို့သော်ဆူ ပျော်ပါ၏။

အလာတုန်းက စိုးထိတ်ကြောက်လန့်ခြင်းနှင့် ယုံကြည်မှု ပေးဆပ်လိုမှုတွေဖြင့် ဒွန်တွဲကာ ရောက်လာခဲ့မိသော ပင်မြင့်စံ နှင့်အပြန်လမ်းမှာ ချစ်သူ၏ကိုယ်ကျင့်တရားတွေကို အမှတ်ပြည့် ပေးကာပြန်လာခဲ့သော ပင်မြင့်စုတို့၏ မျက်နှာများက ခြားနားတွဲ ပြားနေရလေသည်။ အသေအချာကြည့်မည်ဆိုပါက တိမ်ညိုတိမ် မဲတွေအုံ့ဆိုင်းခံလိုက်ရသော လမင်းလေးက တိမ်ညိုတိမ်လိပ် တွေ လွင့်စင်သွားလို့ တိမ်ကြားထဲက ထွက်လာတဲ့လမင်းလေး အလား ပင်မြင့်စံ မျက်နှာလေးက တောက်ပကြည်လင်လို့နေ ပါလေ၏။

ပွမ်း. . . ပွမ်း

တိုက်ခန်းရှေ့မှာကားလေးလာရပ်လိုက်တယ်ဆို ဧည့် ခန်းမှာ ထိုင်နေဆဲဖြစ်သော ခင်မေသစ် ကသောကမျော့နှင့်တံ ခါး နားပြေးလာပြီး အတင်းဖွင့်လိုက်လေသည်။

ကားပေါ်ကဆင်းလာပြီး အတူတွဲကာ အိမ်ထဲကို ဝင် လာတဲ့ အစ်ကိုဖြစ်သူနှင့်သူငယ်ချင်းဖြစ်သူကိုပါ မျက်လုံးပြူး၍ လိုက်ကြည့်နေမိလေ၏။

အသွားတုန်းကနဲ့မတူပဲ အတူတွဲကာလာပုံထောက်



ဘာတွေများဖြစ်လာပြီလဲ ဆိုတဲ့အတွေးနဲ့ ပင်မြင့်စံထိုင်နေသည့် ခုံမှာ ဝင်ထိုင်လိုက်ပြီး မျက်နှာကိုပါ အကဲခတ်ခါ

"စံစံ. . . နေကောင်းရဲ့လား"

ဘာမေးရမှန်းမသိတာကြောင့် နှစ်ယောက်ချင်း နား လည်နိုင်မည့်စကားဖြင့်မေးလိုက်မိသည်။ ပင်မြင့်စံကလည်း သိနေပါသည်။ သူငယ်ချင်းဖြစ်သူ ဘယ်လောက်စိုးရိမ်နေပြီလဲ ဆိုတာကိုဒါကြောင့် ပြုံးရွှင်စွာပင်

"ကောင်းပါတယ်သစ်သစ်ရဲ့. . . စံစံဘာမှမဖြစ်ပါဘူး"

လို့. . . နားလည်သဘောပေါက်နိုင်မည့် စကားဖြင့် ပြန်ပြောလိုက်မိ၏။

သူငယ်ချင်းနှစ်ယောက်ကို ကြည့်ကာ ချစ်လွန်းတင် မှင်တက်မိနေရ၏၊ သူတို့နှစ်ယောက်တစ်ယောက် ကိုတစ် ယောက် ဒီလောက်သံယောဇဉ်ရှိကြမှန်း အခုမှသိရလေသည်။

သူငယ်ချင်းဖြစ်သူ ကြာနေ၍ အစ်ကိုကိုပင်စိတ်မချနိုင် တော့သည့် ညီမအား ချစ်လွန်းတင် ခေါင်းကိုလှမ်းခေါက်လိုက် ပြီး။

"ငါ့ချစ်သူကို ငါပူဘို့လဲထားပါဦးသစ်သစ်ရာ. . . နင်ပူ ပုံက လွန်လွန်းအားကြီးတယ်"

"ဩော်. . . ကိုလေးကပြောမှာပေါ့. . ."

သစ်သစ်ဆက်မပြောတော့ဘဲရပ်ထားလိုက်သည်။

"ဘာဖြစ်လဲဆက်ပြောလေ. . . ငါ. . . နှင့်အစ်ကို
. . . သေချာလဲကြည့်ဦး"

"ဟုတ်တယ်. . . အဲ့ဒါကြောင့်ပိုကြောက်တာ"

"ဘာ. . . သစ်သစ်. . . ဘာကိုပြောတာလဲနှင်"

"ဟာ. . . သစ်သစ်ကလဲကွယ်. . . အလကားကို
. . . စံစံကို သစ်သစ်က ဘယ်သူနဲ့မှစိတ်ချတာမဟုတ်ဘူး. . .
ယောက်ျားလေးဆိုဘယ်သူ့မှ မယုံနဲ့လို့ အမြဲတမ်းစံစံကို မှာ
တာလေ. . . အခုကိုလေးနဲ့စံစံနှစ်ယောက်တည်း စိတ်ကွယ်
မှာ အတူရှိနေတော့ သူစိတ်ပူပြီးပြောတာပါ. . . ကဲကဲကို
ပြန်တော့နော်"

နှစ်ယောက်၏ အခြေအနေမဟန်တော့၍ ပင်မြင့်
ဝင်ထိန်းလိုက်ပြီး ချစ်လွန်းတင်အား အတင်းပြန်ခိုင်း လိုက်
သည်။

ညီမဖြစ်သူကို ချစ်လွန်းတင်ခပ်ဆွေဆွေကြည့်လိုက်ပြီး
ထွက်သွားတော့သည်။

မျက်နှာကို ဆူပုတ်ထားဆဲသစ်သစ်ကတော့ ပင်မြင့်
ကိုမကြည့်ကြည့်နေမိသည်။

စပ်ဖြဲဖြဲနှင့်ပင်မြင့်စံ ပြုံးပြလိုက်ပြီး



"သစ်သစ်က အစိုးရိမ်လွန်ကဲနေလို့ပါ. . . တကယ်
ဘမ်း ကိုလေးစိတ်ထားက မယုတ်ညံ့ပါဘူးကွယ်"

"ဘာပြောတယ်. . . ဟိုကဘယ်လိုလုပ်ပြလိုက်လို့. . .
နှင်ကယုံကြည်လာရတာလဲ"

"ဟုတ်တယ်သစ်သစ်. . . ဒီနေ့တော့ကိုလေးရဲ့စိတ်
ရင်း မှန်ကို စံစံသိလာရပြီး. . . အဲ့ဒါကြောင့် ကိုလေးကိုချစ်မိတဲ့
စံစံ စိတ်တွေဘယ်တော့မှပြောင်းလဲမှာ မဟုတ်တော့ဘူး"

"ဘာရယ်. . . နှင်. . . နှင့်ကို. . . ကိုလေးဘာမှ. . . ဘာ
မှ မလုပ်လိုက်ပါဘူးနော်"

အထစ်ထစ်အငေါ့ငေါ့ဖြင့် ခင်မေသစ်ရှက်စကားကို
မေးရဲ၍ မေးတတ်သလောက် မေးလိုက်လေသည်။

"အမှန်ဘဲသစ်သစ်. . . တကယ်ဆိုကိုလေးဟာ မသိ
စိတ်နဲ့ သိစိတ်လွန်ဆွဲနေတာဖြစ်မှာ. . . အခုဘဲကြည့် သူ့
လက်ဖဝါးပေါ်က ပန်းပွင့်လေးကို သူလက်နဲ့ ခြေမွလို့လဲရတယ်၊
နမ်းရှိုက်ဖို့လဲ အလွယ်လေး. . . ဒါကို သူ့ရဲ့အသိစိတ်က. . .
မသိစိတ်ကို တွန်းလှန်နိုင်သွားခဲ့တယ်. . . သူ့ကြောင့် စံစံရဲ့
ပန်းဦးကြွေလွင့်မ သွားတာနဲ့တင် ကိုလေးကို စံစံပိုချစ်ပို ယုံကြည်
သွားမိတယ် သစ်သစ်"

"နှင်. . . မိုက်လိုက်တာစံစံ. . . ဟိုကနှင့်ကိုအယုံသွင်း

လိုက်တာနေမှာ. . . သူရေးထားတဲ့စာထဲကအတိုင်းက အ
သလိုမဟုတ်ဖူးနော်”

“အေး. . . နင်ပြောသလိုဘဲ. . . ငါမိုက်တယ်ဘဲထား
ပါတော့. . . အဲ့ဒါလဲချစ်လို့ မိုက်မိတာပါသစ်သစ်. . . ဒီလိုဟာ
ချစ်လို့ မိုက်ခဲတယ်ဆိုတဲ့ စကားကို စံစံကိုပြောတာနဲ့တူတယ်

‘တော်ပါတော့ဟယ်. . . ငါ့မှာတော့ဖုန်းပဲဆက်ရနိုးနိုး
. . . လိုက်ပဲလာရနိုးနိုးနဲ့ဒီနားကကို မထဖြစ်သေးဘူး. . .
နင်တို့နဲ့ လိုက်မသွားတာကိုဘဲ နောင်တရနေတာ”

“ဟယ်. . . တယ်ဟုတ်ပါလား. . . ပြစမ်းလက်ထဲက
ဖုန်းကို အခုမှတွေ့တယ်. . . ဘယ်တုန်းကဝယ်လိုက်တာလဲ
သစ်သစ်”

ခင်မေသစ်လက်ထဲက ဟန်းဖုန်းလေးကို ပင်မြင့်စံ လှ
ယူလိုက်သည်။

“ငါကဝယ်နိုင်မလားစံစံရဲ့ နင့်လောက်တောင် ဝင်ငွေ
ရှိတဲ့ဟာကို. . . စောလမွန်မနေ့က ပေးသွားတာ. . . အကြောင်း
ရှိရင် ဖုန်းဆက်ဖို့တဲ့. . . နင်သာပိုက်ဆံရှိပြီး. . . မဝယ်တာ”

“တယ်ဟုတ်ပါလားဟေ့. . . စောလမွန်တို့အချစ်က
အဲ့သလို. . . ငါဝယ်ပြီး ဘာလုပ်ရမှာလဲသစ်သစ်ရ. . . ပိုက်
ဆံကုန်တာဘဲရှိမှာပေါ့. . . ငါ့စာအုပ်တိုက်နဲ့က စာအုပ်ဈေး





ဦးသွားပို့ရုံပဲ. . . ဘာမှဆက်ဖို့အကြောင်းမရှိဘူး. . . အခု
ဆိုတမြို့တည်းဖြစ်နေတော့ ပိုတောင်လွယ်သေး. . . ပိုက်ဆံ
တစုထားရတယ်ရှင်ရေ. . . နောင်တချိန်စာမရေးနိုင်တော့ရင်
. . . ဒါတွေက ကျွပ်ရှေ့ရေးအတွက်”

နင့်ရှေ့ရေးက ကိုလေးရှိသားဘဲလို့ ခင်မေသစ်ပြော
ယ် ကြံပြီးမှ မပြောချင်တော့ပေ. . . တော်ကြာ မကြားချင်ဘဲ
. . . သူ့ရဲ့ အချစ်နိယာမ သဘောတရားတွေကို ကြားနေဦးမည်။

“ငါထမင်းမစားရသေးဘူးစံစံ. . . နင်ရောစားဦးမ
လား . . . ရင်ပြည့်နေလဲ မစားနဲ့ ငါ့ဖာသာပဲစားမယ်”

အရွဲ့တိုက်ပြောမှန်းပင်မြင့်စံသိလိုက်၍ သူဝယ်ချင်းဖြစ်
သူ အားနောက်ကနေ သိုင်းဖက်လိုက်ရင်း

“အရွဲ့တိုက်ပြီးပြောတာပေါ့လေ. . . ဘာမှမစားရသေး
ဘာခြင်းအတူတူ. . . ဘယ်ကရင်လာပြည့်မလဲ. . . ရှင့်အစ်ကိုက
ကော်ဖီလေးတစ်ခွက်ပဲတိုက်လိုက်တာ. . . လာ. . . စံစံလဲစားမယ်”

“သိနိုင်မလား. . . ဖယ်ပါ၊ လူမှားပြီးလာဖက်မနေနဲ့”

ဖက်ထားတဲ့စံစံလက်တွေကို ခင်မေသစ် သူမ၏လက်
ဖြင့် ဆွဲဖယ်လိုက်ရင်း ပြောလိုက်လေသည်။

စံစံလက်မှ အပူတွေက သစ်သစ်လက်ကို ထိတွေ့မိ

"ဟယ်. . . စံစံနင့်ကိုတွေ့ပူနေတာလား. . . ကြည့်စမ်း. . . နင့်ကိုငါမိုက်တယ်လို့ ပြောတာမလွန်ဘူးသိရဲ့လား. . . လာ. . . အခုဆေးတိုက်မယ်. . . ထမင်းမစားနဲ့တော့. . . ကော်ဖီဖျော်ပေးမယ် . . . ဟင်. . . ဆံပင်တွေပါစိုနေတာလား . . . ဟာ. . . မိစံရယ်"

တဗျစ်တောက်တောက်နှင့် ခင်မေသစ်ပြောလဲပြောလက်ကလည်းဇယ်စက်သလို ကော်ဖီဖျော်၊ ဆေးတိုက်. . . စိုနေ သော စံစံဆံပင်တွေကို တဘက်နှင့်ခြောက်အောင် လုပ်ပေးခြင်းဖြင့် မအားနိုင်အောင် ရှိနေတော့သည်။ သူမကိုတိုင်ကတော့ ဗိုက်စာတာကိုတောင် သတိမရတော့ပေ။

သူမကိုပြုစုပေးနေသော သူငယ်ချင်းအား ပင်မြင့်စံချစ်ခင်အားကိုးစွာ သူလုပ်သမျှလိုက်ကြည့်နေမိ၏၊ စိတ်ထဲမှာလဲ၊ ငါ့အပေါ် အဲ့သလောက်မစိုးရိမ် ပါနဲ့လားဟယ်. . . တချိန်မှာ . . . ငါထင်ထားသလို ကိုလေးဘက်ကယုံကြည်မှုမရှိတော့တဲ့အခါ ငါ့ထက်နင်က ပိုခံစားနေရပါဦးမယ်

လို့ပြောနေမိ၏၊ လက်တွေ့မှာတော့ ပြောမထွက်ခဲ့ချေ။ သူမကိုကျေနပ်အောင် ပြုစုပြီးမှ ထိုညက ခင်မေသစ်အိပ်ရာဝင်သွားခဲ့သည်။

"အင်း. . . ဟီး. . . ဟီး. . . အာ. . ."



တရေးနိုးလာသော ခင်မေသစ် နားထဲမှာ ညည်းသံ ြားလိုက်မိသည်။ စိတ်ကအာသိ၊ လူကပါဆတ်ကနဲထလိုက်ကာ ြင်ထောင်ထဲကအတင်းထွက်ပြီး ပင်မြင့်စံ ကုတင်နားကိုပြေး ွားမိ၏။

ခြင်ထောင်ထဲကအသံမှန်းကျိန်းသေသည်နှင့် ခြင် ထောင်ကိုပစ်တင်လိုက်ပြီး နဖူးကိုစမ်းလိုက်မိသည်။

"စံစံ. . . စံစံ. . . ဒို. . . ကိုယ်တွေခြစ်ခြစ်တောက် ူလို့ပါလား"

ခင်မေသစ်ခြေမကိုင်မိလက်မကိုင်ဖြစ်ပြီး ဘာလုပ်ရမှန်း ိဖြစ်နေ၏။

"ကိုလေး. . . ကိုလေးရေ. . . စံစံကိုလာခေါ်ပါ. . . ံကို မထားခဲ့ပါနဲ့ရှင်"

ရေဇလုံထဲရေထည့်ရန် အခန်းထဲမှထွက်ရန်ပြင်နေ သော ခြေလှမ်းများက ရပ်တန့်သွားရ၏၊ ပင်မြင့်စံနှုတ်ဖျားမှ ယောင် ကတန်းနှင့်ထွက်လာသော စကားများကို ခင်မေသစ် ြားလိုက်ရပြီး ဒီအတိုင်း ဖြစ်ထားလိုက်ချင်စိတ်ပင် ဖြစ်သွား ၏။

ဒီလောက်ဖြစ်နေသည့်ကြားက တမ်းတနေလိုက်တာ စိတ်ရင်းအမှန်ကပြစ်မထားရက်တာမို့ ရေသွားယူခဲ့ပြီး

နဖူးကို အဝတ်စိုဖြင့်ရေဘတ်အုပ်ပေနေမိသည်။

ခြောက်သွားလိုက်ထပ်တင်ပေးလိုက်နှင့် ကိုယ်ပူက တော့ကျသွားပါ၏၊ အခုထိသတိမရသေး။

"စံစံ. . . စံစံ"

ဘယ်လိုခေါ်ခေါ်မရ ခင်မေသစ် စိုးရိမ်မှုကမြင့်တက်သွားရ၏၊ ဘာလုပ်ရမလဲလို့ တွေးကြည့်တော့ အဖြေက တစ်ခု ပဲထွက်သည်။ ကိုလေးထံဖုန်းဆက်မှဖြစ်မည်ဟု ဘာမှစဉ်းစား မနေတော့ဘဲ ကိုလေးဖုန်းနံပါတ်တွေကို နှိပ်လိုက်မိသည်။

ပင်မြင့်စံကိုပို့ထားခဲ့ပြီး အိပ်မပျော်နိုင်ဘဲရှိနေရ၍ အခန်းထဲက ပက်လက်ကုလားထိုင်မှာ ထိုင်ရင်း ချစ်လွန်းတင် နံရံက ပုံတွေကို ကြည့်နေဆဲ ဖုန်းမည်လာ၍ ကောက်ကိုင် လိုက်မိသည်။ ပေါ်လာတဲ့နံပါတ်က တခါမှ မတွေ့ဖူးသော နံပါတ်ဖြစ်နေ၍ စိတ်ဝင်စားသွားရကာ နားထောင်လိုက်မိသည်။

"ကိုလေး. . . ကိုလေးလား"

ကြားရတာက သစ်သစ်အသံဒီတော့ချစ်လွန်းတင် စိုးရိမ်သွားမိတော့သည်၊ စံစံများဘာဖြစ်ပြီလဲဆိုသည့်အသိက စိုးရိမ်ရေအမှတ်ထက်မြင့်တက်သွားရ၏။

"ဟုတ်တယ်လေ. . . သစ်သစ်. . . ပြော. . . ဘာဖြစ် လို့ လဲ. . . စံစံဘာဖြစ်လို့လဲ"



"ဟင်. . . ကိုလေးဘယ်လိုသိလဲ. . . ဟုတ်တယ်စံစံ . . . ကိုယ်တွေပူပြီး သတိလစ်နေလို့. . . လာလို့ရရင် အမြန် လာခဲ့ပါ. . . သစ်သစ်လဲတတ်သလောက်မှတ်သလောက် ပြုစု သားတာဘဲ. . . အခုအချိန်ကြီးဘယ်ဆေးခန်းကို သွားမလဲ အနားမှာ ဘယ်သူမှ မရှိတော့. . . သစ်သစ်ကြောက်တယ်"

"အေး. . . အေး ကိုလေအခုလာခဲ့မယ်. . . အခုမှ (၁၁)နာရီပါ. . . ဖွင့်တဲ့ဆေးခန်းတော့ ရှိဦးမှာပေါ့. . . ကိုလေး ဆေးခန်းပါ စုံစမ်းပြီးလာခေါ်မယ်. . . အရန်သင့်လုပ်ထား"

ဖုန်းကိုလဲပိတ်၊ ဘောင်းဘီတခါတည်းယူပြီး ခပ်မြန်မြန် ပင်ကားဆီရောက်အောင်လာခဲ့လိုက်သည်။ စိတ်ထဲမှာလဲ အရေး ပေါ် ဘယ်ဆေးခန်းသွားရမလဲကိုပါဦးနှောက်အား အလုပ်ပေး နေမိ၏။

နောက်ဆုံးကြံရာမရ၍ ပိုက်ဆံအိပ်ကပ်ထဲမှ လိပ်စာ ကဒ်ပြားလေးကို ထုတ်ခါ။ ဖုန်းနံပါတ်တွေကို ရေရွတ်ရင်း ဖုန်း ခေါ် လိုက်မိသည်။

"အေးဟုတ်တယ်. . . ရဲဆွေ. . . ငါပါ. . . အေးကွာ. . . ဒီမှာငါ့အတွက်အရေးကြီးနေလို့. . . ငါ့အမျိုးသမီး ကိုယ်တွေ ပူပြီး သတိလစ်နေတာ. . . ဒီအချိန်ကြီးဘယ်ဆေးခန်းသွားရ မှန်းမသိ ဖြစ်နေတာနဲ့. . . မင်းကိုအားကိုးပြီး ဖုန်းဆက်ကြည့်

တာ"

"အေး. . . အေး. . . အေး. . . ဟုတ်ပြီ ငါအေ
ပဲရောက်လာမှာ. . . မင်းသာအရန်သင့်စောင့်နေပေးပါကွာ"

မင်းအကူအညီလိုတဲ့အခါ ဘယ်အချိန်ပဲဖြစ်ဖြစ် ငါ့
ဖုန်းဆက်ပြီးသာ အကြောင်းကြားလိုက်၊ ငါတတ်ထားတဲ့ ပညာ
နဲ့မင်းကို ကူညီဖို့ အရန်သင့်ပဲနော်လို့ ပြောစဉ်တုန်းက. . . ဘယ်
တော့မှ မင်းအကူအညီကို မယူဘူးဟု စိတ်ထဲမှ ပြောလိုက်
သည်။ သူပေးသွားတဲ့ကဒ်ပြားလေးကိုတောင် မကောင်းတတ်
၍ ယူထားလိုက်တာဖြစ်၏။

အခုတော့ ဒင်းကိုဘယ်တော့မှ အောက်ကျမခံဘူးဟေ
ခြား ဆရာဝန်တွေပြည့်လို့ဟု တင်းထားခဲ့သော မာနကချစ်ရ
သူကြောင့် တင်းခံလို့ မရတော့ပေ၊ ဟိုရောက်ရင်ဒင်းပြောလာ
မည့်ခပ်ထေ့ ထေ့စကားတွေကို ဘယ်ထိကြားရဦးမလဲမသိ

တွေးရင်းပင် ပင်မြင့်စံတို့ တိုက်ခန်းလေးရှေ့ရောက်လာ
ခဲ့၏၊ အသင့်ဖွင့်ထားသော တံခါးနားမှာ မျက်နှာလေးငယ်၍
ခင်မေသစ်ကို တွေ့လိုက်ရ၏။

"လာလေ. . . သစ်သစ်. . . ဘယ်မှာလဲစံစံ. . . ဆေးခန်း
ကိုလဲ. . . ကိုဇလေးဖုန်းဆက်ခဲ့ပြီး. . . တခါတည်းတန်းသွားရှံ့ပဲ
. . . သူ့အတွက် အဝတ်အစားတော့ တစ်စုံနှစ်စုံယူခဲ့ဦး"





အခန်းထဲကို ခင်မေသစ်နဲ့အတူ ဝင်လာခဲ့ပြီး ချစ်ရသူ
ား ပွေ့ချီလိုက်သည်။ ကရောင်ကတန်းပြောနေသော စကား
ားထဲမှ ကိုလေး. . . ကိုလေးဆိုတာကိုပဲ ချစ်လွန်းတင် ပီသစွာ
ကြားနေရ၏၊ ကြော်. . . ချစ်ရသူရယ်. . . ကိုယ့်အပေါ်ကို
သတိလစ်နေရင်းတောင် ချစ်နိုင်နေသတဲ့လားကွာ. . . ကိုလေး
ကြိုးမရ ဖြစ်အောင်မလုပ်ပါနဲ့အချစ်ရယ်. . . လို့သာ ညီးတွား
ိုက်မိပါသည်။

ကားနောက်ခန်းမှာ ခင်မေသစ်ပေါင်ပေါ် သို့ မှေးတင်
း ပြီး ကားကို ဆေးခန်းရှိရာသို့ စက်ကုန်မောင်းလိုက်မိသည်။

ဆေးခန်းရှေ့ရောက်တော့ ရဲဆွေကလည်း အဆင့်သင့်
တင့်နေ၏၊

"လာ. . . သူငယ်ချင်း. . . ဒီမှာကုတင်ပေါ်တင်လိုက်
. . . အို. . . အားနည်းလို့ သတိလစ်တာဖြစ်မှာပါ. . .
ိုယ်ပူတာက ဒီလောက်မဟုတ်ဖူး"

လူနာကို ကြည့်လိုက်ရုံနှင့် သူ့ပညာအစွမ်းကို ပထမ
ဦးစွာ ကြားလိုက်ရစဉ် ချစ်လွန်းတင် နားကလောသွားရသော်
ည်း ဒီအချိန်မှာ မခံချင်တာတို့ အောက်ကျမှာတို့လဲ မတွေး
ားတော့ ချစ်သူအတွက်သာ အဓိက ဖြစ်နေရသည်မို့

"အေးကွာ. . . ဘာဘဲဖြစ်ဖြစ်. . . မင်းလက်ထဲငါ

အဝ်ပါတယ်ကွာ. . . မင်းကိုအားကိုးပြီး ရောက်လာခဲ့တာ. . . မင်းအစွမ်း ကုန်ကူညီပေးပါ ရဲဆွေရာနော်"

ပင်မြင့်စံအား လူနာတင်သောကုတင်ပေါ် နေသားတြ အောင်တင်လိုက်ပြီး ရဲဆွေ၏ လက်ကိုဆွဲကာ ချစ်လွန်းတင် ပြောနေမိသည်။

"အေးပါဟ. . . မင်းကလဲ. . . ငါဆရာဝန်ပါ. . . ငါ့ ဆီရောက်လာတဲ့ လူနာကို အစွမ်းကုန်ကုသရမှာ ငါ့တာဝန်မှန်း ငါသိပါတယ်. . . မင်းအစိုးရိမ်လွန်နေပုံက. . . ကောင်မလေး ဘာမှမဖြစ်ပဲ. . . မင်းဒေါင်းနေဦးမယ်. . . သတိလဲထားဦး"

တခြားအချိန်မှာဆို ထိုစကားသည် သူ့အား ရိသော စကားဟု ချစ်လွန်းတင်တွေးမိမှာအမှန် သို့သော်အခုတော့ သူပြော တာဟုတ်နေပါလားဆိုပြီး ငြိမ်နေမိ၏၏

"ဒီည. . . မင်းတို့ဒီမှာအိပ်မှ ဖြစ်မှာရရဲ့လား"

"ရပါတယ်ကွ. . . မင်းအဆင်ပြေသလိုသာလုပ်ပါ"

"အရင်ဆုံး. . . သွင်းမယ်. . . ချွေးထွက်လာရင်. . . ချွေး သုတ်ပြီး အဝတ်လဲပေး. . . ဆေးတဝက်လောက် အ ကြောထဲဝင်သွားတာနဲ့ သတိရလာလိမ့်မယ်. . . ဆေးကုန် သွားရင်ငါ့ကိုလာခေါ် . . . ငါဟိုဘက်အခန်းမှာ ရှိနေမယ် . . . အဲ့ဒီကျမှ အားဆေးထပ်ထိုး ပေးသင့်ပေးမယ်နော်ဖော



ကောင်"

"အေးပါကွာ. . . မင်းလုပ်ရမှာမှန်သမျှသာအကုန် လုပ်ပေးပါ. . . ကုန်ကျသမျှငါပေးမှာပါ"

သွက်လက်စွာ လှုပ်ရှားနေသော ရဲဆွေက ပင်မြင့်စံ၏ သက်မောင်းထဲကို ဆေးပိုက်မှ အပ်ဖြင့် ဂရုတစိုက်ထိုးသွင်းနေ ခင်းမှ ချစ်လွန်းတင်ကို ခပ်ပြုံးပြုံးကြည့်၍

"မင်းကလည်း. . . ငွေစကားတယ်ပြောတာကိုးကွ . . . ငွေရှိတိုင်းမင်းလိုရာ သုံးလို့ရပေမယ့်ကျန်းမာရေးအတွက် တ ဆေးကုမှရမှာလေ. . . အဲ့ဒီဆေးပညာဆိုတာကလဲ ဘွဲ့ရပြီး ဆေးကျောင်းဆင်းလာတိုင်း အသုံးချလို့မရဘူးမောင် . . . သက်တွေ့မှာ ကျွမ်းကျင်မှု့ လူနာအပေါ် စေတနာထားမှုပြီး တော့ ကိုယ်အလုပ်ကို ကိုယ်တိုင်ယုံကြည်စိတ်ချမှုရှိမှဖြစ်မှာ . . . ငွေရရင်ပြီးရောဆိုတဲ့ ဆရာဝန်ထဲမှာ ငါမပါဘူးကွာ. . . င်းသိထား"

ပြောပြီး သူညွှန်ပြလိုက်သော အခန်းရှိရာကို ထွက် သွားသည့်ရဲဆွေအား ချစ်လွန်းတင်လိုက်ကြည့်ပြီး အောင့် သက်သက် နှင့်ခံလိုက်ရတာကို မကျေမချမ်းဖြစ်သွားမိသည်။

ဒါပင်မြင့်စံကြောင့်လို့ အတွေးရောက်သွားရတော့ မျက် နှာလေးကို လှမ်းအကြည့် သတိမေ့နေဆဲချစ်သူအား အပြစ်မ

မြင်ရက်ပြန်၊ ကသိကအောက် ဖြစ်သွားရသောစိတ်က တခင်အတွင်း ဟိုအတိတ်က ပင်မြင့်စံကို မုန်းသည့်စိတ်က ရဲဆွေ၏ စကားများကြောင့် နိုးထလာရ၏။

ကိုယ်သာဒီပညာကို တတ်ထားခဲ့ပါက ရဲဆွေဆိုတဲ့ အကောင်ရဲ့ ကြွားဝါမှုစကားလုံးတွေရဲ့ အောက်မှာ အညံ့ခံစရာမလို။

စိတ်နှလုံးမကြည်မွေ့စွာဖြင့် ကုတင်ဘေးတခုံမှာ ထိုင်လိုက်ရင်း ခင်မေသစ်ကို သတိရသွားကာ ဘေးကိုလှည့်ကြည့်မိတော့ အိတ်ထုတ်လေးကိုင်လို့ ဘေးမှာရပ်နေဆဲ။

"ဟာ. . . မေ့သွားတယ်သစ်သစ်ရာ. . . ဟိုမှာခုံတစ်လုံးဆွဲထိုင်လေ. . . ဒါမှမဟုတ်ဟိုခုံတန်းလေးမှာသွားအိပ်ချင်အိပ်ပါလား. . . စံစံကို. . . ကိုလေးပဲစောင့်လိုက်မယ်"

"ချွေးထွက်လာရင်အဝတ်အစားလဲပေးရဦးမယ်လေ ကိုလေးရဲ့. . . ကိုလေးသွားအိပ်ပါ. . . သစ်သစ်စောင့်ပါမယ်"

"ကိုလေးမအိပ်ပါရစေနဲ့သစ်သစ်ရယ်. . . ကိုယ်လေးအိပ်နေတုန်းစံစံတခုခုဖြစ်သွားပြီး မသိလိုက်မှာစိုးလို့ပါ. . . အဝတ်အစားလဲကိုယ်လေးဘဲ လဲပေးလိုက်မယ်. . . သစ်သစ်သွားနားချေ"



ပြောလို့လဲရမည်မဟုတ်၍ လက်ထဲက အဝတ်အစားတ်ကို ပေးထားခဲ့ပြီး ခုံတန်းရှည်လေးဆီ ထွက်လာခဲ့လိုက်သည်။

ကိုလေးခေါ် လိုက်သော ရဲဆွေဆိုသည့် နာမည်ကြောင့်လေးစာအုပ်ထဲက မြိုင်ဘက်ဖြစ်သည့်ကိုလေး၏ မိတ်ဆွောင်းကြီးမှန်းသိလိုက်ရသည်။

သူတို့ပြောတဲ့စကားတွေကို နားထောင်ပြီး ခင်မေသစ်ခုခုကို သဘောပေါက်သလိုလိုရှိ၏၊ သို့သော်လည်း အသေချာတော့ နားမလည်ပါ။

နောက်ပြီး ကိုလေး၏စံစံအပေါ် စိုးရိမ်နေမှု၊ ဒါတွေကိုည့်ပြီး ကိုလေးကို အထင်လွဲမိတာမှားပြီဟု တွက်လိုက်မိသည်။ပေမဲ့ ကိုလေးရေးထားတဲ့စာတွေကို ကိုယ်တိုင်ဖတ်ခဲ့ရတာဆိုတော့ ရင်ထဲမှာ တမျိုးတော့ တမျိုးကြီးပါအဲ။

စံစံခံယူထားသလိုသာ ဖြစ်ပါစေဟု ဆုတောင်းမိလေသည်။

ကိုလေးကသွားနားချည်ဆိုပေမယ့် သစ်သစ်မနားနိုင်ငံကိုစိတ်မချ၍ မလှမ်းမကမ်းကနေ လှမ်းကြည့်နေမိသည်။ါက်တာရဲဆွေပြောသွားသလိုဘဲ သွင်းထားသည့် ဆေးတဝက်ရောက်မှာ စံစံချွေးတွေထွက်လာပုံရသည်။ ကိုလေးချွေးသုတ်

ပေးနေတာကိုတွေ့ရလေသည်။

အင်္ကျီကို ကိုယ့်ဖာသာလဲပေးမည်ဆိုသည့်ကိုလေး ဓ ကယ့်တကယ်ကြတော့ အခက်တွေ့နေပုံရသည်။ အင်္ကျီချွတ်ပေ ဖို့ နေနေသာသာ ချိတုန်ချတုန်ဖြစ်ပြီး သစ်သစ်ကို လှည့်ကြည့် တာကြောင့် ပြေးသွားပြီးလဲပေးလိုက်ရ၏။

ဒါတောင် သစ်သစ်အင်္ကျီလဲပေးနေတုန်း မျက်နှာလွှဲ ထားလိုက်သေးသည်။ ဒါနဲ့များ စာထဲမှာ ရေးထားလိုက်တာ မဖြစ်မနေဂလှဲစားချေတော့မည့်ပုံ ဒါကြောင့်စံစံကို သစ်သစ် အတင်းတားခဲ့မိတာ ဖြစ်သည်။ အခုတော့ ကိုလေးစံစံအပေါ် ထားသည့် ချစ်ခြင်း မေတ္တာက မထိရက်၊ မကိုင်ရက်၊ မတို့ရက် နှင့် တန်ဘိုးထားမြတ်နိုးကြင်နာမှန်းသိသာလှ၏၊ သစ်သစ်စိတ် ချမ်းမြေ့စွာကြည့်ပြီး သူငယ်ချင်းအတွက် စိတ်အေးသွားမိပါ၏။

မကြာလိုက်ပါစံစံသတိရလာ၏။ သတိရတယ်ဆိုသ တမ်းတတဲ့နာမည်က ကိုလေးတဲ့။ နှုတ်ခမ်းကိုမဲ့လိုက်ပြီး သစ်သစ် အနားကိုမသွားဘဲ ကြည့်နေလိုက်သည် ဟုတ်တယ်လေ သူအား ကိုးတဲ့သူက အနားမှာရှိနေသားဘဲ ကိုယ်သွားစရာမလိုဘူးဟု တွေးကာ အရွဲ့တိုက်ပြီး ကြည့်နေခြင်းသာဖြစ်သည်။

"ကိုလေး. . . ကိုလေးရေ. . . စံစံ. . . စံစံလေကိုလေး အရမ်းချစ်တာပါ. . . စံစံကိုပြစ်မသွားပါနဲ့နော်"



အိပ်ငိုက်တော့မလိုဖြစ်နေသော ချစ်လွန်းတင်တစ် ယောက် သတိရလာပြီး ကယောင်ကတန်းနှင့် ပြောနေသော ပင်မြင့်စံ၏စကားများကြောင့် မျက်လုံးကျယ်သွားရသည်။

သူ့အတွင်းစိတ်ကို စံစံများသိနေရော့သလားလို့ အထင် ရောက်ခါ အံ့ဩတုန်လှုပ်သွားရပါ၏။

ဘာသံမှထွက်မလာတော့ဘဲ အသက်မှန်မှန်ရှူကာအိပ် ပျော်နေသော ပင်မြင့်စံအား ချစ်လွန်းတင်ကြည့်ကာ သက်ပြင်း ချလိုက်မိသည်။

မရိုးသားတဲ့စိတ်နဲ့ ကိုယ်က ချဉ်းကပ်ခဲ့သူမို့ တိုက်ဆိုင် မှုရှိလာတိုင်း ထိတ်လန့်တုန်လှုပ်ခဲ့ရ၏။ အစကတော့ ကိုယ့်ရည် ရွယ်ချက်မအောင်မြင်ဖြစ်မှာစိုး၍ ထိတ်လန့်တုန်လှုပ်ခဲ့တာဖြစ် ပြီး အခုတော့ ချစ်တတ်လာခဲ့သော နှလုံးသားကြောင့် ချစ်ရသူ သိသွားမှာကို စိုးရိမ်စိတ်ဖြင့် ထိတ်လန့်တုန်လှုပ်နေရခြင်းဖြစ် သည်။

ထိုစိတ်ကြောင့်ပင် လူနာနှင့် အပြိုင်ချစ်လွန်းတင်ချွေး တွေပြန်နေရ၏။

လူနာက ရောဂါအမည်တပ်စရာရှိ၍ ဆေးကုသမှုခံ ယူလို့ရသည်။ ကိုယ့်မှာက ဆေးကုလို့မရသည့် ဝေဒနာဆိုး။

ချစ်လွန်းတင်တွေးကာ စိတ်မသက်သာစွာဖြင့် ချိတ်

ထားသည့် ဆေးပုလင်းဆီအကြည့်ရောက်ရလေသည်။ ဟော . . . ဆေးကုန်တော့မှာပါလားဆိုသည့် အသိစိတ်နှင့်ရဲဆွေထ သွားသော အခန်းဆီလျှောက်ခဲ့မိသည်။

"ဒေါက် . . . ဒေါက်"

အခန်းတံခါးကို ဖြေးဖြေးခေါက်လိုက်ရာ . . . အခန်းထဲမှ ရဲဆွေထွက်လာပြီး။

"ဆေးကုန်သွားပြီလားသူငယ်ချင်း"

"အေး . . . ကုန်တော့မယ် . . . နည်းနည်းလေးဘဲရှိတော့တယ်"

"လာလေ . . . ငါလိုက်ကြည့်ပုံမယ် . . . ဒွေးပေါင်ချိန်ပြီး . . . အားဆေးထိုးသင့်ထိုးပေးလိုက်မယ် . . . ပုံစံကြည့်ရတာ အားအတော်နည်းနေပုံရတယ်ကွ . . . နေပါဦး . . . ဒီကောင်မလေးမျက်နှာကိုငါဘယ်မှာတွေ့ဖူးမှန်းမသိပါဘူး . . . ဘာလဲ . . . မင်းကောင်မလေးလား"

လှောင်ရယ်နေသော ရဲဆွေကို သည်းခံကာငုံ့ကြည့်ပြီး ခေါင်းညိတ်ပြလိုက်ရသည်။

အကောင်စုတ်က ပြုံးစိစိလုပ်နေတာကို မသိချင်ယောင်ဆောင်လိုက်ရသည်။

ဒင်းကို ခွန်းတုန့်ပြန်နေလို့မဖြစ်၊ သူ့စကားကိုလက်သင့်





ခံပြီး ပြန်ပြောနေလို့ကတော့၊ တချိန်မဟုတ်တချိန် နားခါးစရာတွေက ကြားရဦးမှာမလွဲ သူလုပ်သမျှသာလိုက်ကြနေမိသည်။

ဆေးကုန်သွားတဲ့ပုလင်းကို ဖြုတ်ပြီး ပင်မြင့်စံလက်ကအပ်ကိုဖြုတ်ခါဒွေးပေါင်ချိန်ရန်ဆက်တိုက်ပြုလုပ်ရင်း မျက်နှာကို စိုက်ကြည့်ကာ အကဲခတ်နေသော ရဲဆွေ၏ပုံစံက လူနာကိုဆရာဝန်တစ်ယောက်ကြည့်နေပုံနှင့်မတူ တရားခံကို အလွတ်မပေးသည့်ရဲသားတစ်ယောက်နှင့် တူနေသည်ဟု ချစ်လွန်းတင်တင်လိုက်မိသည်။

ထင်သည့်အတိုင်းပင် ချစ်လွန်းတင်ကိုလှည့်ကြည့်ကာ တရားခံဖမ်းတော့မည့်ပုံစံနှင့်၊

"ငါထင်တာမမှားဘူးဆိုရင်တော့ . . . ဒီကောင်မလေးက . . . သံလျင်မှာမင်းနဲ့ ကျိုင်တက်ခဲ့တဲ့ကောင်မလေးဖြစ်ရမယ် . . . ငါထင်တာမမှားဘူးမှတ်လားဟေ့ကောင် . . . မမှားရင်တော့မင်းဒီကောင်မလေးကို ကြိုက်တာရိုးမှရိုးရဲ့လားကွာ . . . မင်းစကားအတိုင်း လှုပ်ရှားနေပြီလား"

"ဟာ . . . ဟေ့ကောင် . . . မင်း"

"အို . . . ကိုလေး"

တဲ့တိုးကြီးမေးချခံလိုက်ရတာကြောင့် စိတ်ကိုထိန်းထားသည့်ကြားက ချစ်လွန်းတင် လွတ်ထွက်သွားရသည်။ ဒေါသစိတ်

ကြောင့် ဒေါက်တာရဲဆွေ၏ အကျီစကို ဆွဲလိုက်ပြီး လက်တဖက်ကလည်း ရွယ်ပြီးသားဖြစ်သွားရ၏။ ဒီအချိန်မှာ အနားမှာရပ်နေသော ခင်မေသစ်ကမြှောက်တက်သွားသောလက်ကို အတင်းဝင် ဆွဲလိုက်၍ချစ်လွန်းတင်၏ လက်သီးနှင့်ဒေါက်တာရဲဆွေ၏ မျက်နှာမိတ်ဆွေမဖွဲ့မိကြခြင်းဖြစ်သည်။

ဒေါက်တာရဲဆွေကလည်းမဖြုံ ခပ်ထန်ထန်ပင် ချစ်လွန်းတင်အား ပြန်ကြည့်ကာ သူ့အကျီရင်ဘတ်ကို လက်နှင့်ခါလိုက်ရင်း မထိမျက်မြင်ပုံစံဖြင့်

"အခြောက်တိုက်ဒေါသထွက်မနေနဲ့လေ ချစ်လွန်းတင်မှန်နေရင်လဲ ငြိမ်နေလိုက်ပေါ့ကွ. . . မင်းပုံစံက အနာပေါ်တုတ်ကျတဲ့အတိုင်း ခုန်ဆွခုန်ဆွဖြစ်နေတယ်. . . မင်းလူနာကို ငါအားဆေးထိုးပေးလိုက်တယ်. . . မနက်နိုးလာတာနဲ့အားပြည့်ပြီး လန်းဆန်းသွားမှာပါ. . . လူနာအတွက်တော့ စိတ်ချပြီ. . . မင်းအတွက်ပဲစိတ်မချရသေးတာ. . . လူနာကိုခေါ်ပြီးပြန်ချန်ရင်ပြန်လို့ရပြီ"

ရိုတိုတိစကားကိုပြောဖြစ်အောင် ပြောကာမခံချင်အောင်လုပ်ပြသွားသည့် မျက်နှာက ခင်မေသစ်ပင် အမြင်ကတ်မိ၏။

ချစ်လွန်းတင်ဆို ဒေါသထွက်လွန်း၍ အံကိုကြိတ်ထား



သည်မှာ မေးကျောတွေပင်ထောင်ထနေလေသည်။ ခင်မေသစ် ရှေ့မှာပေါ်တင်ချလင်းထုတ်သွားသော ရဲဆွေ၏စကားများက ဘယ်လိုမှ ထိန်းထားနိုင်စွမ်းမရှိတော့။

ဒါကြောင့် ရဲဆွေကျောခိုင်းသွားသည်နှင့် ကုတင်ပေါ်က ပင်မြင့်စံကို ခွေ့ကနဲကောက်ပွေ့ကာ လျှင်မြန်သော ခြေလှမ်းများ ဖြင့်ဆေးခန်းထဲမှ ထွက်ခဲ့လိုက်၏။

ကားနားကိုရောက်တော့အနောက်ကနေ ပြေးလိုက်လာသော ခင်မေသစ်ကိုတောင် မစောင့်နိုင်ပဲ သူ့ဖာသာမမှီမကန်းနှင့် ကားတံခါးကိုဖွင့်ကာ ပင်မြင့်စံအားကားထဲသို့ ထိုင်သည့်အနေအထားနှင့် ကူရှင်ကို ခေါင်းမှီပေးကာ ထားခဲ့လိုက်သည်။

သူကိုယ်တိုင်က ကားမောင်းသူနေရာသို့ ဝင်ထိုင်လိုက်၏။

အစ်ကိုဖြစ်သူ၏လုပ်ရပ်ကို ကြည့်ပြီး ခင်မေသစ် ကားထဲသို့ အပြေအလွှားဝင်ထိုင်လိုက်ရသည်။


ခင်မေသစ်အရောက်မြန်ပေလို့သာ နို့မို့ဆိုမလွယ်. . . ကားပေါ်ရောက်သည်နှင့် ကားကဒရကြမ်းမောင်းထွက်ခဲ့သည်။

ပင်မြင့်စံကို ဘေးကနေ ထိန်းပွေ့ထားရင်း အစ်ကိုဖြစ်သူကိုလှမ်းကာလှမ်းကာ ကြည့်မိသော်လည်း မျက်နှာကို မှုန်ကုတ်ထားပြီး ကားကို ဂရုစိုက်မောင်းနေ၍ ခင်မေသစ် စကားမပြော

တော့ပဲ ငြိမ်နေလိုက်မိ၏။

သူမတို့ တိုက်ခန်းဆီရောက်တော့လဲ မပြောမဆိုနှင့်ပင် ပင်မြင့်စံအားလာပွေ့ယူသွားပြီး သူမအသင့်ဖွင့်ပေးလိုက်သော တံခါးမှ ကသောကမျော ဝင်သွားကာအခန်းထဲက ကုတင်ပေါ် တင်ပေးထားခဲ့၍ ဘာတခွန်းမှ စကားမဟဘဲ ပြန်ထွက်သွားခဲ့လေသည်။

ပုံမမှန်မှုမမှန်ဖြစ်သွားသော အစ်ကိုဖြစ်သူ၏ အနေအထားကြောင့် ခင်မေသစ်လဲ ဘာမှစကားမပြောဖြစ်လိုက်တော့ချေ။



**********************

မြင့်မြင့် စာပေ
ချစ်မှာလေလား ခြွေမှာလား

## အခန်း[၁၃]

ရင်ထဲမှာတော့ ပဟေဠိပေါင်းများစွာဖြင့်။

အိပ်ရာက ဖျက်ကနဲနိုးတယ်ဆို မျက်လုံးကိုဖွင့်ကြည့်ချက် ပင်မြင့်စံသူမကိုယ်သူမသတိထားမိ၏။

ခြေတွေလက်တွေ နုံချိချိဖြစ်နေတာကလွဲ၍ ရင်ထဲမှာ ...န်းဆန်းနေလေသည်။ ဒါဆိုသူမညက သောက်သောဆေး ...ကြောင့် အဖျားကျသွားပြီဟု ယူဆကာ ခြင်ထောင်ကို မတင် ...ချက် ထထိုင်လိုက်သည်။

ကုတင်ပေါ်မှာ ထိုင်လျှက်ကနေ တဖက်ကုတင်ကိုလှမ်း ...ကြည့် အခုထိအိပ်နေဆဲခင်မေသစ်ကို အတွေ့မှာ အံ့ဩသွား ...၍ ဒီအချိန်ထိ အိပ်နေပုံထောက်နေများ မကောင်းလို့လား ...ဆို သော အတွေးဖြင့် နိုး၍ မေးရန်သူကုတင်နားသို့ လျှောက် ...သာခဲ့၏။

အနားကို ရောက်တော့ ခြင်ထောင်ကို မလိုက်ရာ ခင်မေ
သစ်ဆက်ကနဲ ဖြစ်သွားရပြီး မျက်လုံးကို ပွတ်လျှက်။

"ဟင်. . . စံစံ. . . ဘာလို့ထလာတာလဲ. . . သွားအိပ်
နေလေ. . . ဘာလိုချင်လို့လဲ. . . ငါလဲညက တရေးမှမအိပ်ရ
တော့. . . အိပ်ပျော်နေမိတာ. . . ဘာလုပ်ပေးရမလဲပြော"

ခြင်ထောင်ထဲက အတင်းထွက်လာပြီး ရှင်းပြနေသော
ခင်မေသစ်ကို ပင်မြင့်စံကြည့်၍ စဉ်းစားရခက်သွားမိသည်။

ညက. . . သစ်သစ်တညလုံးမအိပ်ရဘူးဆိုတော့ သူ
တညလုံးနေမကောင်းဖြစ်နေလို့လား၊ ဒါမှမဟုတ်ဘာကြောင့်
မအိပ်ရတာလဲ၊ ကိုယ်တိုင်က လန်းဆန်းနေတော့ ညကအဖြစ်ကို
စဉ်းစားမရဖြစ်နေခြင်းလား ,ထိုသို့တွေးပြီး၊

"သစ်သစ်. . . နင်ညကတညလုံးမအိပ်ရတာ. . . ငါ
နေမကောင်းလို့လား. . . ဟုတ်လား" .

"အေးလေ. . . နင်ဖျားတာမှ သတိတွေဘာတွေလစ်
ပြီး ကယောင်ကတန်းတွေတောင်ပြောနေတာ. . . ငါလဲဘာမှ
မလုပ်တတ်တာနဲ့. . . ကိုလေးကိုလှမ်းခေါ် လိုက်ရတယ်. . .
တော်သေးတယ်. . . မနေ့က စောလမွန်ပေးခဲ့တဲ့ ဟန်းဖုန်း
လေးကျေးဇူးကြောင့် နင်ကုသိုလ်ကံကောင်းသွားတာ. . . အ
ချိန်ကာလဲမရှိတော့ဘူးလေ. . . ငါ တစ်ယောက်တည်း ခြေမကိုင်





သက်မကိုင်မိ ဖြစ်နေတာဆိုတော့ နောက်ဆုံးကိုလေးကိုဘဲ
ခေါ် လိုက်ရတာပေါ့"

ပင်မြင့်စံနားထောင်နေပြီး တွေးတွေးဆဆဖြင့် မေး
လိုက်သည်။

"ဒါဆို. . . ငါဆေးခန်းကိုရောက်သွားသေးတာလား
သစ်သစ်"

"သိပ်ဟုတ်တာပေါ့. . . ဆေးခန်းမှကိုလေး အချစ်
တော်ကြီးဆေးခန်းကို ရောက်သွားခဲ့တာအမိရေ. . . ကိုလေး
လဲအချိန် မရှိမှဆိုမှဆိုတော့ ကြံရာမရဘဲ ဒီဆေးခန်းကို သွား
လိုက်ရတာနဲ့ တူပါရဲ့ဟယ်. . . ကိုလေးကိုကြည့်ပြီး ငါတောင်
သနားသွားမိတယ် မိစံရယ်"

"ဟင်. . . ဘာကြောင့်လဲ"

"ဘာကြောင့်ရမလဲဟ. . . အဲ့ဒီကိုလေးရဲ့ပြိုင်ဘက်
ဒေါက်တာရဲဆွေဆိုတဲ့လူက. . . ကိုလေးကိုမခံချင်အောင်ပြော
တာများ. . . ငါ့ကိုတောင်အားမနာဘူး. . . ပြောလိုက်တာ
လေငါတောင်ဒေါသထွက်တယ်. . . ကိုလေးနင့်ကိုရန် ညှိုးဖွဲ့
တာလဲ မပြောနဲ့. . . သူပြောတဲ့စကားတွေက မခံချင်စရာတွေ
ချည်းဘဲ. . . သူတို့ချင်း ဆုံတိုင်း ဒီလိုဘဲ ပြောနေလားမသိဘူး"

ပင်မြင့်စံသဘောပေါက်သွားပြီး

"ဘာတွေပြောကြတာလဲ. . . ပြန်ပြောပြပါလား သင်းသစ်"

"အေးပြောပြရတာပေါ့. . . လာ. . . ထိုင်ပြောကြအောင်"

နှစ်ယောက်သားကုတင်ပေါ်မှာအတူထိုင်လိုက်ကြပြီး ညကအကြောင်းများကို ပြောဖြစ်ကြလေသည်။

စကားဆုံးတော့ ပင်မြင့်စံရင်ထဲနှင့်သီးစွာခံစားလိုက်ရသည်။ ချစ်ရသော ကိုလေးခံစားနေရတာတွေကိုပါ စာနာသနားသွားရ၏။

"သစ်သစ်. . . ဒီနေ့ကိုလေးလာရင်. . . အဲ့ဒီအကြောင်းကိုဘာမှမစပေးနဲ့သိလား. . . စံစံလဲမသိချင်ယောင်ဆောင်နေမယ်. . . သစ်သစ်လဲအဲ့ဒီလိုဘဲနေပေးလိုက်. . . ကိုလေးသနားပါတယ်"

"ဟုတ်ကဲ့. . . ဟုတ်ကဲ့. . . အမိန့်တော်မြတ်အတိုင်းပါဘဲရှင်"

"လုပ်ပြီ. . . အကောင်းကြီးကနေ. . . ဘယ်လိုဖြစ်ပြီးထဖောက်သွားရတာလဲ"

"ဖောက်သွားတာပေါ့. . . ညကကိုလေးရှင့်ကို ပြုစုနေတာတွေကို ကြည့်ပြီး မနာလိုလာတာလေ"





"ဟွဲ. . . မဟုတ်တာကပြောပြီ. . . အဲ့ဒါဆိုလဲ. . . ရှင်လူမာဖြစ်လိုက်. . . စောလမွန်ကို လှမ်းခေါ်ပေးမယ်"

"တော်စမ်းပါ. . . လူမမာမဖြစ်ချင်ပါဘူး. . . ညကလဲနှင့်ကိုအတော်စိတ်အချဉ်ပေါက်မိသေးတယ်သိလား"

"ငါ့ကို"

သူမရင်ဘတ်ကို ပုတ်၍ ပင်မြင့်စံမေးလိုက်လျှင် ခင်မေသစ် မဲ့ရွဲ့၍။

"ဟုတ်တယ်. . . ဟုတ်တယ်နင့်ကို. . . ရေဘတ်တွေဘင်ပေးပြီး ပြုစုနေရတာကငါ. . . ကယောင်ကတန်းနဲ့ခေါ်နေဘာ က. . . ကိုလေး. . . ကိုလေးချင်းကို မိုးမွှန်နေတာဘဲ. . . ဒီကြားထဲပါ လိုက်သေးတယ်. . . ကိုလေးကိုတကယ် ချစ်တာပါ. . . စံစံကိုမထား ခဲ့ပါနဲ့တဲ့. . . ငါလေ ထထုချင်တာ. . . သတိလစ်နေတာ နင်ကံကောင်းသွားတယ်မှတ်ပါ"

"ဟောတော့. . . ငါ. . . အဲ့သလိုတွေပြောနေတယ်လား"

"ဟုတ်တယ်"

ခင်မေသစ် စိတ်တိုတိုနှင့်မာဆက်ဆက်ပဲအော်လိုက်မိသည်။

"ဒုက္ခပါဘဲ. . . ကိုလေးရောရှိလား"

"အခုမှ ဘာဒုက္ခတာလဲ. . . ဟိုကကြားသွားရုံတင်မက

ဘူး. . . သူပါနင့်ကိုဘာတွေတတွတ်တွတ်နဲ့ ပြောနေလဲမသိဘူး . . . ငါမကြားရဲလို့ နားမစွင့်မိဘူး"

"ဟယ်. . . ငါလဲမကြားပါလား"

"သေလိုက်"

"အဟီး. . . သူငယ်ချင်းကလဲ. . . မသေချင်သေးဘူး ဟယ်. . . နင့်အစ်ကိုနဲ့ သဘောတူတယ်ဆိုယောက်ျားယူလိုက် ဦးမယ်သိလား"

"တွေ့လားပြောနေရင်းက"

အကဲပိုနေသော ပင်မြင့်စံကို ခင်မေသစ် ကြည့်ရေ တော့၍ ကျောကုန်းကို ထုလိုက်တော့သည်။

"ဟာ. . . အား"

"ဟယ်. . . စံစံ. . . ငါမေ့သွားလို့. . . ငါမေ့သွားလို့ . . . ဘာဖြစ်သွားတာလဲ. . . နင်နေမကောင်းတာကို မေ့သွား တယ်ဟာ ဆောရီး. . . ဆောရီး"

ပြူးတူးပြတဲနှင့် ဗျာယာခတ်ခါ တောင်းပန်နေသော သူငယ်ချင်းအား ရှုံ့မဲ့နေရာမှ ပင်မြင့်စံမော့ကြည့်ပြီး

"ဘာမှမဖြစ်ဘူး. . . နင်ထုလိုက်လို့. . . ငါ့ရဲ့ချစ်တတ်တဲ့ အသည်းနှလုံးလေး ပြုတ်ထွက်သွားမှာစိုးလို့အော်လိုက်မိ တာ"





"ကြည့်စမ်း. . . နင်တော့လေ"

ထပ်ထုရန် ခင်မေသစ်ရွယ်ပြီးမှ မရွယ်ခင်တည်းက အရင်ရှုံ့မဲ့ပြုပြီး ဇတ်ပုနေသော ပင်မြင့်စံကို ကြည့်ကာ ရွယ်ထား တဲ့လက်ကို ပြန်ရုပ်၍ မျက်စောင်းထိုးကာ အခန်းထဲမှ ထွက် သွားလိုက်တော့သည်။

ပင်မြင့်စံကတော့ တခစ်ခစ်ရယ်ကာ ကျန်ခဲ့ရင်း ချစ် သော ကိုလေးအလာကို မျှော်တော်ရောင်လုပ်ခါရောက်လာ လျှင်ပြောရမည့် စကားများကိုပါကြိုတင်တွေးတောနေမိပါ၏။

ထိုနေ့က ပင်မြင့်စံရောခင်မေသစ်ပါ ချစ်လွန်းတင်အား မျှော်နေကြသော်လည်း တနေကုန်သွားသည့်တိုင် သူကတော့ ပေါ်မလာခဲ့ချေ။ သူမတို့စိတ်ထဲမှာက ဒေါက်တာရဲခွေပြော လိုက်သော စကားများကို ခင်မေသစ်ကြားသွား၍ ရှက်ပြီး ရောက်မလာတာဟု ထင်နေမိကြသည်။ ချစ်လွန်းတင်က ထိုသို့ မဟုတ်ခဲ့။

## အခန်း[၁၄]

"ကိုလေး. . . ထမင်းစားတော့မလား. . . ကျွန် တော် ခူးထားပေးခဲ့မယ်"

နွားနို့ပို့ပြီး ပြန်လာသော ညီထွေး၏ အမေးကို ချစ်လွှမ်းတင်ခေါင်းခါပြလျှက်

"မစားသေးပါဘူးကွာ. . . မင်းကျောင်းသွားစရာရှိ တာ သွားပါ. . . ဆာတော့ငါ့ဖာသာခူးစားမှာပေါ့. . . မနက်က သောက်ထားတဲ့ နွားနို့က အခုထိ အစာမချက်သေးဘူးကွ"

"ဒါဆိုလည်း. . . ကျောင်းသွားတော့မယ်. . . ကိုလေးပျင်းရင် စားပွဲပေါ်မှာ ဝတ္ထုစာအုပ်တွေရှိတယ်ဖတ်နေနော်"

"အေးပါကွာ"



တဲပေါ်မှ ပြေးဆင်းသွားသော ညီအားချစ်လွှမ်းတင် ငေးကြည့်နေမိသည်။ မနက်အစောကြီးထကာကြက်ဦးထ ကောက်ပြီးလျှင် အစ်ကိုလုပ်သူညှစ်ပေးထားသော နွားနို့များကို ပို့ရမည့်ဈေးဆိုင်များ အိမ်များကို လိုက်ပို့ပြန်လာလျှင် ရေကို တမန်းကတန်းချိုးပြီးတာနှင့် စားစရာရှိတာကို အလျှင်အမြန် စားလျှက်ကျောင်းသို့ ပြေးရလေသည်။

ကျောင်းကပြန်လာတော့ မနားအားသေး နွားတွေကို ရေချိုးသန့်စင်ပေးရသေး၏၊ နွားချေးကျုံးရသေး၏၊ နွားခြံကို သန့်ရှင်းအောင် လှဲကျင်းရသေး၏၊ အားလုံးပြီးသွားတော့မှရေ မိုးချိုးကာ သူ့အစ်ကိုချက်ထားသော ထမင်းအားစားပြီး စာကျက် လျှင်ကျက် မကျက်လျှင် ကျောင်းမှပါလာသော အိမ်စာများကို လုပ်ရလေသည်။

ထိုသို့ အကြီးကောင်ညီဝင်းဆိုလျှင် ဘွဲ့သာရသွားရော ဤကဲ့သို့ပင်အလုပ်နှင့်လက်မပြတ်ခဲ့ဟု ဆိုသည်။ ဒါတွေကိုကြည့် ကာ ချစ်လွှမ်းတင်နောင်တရမိပါသည်။ ရှက်လဲရှက်သွားမိသည်။

သူ့တုန်းက ပညာကိုအေးချမ်းစွာသင်ယူခွင့်ရှိနေပါ လျှက် ပညာလဲတော်ပါလျှက်နှင့် ပညာကို ဆုံးခန်းတိုင်အောင် သင်ခဲ့ရ တကိုကြိုးစားခဲ့သော်လည်း အပျော်အပါးမက်မှု၊ အပေါင်းအသင်း ခုံမင်မှုတွေက ပညာကို အညွန့်ချိုးခဲ့လိုက်ရ

လေသည်။

ဒါတွေကို အခုမှ ညီထွေးတို့ ညီဝင်းတို့နဲ့ ယှဉ်ကာ တွေးကြည့်ပြီး အမြင်မှန်ရခဲ့ခြင်း ဖြစ်သည်။

အစကပင်မြင့်စံကြောင့် သူဘဝလေလွင့်ခဲ့ရသည်ဟု ချည်း စွပ်စွဲခဲ့မိသည်။ အမှန်ကဖခင်လုပ်သူကဒေါသထွက်လို့ နှင်ချသည်ဘဲထားဦး၊ ကိုယ်တိုင်က ပညာလိုချင်စိတ်ရှိခဲ့လျှင် ကြိုးစားပါက အောင်မြင့်ဘို့ မခဲယဉ်း၊ အခုညီထွေတို့ညီအစ်ကို ကြိုးစားသလို ကြိုးစားသင့်တာ ပညာရေးအတွက်ဆိုဦးလေးတွေ အဒေါ်တွေက ကူညီကြမှာမလွဲ၊ ဒါတွေကို မတွေးမိဘဲ တလွဲ ဆံပင်ကောင်းခဲ့တဲ့ ကိုယ့်ကိုကိုယ်သာ အပြစ်တင်နေမိတော့သည်။

ဒီကြားထဲ ဘာမှ မဆိုင်တဲ့ပင်မြင့်စံက မြေဇာပင်ဖြစ်ရသေး။ ကိုယ့်ဆုံးဖြတ်ချက်မှားတာကို မမြင်၊ ဘေးကလူတွေကို ဝါးလုံးရှည်နဲ့ လိုက်ရမ်းမိနေတော့သည်။

ဒါကလည်း မီးလောင်ရာ လေပင့်တဲ့ ရဲဆွေဆိုတဲ့ အကောင်ကြောင့်လဲပါသည်ဟု တွေးကာရဲဆွေဘက်မြားဦးလှည့် လိုက်ပြန်သည်။ ဟုတ်တယ်လေ. . . ကိုယ့်စိတ်ကိုဆုံးမပြီး ပင်မြင့်စံ အပေါ်နားလည်ခွင့်လွှတ်မယ်ကြံလိုက်ဒင်းနဲ့တွေ့ပြီး မခံနိုင်စရာစကားတွေကြားလိုက်၊ နောက်စိတ်ကို ပြန်ဖြေပြီး



ဆုံးမလိုက် ဒင်းနဲ့ပြန်တွေ့လိုက်နှင့် ဒေါသမီးမငြိမ်းနိုင်ဖြစ်နေရသည်။

အခုနောက်ပိတ်ဆုံးအခေါက်မှာတော့ ပိုအထိနာခဲ့တဲ့ ကိုယ့်စိတ်ကိုဘယ်လိုမှ ပြန်ဖြေလို့မရတာနှင့် ပင်မြင့်စံကို ဝင်ပို့ပေးခဲ့ပြီး စိတ်ညစ်ညစ်ဖြင့် ဦးလေးအိမ်ကို ထွက်လာမိခဲ့တာဖြစ်သည်။ ဦးလေးကလည်း သူ့အစ်ကိုရဲ့သားဖြစ်တဲ့ ကိုယ့်ကို ကြည်ဖြူစွာ လက်ခံထားရှိပါရဲ့ ဒါပေမယ့် လေးငါးဆယ်ရက် ဖြစ်လာတော့နေရတာ စိတ်မလုံချင် ဒါ့ကြောင့် ဦးလေးတို့ပိုင် မွေးမြူရေးခြံထဲမှာ ညီထွေးတို့ညီအစ်ကို နှင့်လာနေခြင်းဖြစ်သည်။

သူတို့နဲ့ ညီအစ်ကိုနဲ့နေလာတဲ့ရက်တွေများလာလေ၊ ကိုယ့်အပြစ်ကိုမြင်လာလေဖြစ်နေရသည်။ ဒီတော့ ပြန်ရန်စိတ် ကူးပေါ်လာရသည်။ အခုလောက်ဆိုမြင့်စိုးလဲ ခေါင်းမီးတောက် နေတော့မည်။ စံစံနှင့် သစ်သစ်လဲ မျှော်နေလောက်ရောပေါ့၊ သူထွက်လာတာဘဲ တစ်လနီးပါးရှိနေမှ မမျှော်ဘဲနေကြမှာမ ဟုတ် မြင့်စိုးကိုသွားမေးချင်မေးနေကြဦးမှာ မြင့်စိုးကလည်း သူရှိနိုင်မည့်နေရာတွေကို နှံ့အောင် ရောက်လောက်ပေပြီ။

တွေးကာ သက်ပြင်းချလျှက် ညီထွေးစားပွဲနားမှာသွား ရပ်ခါ စာအုပ်တွေကို အကြောင်းမဲ့ လိုက်ကိုင်ကြည့်နေမိသည်။

ဝတ္ထုစာအုပ်တွေ ထပ်ထားတာကိုလဲဆွဲဖွင့်နေမိသည်။ စာအုပ်တစ်အုပ်ကို အမှတ်တမဲ့ ယူကြည့်မိရာက ချစ်လွန်းထင် မျက်လုံးပြူးသွားရလေသည်။

စာရေးဆရာမတွဲတေးပင်မြင့်စံ၏ စာအုပ်ဖြစ်သည်။ စာအုပ်နာမည်က ချူမှာလေလားခြွေမှာလားတဲ့ စာအုပ်ကို ယူကာကတုန်ကယင်ဖြင့် ချစ်လွန်းတင် ဖတ်ကြည့်လိုက်သည်။ စာအုပ်မျက်နှာဖုံးမှ ခေါင်းစဉ်ကို စိတ်ဝင်စားသွားရတာကြောင့် ဖတ်မိတာဖြစ်သော်လည်း စာအုပ်ဆုံးအောင် ဖတ်မိသွားရလေ သည်။

စာအုပ်လဲဆုံးရော ချစ်လွန်းတင် ခြေကုန်လက်ပန်းကျ ကာခြေပစ်လက်ပစ်ထိုင်ချလိုက်မိတော့သည်။

စာအုပ်အစမှအဆုံးကိုယ့်အကြောင်းကိုပြန်ဖတ်နေရ သည့် နှယ်ပါလား။ နောက်ပြီးမိမိ၏ အကြံအစည်များကို စံ သိနေသည့်အကြောင်းအရာများက ဖုံးသြလောက်ဖွယ် ရေးသား ထားလေသည်။

ကိုယ့်ကိုကိုယ်လည်လှပြီထင်ထားခဲ့သမျှ ဒီစာအုပ်ပါ အကြောင်းအရာများကို ဖတ်ပြီး ရှက်တတ်လျှင် သတ်သေဖို့ ပင်ကောင်းနေတော့သည်။

ရဲဆွေနှင့်ပြိုင်ဆိုင်ခဲ့ရသည် ပညာရေးပြိုင်ပွဲမှာ ကိုယ့်





ဘက်ကရှုံးတာ၊ ကိုယ်အသုံးမကျလို့ဆိုတာကို တွေးပြီး ဖြေသာ သော်လည်း အခုမိမိမကောင်းကြံစည်လိုစိတ်ကို ချစ်ရသူသိသွား ပြီး ခွင့်လွှတ်နိုင်ခဲ့သည်ဆိုသည့် အသိက ဘယ်လိုမှ မဖြေသာခဲ့ မြင့်ဖိုးအတန်တန်တားသည့်ကြားက မကြံစည်မကြံအပ်တာတွေ ကို ကြံစည်တွေးတောမိခဲ့၏။

ဒီလောက်ရိုင်းစိုင်းခဲ့တဲ့ ကိုယ့်အဖြစ်က ဘယ်မှာခွင့် လွှတ်ဖို့ ကောင်းလို့လဲ. . . ဒါကိုချစ်ရသူက ခွင့်လွှတ်ကြည်ဖြူ ခဲ့တယ်ဆိုပါလား. . . ကိုယ့်အကြံအစည်ကို သိရက်နဲ့ ချစ်အဖြေ ပေးလိုက်ရုံမက ချူလိုက ချူခြွေလိုက ခြွေဟုဆိုခဲ့ပြန်သေး၏။ အဲ့ဒီနေ့ရဲ့ အဖြစ်လေးများကို အခုတော့ တရေးရေးပြန်မြင်လာ ရသည်။

ဪ. . . ဖြစ်ရတယ်စံစံရယ်. . . ကိုလေးကိုဒီ လောက်တောင် ချစ်နိုင်ရလားကွာ. . . ကိုယ်ကိုမင်းချစ်မှန်း တော့ သိပါတယ်. . . အဲ့သလောက် ချစ်မှန်းကိုယ် မသိခဲ့ရ ဘူး. . . ခွင့်လွှတ်ပါချစ်သူရယ်. . . ကိုယ်ဘယ်လိုနည်းနဲ့ဘဲ တောင်းပန်ရတောင်းပန်ရ စံစံကို. . . ကိုယ်တောင်းပန်းပါမယ် . . . ကိုယ်ပြန်လာခဲ့ပါတော့မယ်ကွာအချစ်များစွာနဲ့ ကိုယ့်ကို စောင့်ကြိုနေပါတော့။

မင်းကို လွမ်းတဲ့စိတ်နဲ့ ကိုယ်လဲမရှူရှိုက်တမယ်ပါဘဲအချစ်

ရယ်. . . မင်းဆီပြန်လာမယ်စိတ်ကူးလိုက် ရဲဆွေစကားတွေ ကနားဝမှာလာကြားလိုက်သလို တခါက ပြောခဲ့ဘူးတဲ့ ကိုယ့်ရဲ့ စကားတွေက ကိုယ့်ကိုခြောက်လှန့်လိုက်နဲ့ ကိုယ့်မှာ အရှုံးပိုင်း ဖြစ်နေခဲ့ရတာ မင်းမြင်စေချင်တယ်ကွာ. . . အခုတော့ ကိုယ့် အမှားကို ကိုယ်မြင်လာပါပြီ။

ကိုယ်အမှားကိုမြင်ပြီး ပြန်လာတော့မယ်စိတ်ကူးတုန်း ကမင်းရေးတဲ့ စာအုပ်လေးကိုဖတ်မိပြီးမှ ပိုပြီး မင်းကိုတွေ့ချင် လာရပြီ အချစ်ရယ်စောင့်မျှော်နေပါနော်။

စာအုပ်ကိုခါးကြားထိုးမယ်လုပ်ပြီးမှ ညီထွေးတို့အဝတ် အစားတွေကို ချွတ်ခါ လာကာစက ဝတ်လာသော ဂျင်းဘောင်း ဘီအပြာအင်္ကျီအပြာတို့ကို ပြန်လဲဝတ်ပြီး ကားရပ်ထားရာသရက် ပင်ခြေရင်းကို လာခဲ့လိုက်သည်။

ကြက်ခြံထဲမှာ ကြက်စာကျွေးနေသော ညိုဝင်းကို ကား နားကဘဲ လှမ်း၍ နှုတ်ဆက်လိုက်သည်။

"ညိုဝင်းရေ. . . အစ်ကိုရန်ကုန်ကိုပြန်ဦးမယ်ဟေ့ . . . နောက်မှလာခဲ့မယ်. . . ဪ. . . ဒီစာအုပ်လေးအစ်ကိုယူ သွားဦးမယ်ကွာ. . . နောက်လာမှပြန်ယူခဲ့ပေးမယ်"

"ဟုတ်ကဲ့ကိုလေး. . . ယူသွားပါ. . . နောက်လဲလာ ခဲ့ဦးနော်"





"စိတ်ချပေါ့ကောင်ရေ့လာခဲ့ဦးမှာ"

ကားထဲဝင်ထိုင်က ဝတ္ထုစာအုပ်ကို ဒက်(ရှ်) ဘုတ်ပေါ် တင်လိုက်ရင်းကားကို မြို့ပြင်သို့ ဘက်ဆုတ်၍ ထွက်ခဲ့လေသည်။

လမ်းတလျှောက်လုံး အပျော်စိတ်ကြောင့် ကြည်နူးမိ သည်။

ချစ်တဲ့သူမျက်နှာလေးကို မြင်ယောင်ရင်းဖြင့် ရင်ဖို လှိုက်မောနေရ၏။ ချိုမြမြအပြုံးပိုင်ရှင်လေးက အခုမှ ပိုချစ်လာ ရသည်။

နောက်ကျမှရသောနောင်တကြောင့် ကုန်ဆုံးသွားသော အချိန်တွေကို နှမြောတသဖြစ်မိပါ၏။ ဘာဘဲဖြစ်ဖြစ်မိုက်မဲခဲ့တဲ့ ကိုယ့်အပြစ်တွေကို ဆေးကြောတဲ့ အနေနဲ့ ချစ်ရသူကို ရှေ့ လျှောက်အတိုးချပြီးချစ်ရန်သာစိတ်ကူးမိပါတော့သည်။

ဒီလိုတွေးလိုက်တော့ ကိုယ့်ဘဝရဲ့ ရှေ့ဆက်ရမည့် ခရီး ကသာ ပျော်ရွှင်ဘွယ်အတိပါလားဟုတွေးကာ ကျေနပ်မဆုံး ဖြစ်နေရသည်။

ချစ်သူ၏တိုက်ခန်းရှေ့ကို ရောက်ခါနီးလေ ရင်တွေ က အတောမသတ်နိုင်အောင် ခုန်လေဖြစ်နေရသည်။

ညနေစောင်းနေပြီမို့ ခင်မေသစ်ပြန်ရောက်လောက်ပြီ ဟုမှန်းကာ အိမ်ထဲကို အကဲခတ်ကြည့်ပြီး ဟွန်းသံပေးလိုက်လေ

သည်။

"ပွမ်း. . . ပွမ်း"

တံခါးလာဖွင့်မပေးခင်တံခါးဝက သွားရပ်စောင့်နေမိသည်။

ပြေးထွက်လာခဲ့ ခင်မေသစ်က တံခါးနားမှာ လာရပ်ပြီး ကြောင်ငေးငေးကြည့်နေပြီးမှ

"ဟင်. . . ကိုလေး. . . ဘယ်လိုပုံစံဖြစ်နေရတာလဲ . . . ဘယ်တွေသွားနေတာလဲဟင်"

မျက်နှာကို သေချာကြည့်ပြီး တံခါးမဖွင့်ထားသော မေးခွန်းတွေမေးနေသော ညီမဖြစ်သူအား ချစ်လွန်းတင်ချစ်စ နိုးနှင့် ကြည့်ကာပြုံးပြလိုက်ရင်း

"နောက်မှမေးပါကွာ. . . ကိုလေးအိမ်ထဲဝင်ပါရစေဦး . . . စံစံရော. . . စံစံ. . . ကိုလေးသူ့ကိုအရင်တွေ့ပါရစေ . . . နောက်မှ ကျန်တဲ့ကိစ္စရှင်းပြပါ့မယ်. . . သူအခန်းထဲမှာ ရှိလား"

သူသိချင်တာကို အလုအယက်မေးပြီး အခန်းထဲကို လှမ်းဝင်တော့မတတ်ဖြစ်နေသော ညှင်းသိုးသိုးစုတ်ဖတ်ဖတ် ဖြစ်နေသည့်အစ်ကို ဖြစ်သူအား အခုမှလာသည်ဟုမမေနနဲ့ဆိုတဲ့ ပုံစံဖြင့် ခင်မေသစ် မျက်လုံးစွေကြည့်လျှက်





"စံစံကို အခုမှ ဘာလို့တွေ့ချင်ရတာလဲကိုလေး. . . ပစ်န်းက ပစ်ထားခဲ့ပြီးတော့ ဘာဒုက္ခပေးစရာ ကျန်သေးလို့ ့ချင်နေရပြန်တာလဲ. . . ကိုလေးစိတ်တိုင်းကျ. . . စံစံအချစ်ကြပြီး ကျန်ခဲ့တာလဲ. . . ကိုလေးကျေနပ်သင့်ပါတယ်. . . ာက်ထပ်သစ်သစ်သူငယ်ချင်းကို ဒုက္ခမပေးပါနဲ့တော့နော် . . စံစံတခုခု ဖြစ်သွားဘို့ အမိက မဟုတ်လား. . . ကိုလေး ့စားခြေတဲ့လုပ်ရပ်ကို ရပ်တန်းကရပ်သင့်ပြီထင်တယ်"

သူငယ်ချင်းဘက်က နေနာလွန်း၍ သည်းမခံနိုင်သဖြင့် မေသစ်ရန်တွေ့နေမိခြင်းဖြစ်သည်။ တနေ့တနေ့ ကိုလေးကို ်ရင်းသူမကွယ်ရာမှ မျက်ရည်ကျနေရသော သူငယ်ချင်းအား ကြည့်ရက်တာကြောင့် သူမမင်္ဂလာကိစ္စကိုပင် လူကြီးတွေကို ကျိုးအကြောင်းပြောပြကာ ရက်ရွှေ့ထားခဲ့မိသည်။

စိတ်ထိခိုက်ပြီးအနားယူရန်ဟု အကြောင်းပြကာ ခရီး က်သွားသောသူငယ်ချင်းအား ခင်မေသစ်မတားရက်ခဲ့၊ သူမ ာင်လိုက်သွားချင်ခဲ့တာ ရုံးကတဖက်နှင့်မို့ အခုတော့ ရင်ကွဲ ကျနေသော သူကရောက်လာတယ်ဆိုတော့ ခင်မေသစ် နိုင်လွန်း၍ ပြောနေမိခြင်းဖြစ်သည်။

ရန်တွေ့တောင်းနေသော ညီမအား ချစ်လွန်းတင်အ ်မတင်ရက်ပါ။ သူကိုယ်တိုင်က လမ်းမမှန်ခဲ့တာဘဲပြောပါစေ

ချစ်သူကိုတွေ့ရဘို့ဘဲအရေးကြီးသည်။ တွေ့မှအတိုးချ
တောင်းပန်လိုက်မည်ဟု တွေးကာ၊

"ရန်တွေ့လို့ပြီးရင်လဲ ထိုင်ပါဦး ညီမလေးရယ်. . . ကို
လေးရှင်းပြပါ့မယ်. . . အစကကိုလေးစံစံကိုအပြိုးနဲ့ဂလှဲစား
ဘို့ ကြိုးစားခဲ့တာမှန်ပါတယ်. . . စံစံဒေါ်လေးသေပြီးတဲ့နော
စံစံကို. . . ကိုလေးသနားလာမိတယ်. . . နောက်တော့တကယ်
ချစ်သွားမိတာပါ. . . တိုတိုပြောရရင်. . . စံစံနေမကောင်း
ဆေးခန်းရောက်ပြီး ရဲဆွေနဲ့ပြန်တွေ့မှ ကိုလေးအနာက ပြန်
အဆွခံလိုက်ရတာလေ. . . အဲ့ဒီကြားထဲရဲဆွေပြောတဲ့စကား
တွေကိုညီမလေးကြားတယ်မှတ်လား. . . အဲ့ဒီတော့ကိုလေးဘယ်
လိုမှမခံစားနိုင်တော့ဘူးကွာ. . . နောက်ပြီး. . . ရဲဆွေကို
သွားပြောထားမိတဲ့ကိုလေးရဲ့စကားတစ်ခွန်းက ကိုလေးတို့
ခြောက်လှန့်နေတာမို့ ကိုလေးစိတ်ညစ်ညစ်နဲ့ထွက်သွားမိတာ
ပါ။"

"ဘာစကားမို့. . . ကိုလေးက အဲ့သလောက်ဖြစ်သွား
ရတာလဲ"

စိတ်ကူမကြည်နေဆဲမို့ ခင်မေသစ် ခပ်စွာစွာပဲပြန်မေး
လိုက်သည်။

"အဲ့ဒီတုန်းက ဘာရယ်မဟုတ်ဖူးကွ ရဲဆွေကို ပြော





ိုက်မိတာ. . . ကိုလေးကိုအဖေဖမ်းပေါ်က နှင်ချလိုက်ပြီး
ွက်လာတော့ လမ်းမှာရဲဆွေနဲ့သွားတွေ့တာ. . . စိတ်ကလဲ
အရှမ်းတိုနေ. . . ဒေါသကလဲအရမ်းထွက်နေတာဆိုတော့ အဲ့
ပင်မြင့်စံဆိုတဲ့အမျိုးသမီးဟာ. . . ဘယ်အချိန်ဘယ်အရွယ်
ဘဲရောက်ရောက်. . . ငါနဲ့ကမ္ဘာ့ရန်ဘဲကွလို့ ပြောလိုက်မိတယ်
သ. . . အခုတော့ ကိုလေးချစ်သူက ပင်မြင့်စံဖြစ်နေလေတော့
ူပြောစရာအကွက်တွေ့သွားတာပေါ့. . . အဲ့ဒါကို အရှက်လွန်
ိုကိုလေးပြန်လာရမှာဝန်လေးနေမိတာ. . . တဖြေးဖြေးသွေး
အေးလာတော့ ဦးလေးမြမောင်သားလေးတွေနဲ့ ကိုယ့်ကိုကိုယ်
ိုင်းယှဉ်ကြည့်ပြီး မှားမှန်းသိလာရတာ. . . အဲ့ဒီအမှားကိုမြင်ပြီး
ပြန်လာမယ်လုပ်တုန်း. . . ဒီစာအုပ်ကိုသွားဖတ်မိတော့တာဘဲ
. . . ဖြစ်ချင်တော့ ညီထွေးစားပွဲပေါ်က ဝတ္ထုစာအုပ်တွေထဲက
အဲ့ဒီစာအုပ်ကို တွေ့တာလေ. . . ကိုလေး. . . နောင်တတွေနဲ့
ပြန်လာတာပါညီမလေးရယ်. . . စံစံတို့တောကိုပြန်သွားတာလား
. . . ကိုလေးလိုက်သွားတော့မယ်"

ချစ်လွန်းတင် လှမ်းပေးလိုက်သော စာအုပ်ကိုခင်မေ
သစ် ယူကြည့်ပြီးမျက်နှာဖုံးမှ ခေါင်းစဉ်ကြောင့်အားလုံးကို ဇာတ်
ရည်လည်သွားရသော်လည်း အစ်ကိုဖြစ်သူ မယုံနိုင်သေးဘဲ။

"ကိုလေးတကယ်နောင်တရတာပါနော်"

"ဟာ. . . ညီမလေးကလဲကွာ. . . ကိုလေးကိုယုံပါ . . . နောင်ကိုဒီအဖြစ်မျိုး ငါ့ညီမလေးတသက်မကြားစေရဘူး ကိုလေးဂတိပေးတယ်. . . သွားမယ်ကွာ. . . စံစံကိုတွေ့ချင်လှပြီ. . . တွံတေးကို (၁)နာရီလောက်မောင်းရတာ. . . မိုးချုပ်မှာစိုးလို့ လစ်တော့မယ်"

ချစ်လွန်းတင်စကားလဲပြော ထိုင်ရာကလဲထလိုက်သည်။ ခင်မေသစ်အားတက်သရောဖြစ်နေသောအစ်ကိုလုပ်သူအား ဘယ်လိုစပြောရမလဲ ဝေခွဲရခက်နေ၏၊ ဘာမှမသိသေးတော့ ပြောမှဖြစ်မည်မို့။

"ကိုလေး"

စိတ်မကောင်းတဲ့ မျက်နှာနှင့်လှမ်းခေါ်လိုက်သော ညီမကိုချစ်လွန်းတင်ပြန်လှည့်ကြည့်ကာ နေရာမှပင်ရပ်နေမိ၏။ ရင်ထဲလဲ ထိတ်ကနဲ ဖြစ်သွားရသည်။ စံစံများတခုခုဖြစ်သွားပြီလားဟုတွေးကာ

"ဘာလဲသစ်သစ်. . . ပြောစရာရှိလို့လား. . . စံစံ . . . စံစံဘာဖြစ်လို့လဲကွာ. . . မြန်မြန်ပြောစမ်းပါ"

"အခုမှအဖြစ်သည်းမနေပါနဲ့ကိုလေးရယ်. . . စံစံ ဘာမှမဖြစ်ပါဘူး. . . စိတ်ပြေလက်ပျောက်ဆိုပြီး ခရီးထွက်သွားတာ အခုထိ ပြန်မလာသေးဘူး. . . သူနေ့တိုင်းကိုလေးကိုမျှော်နေ





ခဲ့တာပါ. . . သူထင်ထားတာက ကိုလေးသူ့အပေါ်ဂလုံစားခြေလိုမှုနဲ့ တကယ်ချစ်နေတဲ့ သံယောဇဉ်ကြား ဗျာများနေတယ်မှတ်ခဲ့တာ. . . ကိုလေးပြန်မလာတော့မှ. . . သူ့ကိုပစ်သွားပြီ ဆိုတဲ့အသိနဲ့ ယူကြုံးမရတွေဖြစ်ရင်း ကိုလေးပစ်ထားခဲ့တဲ့ဘဝနဲ့ ပျော်အောင် နေမှကိုလေးသိရင် ကျေနပ်မှာပေါ့ဆိုပြီး ထွက်သွားလိုက်တာခုထိပါဘဲ. . . သစ်သစ်လိုက်သွားမလို့ပါ. . . ရုံးကခွင့်ယူတာတွေများနေလို့ လိုက်မသွားဖြစ်ခဲ့တာ. . . ဪ. . . ကိုလေးဒီမှာကိုမြင့်စိုးသတင်းစားကထည့်တဲ့ ကြော်ငြာ"

ခင်မေသစ်အကြောင်းစုံရှင်းပြရင်း သတင်းစာအဟောင်းနှစ်ခုကို ယူပေးလိုက်သည်။

သတင်းစာတွေကို ယူပြီး ခေါင်းငိုက်စိုက်ချ၍ ချစ်လွန်းတင်ကားပေါ်တက်ထိုင်လိုက်သည်။

ကြော်ငြာကိုဖတ်လိုက်တော့

သူငယ်ချင်းကိုလွန်း(ချစ်လွန်းတင်)

အမြန်ပြန်လာပါ။ ငါတို့မျှော်နေကြတယ်။

သူငယ်ချင်းမြင့်စိုးရွှေမိတ်ဆက်စားတော်ဆက်၊ ရန်ကုန်မြို့။

မြင့်စိုးဆီသွားရန် မထမစဉ်းစားလိုက်ပြီးမှ သွားချင်စိတ်မရှိသေးတာကြောင့် တွံတေးသို့သာ ဦးတည်လိုက်သည်။

ကြော်ငြာကသူထွက်သွားကာစနဲ့ ဒီရက်ထဲမှာ ထည့်ထားသော ကြော်ငြာဖြစ်သည်။ စိတ်ကလေနေသေးတော့သူ့ဆီမသွားလိုသေး ငါတို့ မျှော်နေကြတယ်ဆိုတော့ ဟိုငနာရဲ့ဆွေကပါမျှော်နေသလားမသိ ဒင်းကြောင့် ဒုက္ခတွေပင်လယ်ဝေနေရတဲ့ကြားထဲ သူနဲ့သာထပ်တွေ့ရရင် အသက်ရှင်ရက်နေချင်စိတ်တောင်ကုန်သွားနိုင်သည်။

တွံတေးမှာ တရက်နှစ်ရက်လောက်ပြန်နေပြီး ချစ်သူသတင်းကိုစုံစမ်းမှဟု ဆုံးဖြတ်ခါ ထွက်လာခဲ့မိသည်။

ညနေ (၅) နာရီမှာ မြို့ရှောင်လမ်းကို ရောက်၏၊ အိမ်ကိုမပြန်ချင်သေး၊ ချစ်သူကို အလွမ်းဖြေရန် အမေကြည်ကုန်းကို သွားရန် စိတ်ကူးဖြင့် ကားကိုဆက်မောင်းလာခဲ့သည်။ ကုန်းနားအထိ မောင်းသွားရန် စိတ်ကူးပြီးမှ စိတ်ကတမျိုးပြောင်းသွားရသည်။ ကားကိုအိမ်မှာပြန်ထားပြီး လမ်းလျှောက်လာမည်။ အမေကြည့်ကုန်းပေါ်က ချစ်သူထိုင်နေကြနေရာလေးမှာ အကြာကြီးသွားထိုင်နေမည်၊ ပြီးလျှင် ရွှေဆံတော်ကုန်းတော်ပေါ်ကို သွားကာအောင်မြေနင်းမည်၊ ဘုရားတွင် ဆုတောင်းမည်စသည်ဖြင့် အစီအစဉ်တွေချကာ အိမ်မှာကားကိုပြန်ထားလိုက်သည်။

စိတ်ထဲကို မမျှော်လင့်ဘဲအတွေးတခုက ဝင်လာရ



ချစ်လွန်းတင်ပြုံးလိုက်မိသည်။

အမေကြည်ရှပ်ထုရှေ့က ကျောက်ကုန်းကြီးကို အမိဒွန်ပြုပြီး မကြည့်ရန်စိတ်ကူးက ဘယ်လိုကဝင်လာမှန်းမသိ စံစံနဲ့ တခါဆုံကြတုန်းက စံစံပြုမူပုံအား သတိရသွားခြင်းကြောင့်ဖြစ်မည်၊ ကုန်းနားကိုရောက်ခါနီးကုန်းလေးပေါ်ကို လှမ်းကြည့်မိရာ၊ ချစ်လွန်းတင်ရင်တွေအတိုင်းအဆမရှိအခုန်မြန်လာကာခပ်သုတ်သုတ်လျှောက်လာမိသည်။

လှေခါးလေးပေါ်ကို ခြေလှမ်းမှန်မှန်နှင့်တက်လာရင်းမှောင်ရီပျိုးစအလင်းရောင်ကို အားကိုးကာကုန်းပေါ်ကိုမော့ကြည့်မိ၏၊ စိတ်ကြည်နူးဖွယ်မြင်ကွင်းက ကြိုဆိုနေလေသည်။

လှေခါးအလယ်လောက်ရောက်တော့ ခဏရပ်ခါနေလိုက်မိသည်။

လှေခါးပေါ်ကို တက်လာသော လူတစ်ယောက်ကြောင့်တွေးတောငေးမောနေသော ပင်မြင့်စံတစ်ယောက်သတိဝင်လာပြီး အိမ်ပြန်ရန် ထရပ်လိုက်သည်။

အခုမှဘဲမှောင်နေတာကို သတိထားမိတော့သည်။ နေ့တိုင်းဒီနေရာလေးကနေ ချစ်သော ကိုလေးအလာကို စောင့်နေခဲ့မိတာ ကိုမြင့်စိုးနှင့်တွေ့ပြီးတည်းက ဖြစ်၏။

ကိုမြင့်စိုး ပြောပြချက်အရ သူမထံကို မဖြစ်မနေ

ကိုလေး ရောက်လာမှာမလွဲ၊ ဒီယုံကြည်ချက်နဲ့ စောင့်မျှော်နေခဲ့မိတာ ယနေ့ထိတော့ ကိုလေးကပေါ်မလာသေး၊ ဖွဲ့မလျှော့ပဲစောင့်နေမိတာ၊ ဒီနေ့တစ်နေကုန်သွားရပြန်ပြီ၊ ကုန်းပေါ်ကိုလဲလူတစ်ယောက်က တက်လာနေသည်။ မှောင်နေပြီမို့ ဆက်နေရန်မသင့်တော်သောကြောင့် လှေခါးထစ်တွေကို တထစ်ခြင်းနင်းကာဆင်းခဲ့လိုက်သည်။

အရေးထဲ ကုန်းပေါ်တက်လာတဲ့သူကလှေခါးတဝက်မှာ ရပ်နေတော့ သူရပ်နေတဲ့ဘက်ကမဆင်းဘဲ ဒီဘက်ကိုကပ်ခါဆင်းခဲ့မိသည်။ သူမကို စိုက်ကြည့်နေသော ထိုသူ့အကြည့်ကိုလွှဲဖယ်ရင်း မျက်လွှာချကာ ဆင်းခဲ့မိ၏။

ပုံစံကိုက ကျောချမ်းစရာကြည့်နေလိုက်တာ ခေါ်တောမျက်လုံးနဲ့ အားမနာပါးမနာ လိုက်ကြည့်နေ၏၊ ဆင်းလာရတဲ့သူ့ခြေလှမ်းမမှန်ချင်တော့ ရုပ်ကတော့မသိခေါင်းစုတ်ဖွားနဲ့ ဝတ်ထားတာက အရောင်ခပ်မွဲမွဲ ဘယ်လိုမှကို အထင်ကြီးစရာမရှိမြန်မြန်ဆင်းမှပဲ တွေးကာ ဆင်းလာမိကာမှ သူမဆင်းမည့်လှေခါးထစ်မှာ သူကကြို့ရပ်နေ၏၊ ပင်မြင့်စံထိတ်လန့်သွားရ၏။ ဒါနဲ့ဘဲ ဒီဘက်ကိုရွှေ့လိုက်သည် သူကလိုက်ရွှေ့သည်။ ဟိုဘက်ပြန်ရွှေ့သည်။ သူကလိုက်ရွှေ့သည် ဒီလိုနှင့် နှစ်ယောက်သားထုတ်ဆီးထိုးသလိုဖြစ်နေတော့၏။



ကြာတော့ စိတ်ကတိုလာကာ ဆတ်ကနဲမော့ပြီး ပက်ကနဲပြောရန် အားယူရင်းကြည့်လိုက်ရာ

"ရှင်. . . ဘယ်လိုလူ. . . ဟင်. . . ကို. . . ကိုလေးကိုလေးပါလား. . . ကိုလေးရယ်"

ရန်တွေ့သောစကားပင်မဆုံးလိုက်သူမကို ပြုံးကာကြည့်နေသူ၏ ရီဝေသော မျက်လုံးများနှင့် ဆုံမိချိန်တွင် ချစ်သောကိုလေးမှန်းသိလိုက်ရ၍ အထစ်ထစ်အငေါ့ငေါ့ဖြင့် နာမည်ကိုခေါ်ရင်း ရင်ခွင်ထဲတိုးဝင်လိုက်မိသည်။

"ဟော့. . . လွှတ်ဦးကွစံစံရ. . . ကိုလေးနောက်လန်ကျတော့မယ"

ခါးကို ဖက်ထားသော ပင်မြင့်စံ၏လက်တွေကို ချစ်လွှန်းတင်အသာဖြုတ်ယူ၍ မျက်နှာလေးကို ရွှန်းရွှန်းစားစားကြည့်ကာပြောလိုက်လေသည်။

မျက်ရည်တွေပြည့်နေတဲ့ မျက်လုံးများနှင့် ပင်မြင့်စံ မော့ကြည့်ကာ

"ရက်စက်လိုက်တာကိုလေးရယ်. . . စံစံဒီနားမှာနေ့တိုင်းထိုင်ပြီး မျှော်နေရတာ. . . ဘယ်နှစ်ရက်ရှိပြီမှတ်သလဲ. . . ပြောမယ်ဆိုကိုလေးထွက်သွားထဲကဘဲ. . . တရက်မှကို မပျက်သေးတာ"

ငိုမဲ့မဲ့လေးနဲ့ ပြောနေသော ချစ်သူကို ချစ်လွန်းတင် နှစ်ခြို့စွာပြုံးပြ၍

"လာစံစံ. . . ကိုလေးတို့ရဲ့ ချစ်ပန္နက်စိုက်ထူရာ နေရာလေးမှာသွားထိုင်ပြီး စကားပြောကြတာပေါ့. . . စံစံကျေနပ်တဲ့အထိကိုလေးတောင်းပန်မှာပါ"

နှစ်ယောက်သားအပေါ် လှေခါးထစ်သို့ ပြန်တက်ခဲ့ပြီး ထိုင်နေကျ နေရာလေးမှာထိုင်လိုက်ကြသည်။

"ထိုင်ပြီးသည်နှင့် တစ်ယောက်လက်ကိုတစ်ယောက် ဆုတ်ကိုင်ထားမိကြသည်။ ခွဲခွာခြင်းကြောင့်ခံစားခဲ့ရသော ဒုက္ခကို နှစ်ယောက်လုံး မခံစားနိုင်ကြတော့ပေ၊ ဒါ့ကြောင့် လွတ်ထွက်သွားမှာကိုပင် စိုးရိမ်နေမိကြပြီမဟုတ်ပါလား"

"ကိုလေးဘယ်တွေကို သွားနေတာလဲဟင်. . . ကိုယ့်ကိုကိုယ်ရော မှန်ထဲကြည့်မိရဲ့လား"

ပင်မြင့်စံက ချစ်လွန်းတင်၏ဒူးခေါင်းပေါ်တွင် မေးလေးတင်၍ ပြုံးစစနှင့်မေးလိုက်သည်။

"ကိုလေးစိတ်လေပြီးသံလျှင်က ဦးလေးဆီရောက်သွားခဲ့တာလေ. . . ဟိုရောက်တော့ စံစံကို လွမ်းတာရောဟိုကောင်ရဲ့ဆွေပြောတဲ့စကားတွေပြန်ကြားပြီး ဒေါသထွက်တာရောအစုံပါဘဲကွာ. . . ဘာမှကိုအစရှာမရတဲ့ကိစ္စတွေနဲ့ ကိုလေးအချိန်





ကုန်သွားခဲ့တယ်. . . နောင်တရပြီး ပြန်လာမယ်လုပ်ပြန်တော့ . . . ကိုယ်ပြောထားတဲ့စကားက ကိုယ့်ကိုပြန်ခြောက်လှန့်ပြန်ရော. . . အဲ့ဒါတွေနဲ့ဘဲ နှစ်လနီးပါးကြာသွားရတယ်"

"စံစံကတော့လေ. . . ကိုလေးတနေ့လာနိုးတနေ့ လာနိုးနဲ့ ရန်ကုန်က တိုက်ခန်းကနေ မျှော်နေမိတာ. . . စံစံကြောင့် ကိုလေးရည်ရွယ်ချက်တွေတခါပျက်ခဲ့ဘူးပြီးပြီ. . . အခုစံစံကြောင့်ပဲ ဒေါက်တာရဲဆွေနဲ့ ထိပ်တိုက်တွေ့ပြီး ပြဿနာ တက်ရပြန်တယ်မှတ်လား. . . အဲ့ဒီပြဿနာကြောင့် ကိုလေးထွက်သွားတယ်ဆိုတဲ့အသိနဲ့ စံစံလေကိုယ့်ကိုကိုယ် အပြစ်တင်လို့လဲမဆုံးဘူး. . . ကိုလေးဘဝလေးပြန်တည်ငြိမ်မယ်ဆိုရင် စံစံဘယ်လိုဘဲ ပေးစပ်ရပေးစပ်ရ ပေးစပ်ချင်လွန်းလို့ စောင့်မျှော်နေခဲ့မိတာပါကိုလေးရယ်"

"တော်ပါတော့စံစံရယ်. . . အဲ့ဒီပေးဆပ်မယ်ဆိုတဲ့စကားကိုနောက်ထပ်မကြားပါရစေနဲ့တော့ကွာ. . . ကိုလေးရင်နာလွန်းလို့ပါ. . . တကယ်ဆို. . . ကိုလေးဖြစ်နေတဲ့ကိစ္စတွေက စံစံနဲ့ဘာမှမဆိုင်ပါဘူး. . . ကိုလေးရဲ့လွဲမှားတဲ့အတွေးအခေါ်အယူအဆတွေကြောင့် မဖြစ်သင့်တာတွေလျှောက်ဖြစ်ကုန်တာပါ"

"ဒါဖြင့်. . . ကိုယ်ပြောထားတဲ့စကားက ကိုယ့်ကိုပြန်

ခြောက်လှန့်နေတယ်ဆိုတာကရော"

"အဲ့ဒါက. . . ကိုလေးဒေါသစိတ်မွှန်နေပြီး အသိ ကြွယ်သေးတဲ့အရွယ်က ပြောခဲ့တဲ့စကားပါ. . . ဒါကိုဘဲရဲ့ ကအသေမှတ်ပြီး ကိုယ့်ကိုပြန်အစဖော်ပေးနေတာလေ. . . စံ သူ့ဆေးခန်းကိုရောက်သွားတော့ သူ့ပြောကွက်ထဲ ပိုဝင်သွား ရတာ"

ခင်မေသစ်ကို ပြောပြခဲ့သည့် စကားများအတိုင်းပင် မြင့်စံအား တစ်လုံးမကျန်အကုန်ပြောပြလိုက်ရင်း ချစ်လွန်းတ သက်ပြင်းရှိုက်နေမိ၏၊ ဒီအကြောင်းတွေကို ပြောတိုင်း ခု ရင်မောရတုန်းပါလားလို့လဲတွေးနေဖြစ်သည်။

"ဒါဆို. . . ဟိုအတိတ်က ပင်မြင့်စံနဲ့ အခုပစ္စုပ္ပန် ပင်မြင့်စံကို ကိုလေးခွဲခြားလို့ရသွားပြီးလား"

"အခုတော့လည်း ဒီအကြောင်းအရာတွေက ကိုလေ ရင်ထဲမှာ မြူမှုန်တစ်မှုံစာလောက်တောင် ရှိမနေတော့တဲ့အသေ အမှားကိစ္စလေးတစ်ခုဖြစ်သွားခဲ့ပါပြီ. . . ကိုလေးစံစံကိုပြော တာက. . . နောင်တတွေနဲ့ပြန်လာတဲ့ကိုလေးကို ခွင့်လွှတ်ပါ ပြောချင်တာပါ. . . ခွင့်လွှတ်တယ်မှတ်လားစံစံ"

"ဩော်. . . ကိုလေးရယ်. . . ခွင့်လွှတ်တယ် ခွင့် လွှတ်ဖူးဆိုတဲ့ အကြောင်းတရားတစ်ခုက. . . အပြစ်လုပ်သူ





အပြစယူသူတို့မှ သုံးစွဲကြတဲ့စကားပါ. . . အခုကိုလေးနဲ့ စံစံ က ဘယ်သူကမှလဲ အပြစမရှိကြသလို. . . ဘယ်သူကမှလဲ အပြစ်မရှိကြသလို . . ဘယ်သူကမှလဲအပြစ်မယူကြလေတော့. . . စကားကိုသုံးဖို့ မလိုဘူးထင်တယ်. . . စံစံလေ ကိုလေးကို ဘယ်တုန်းကမှ အပြစ်မယူပါဘူးရှင်"

"စံစံရယ်"

ချစ်လွန်းတင် ကြည်နူးချမ်းမြေ့စွာဖြင့် ချစ်ရသူ၏ ခေါင်းလေးကို သူ့ပါးနှင့်ကပ်ထားမိလေသည်။

"နေပါဦး စံစံကို မေးစရာကျန်သေးတယ်. . . မြင့်စိုး တွေ့ပြီးတည်းကလို့ စံစံပြောတယ်နော်. . . သူနဲ့တွေ့ပြီးသူက ာတွေပြောလို့ စံစံကကျိန်းသေတွက်ပြီး ကိုလေးကိုစောင့်နေ ရတာလဲ"

"အဟွန်း. . . ဒီလိုလေကိုလေးရဲ့. . . စံစံမှာကိုလေး တ်နဲ့ စာလဲရေးလို့ မရတော့ဘူး. . . စိတ်တွေလေပြီး တမှိုင် ဖြစ်နေတော့ သစ်သစ်က ခရီးထွက်ဖို့ အကြံပေးတာနဲ့ ချောင်း ာကိုသွားမယ်စိတ်ကူးပြီး လက်မှတ်သွားဝယ်တာ ချောင်းသာ သွားပြီး ကွဲနေတဲ့အသည်းကို ဆားငန်ရေသွားစိမ်မလို့လေ. . . ားဂိတ်မှာကိုမြင့်စိုးနဲ့ သွားတွေ့တော့တာဘဲ. . . သူနဲ့တွေ့ . . . သူပြောတဲ့စကားတွေအရ. . . ကိုလေးစံစံဆီတန်ပြန်

လာမှာဘဲလို့ ထွက်လိုက်မိတယ်. . . ဒါကြောင့်ချောင်းသာ သွားတော့ဘဲ. . . ကိုယ့်ရပ်ကိုယ့်ရွာက ဆုတောင်းတိုင်းပြည့်တဲ့ . . . ဟော့ဒီရွှေဆံတော်စေတီမြတ်ကြီးဆီမှာဘဲကိုလေး အမြန် ပြန်လာပါစေလို့ ဆုတွေတောင်းနေမိတော့တာပါဘဲ"

"မြင့်စိုးက စံစံကိုဘာတွေပြောလို့လဲ"

"ကိုလေးဟိုတခါအရက်သောက်တုန်းက အလွန်အထွေ တွေမူးပြီး ပြောချင်ရာတွေပြောနေတော့ ကိုမြင့်စိုးက ကိုလေး အတွင်းစိတ်ကို သိသွားခဲ့တာပေ့ါ. . . အဲ့ဒါတွေပြောပြတာ"

"အေးလေ. . . ကိုလေးကဘာတွေပြောတာတဲ့လဲ"

"မပြောပါဘူး. . . ကိုပြောတာကိုယ်မသိဘူးလား"

"ဟာ. . . ဒီကလေးမ. . . မသိလို့ပေါ့ကွပြောပါဆို . . . ငါတို့မျှော်နေကြတယ်ဆိုတာ. . . စံစံနဲ့မြင့်စိုးလား"

"နိုး"

"ဟာ. . . ငါထုလိုက်တော့မယ်"

ချစ်လွန်းတင် ချစ်စနိုးဖြင့်ခေါင်းကို ထုရန်လက်ကို ရွယ် လိုက်သည်တွင် ပင်မြင့်စံ ဇက်လေးပုသွားပြီး မျက်နှာလေးရှုံ့မဲ့ ၍။

"အာ. . . ကိုလေးနော်. . . စံစံချစ်မှန်းသိလို့ စံစံကို အနိုင်မကျင့်နဲ့နော်"





"ဟာ. . . ဘွာ. . . ဘွာ. . . ကွာစံစံရာ. . . ကို လေးကို အဲ့လိုအနိုင်ကျင့်တယ်လို့တော့ မထင်လိုက်နဲ့ကွာ. . . ကိုလေးချစ်လို့ အသည်းယားပြီး ထုချင်သွားတာပါ. . . စံစံ ကြိုက်ရင် နောက်မလုပ်ဖူး"

"ကြည့်. . . ဒီလောက်လေးတောင်မပြောရတော့ဘူး ဘား ကိုချစ်လွန်းတင်ရယ်. . . ကျွန်မကလဲတမင်စတာပါတဲ့ . . တကယ်တည်းဖြစ်သွားလိုက်တဲ့ မျက်နှာ"

"အဟွန်း. . . အဟင်းဟင်း"

ချစ်လွန်းတင် ရှက်ရယ် ရယ်လိုက်ရင်း

"စံစံ. . . အမေကြည်ရွှေ့က ကျောက်တုန်းကို အမိ ုန်ပြုပြီး သွားမကြည့်ရအောင်"

"အဲ့ဒီကျောက်တုန်းကို မ မနေနဲ့တော့ကိုလေး. . . စံစံ ေ့လက်တွေ့ဆုတောင်းပြည့်တဲ့ရွှေဆံတော်ဘုရားမှာဘဲ သွား တောင်းကြရအောင်. . . နောက်ပြီး. . . ဘုရင့်နောင်မင်း ရားကြီးရဲ့ အောင်မြေကျောက်တိုင်မှာလဲ အောင်မြေသွား င်းမယ်"

"ဟုတ်လား. . . ဒါဆိုသွားကြမယ်လေ. . . တကယ် တောင်းပြည့်တာလားစံစံ"

"တကယ်ပေါ့ကိုလေးရဲ့. . . စံစံတို့တွံတေးမြို့က ရွှေ

ဆံတော်စေတီမြတ်ကြီးက မြတ်စွာဘုရားရဲ့ ဆံတော်အစစ်တွေ ဌာပနာပြီးတည်ထားတာလေ. . . အဲ့ဒီဆံတော်ကလည်း မြတ်စွာဘုရားပရိနိဗ္ဗာန်စံပြီးမှ ရတဲ့ဆံတော်မဟုတ်ဖူးနော်. . . မြတ်စွာဘုရားသက်တော်ဝထင်ရှားရှိစဉ်ကတည်းက တိက္ခသာရေ၊ တိက္ခသာဂရ ကုန်သည်ညီနောင်က မြတ်စွာဘုရားရဲ့ကိုယ်စား. . . မြတ်စွာဘုရားမရှိတော့တဲ့အခါပေါ့နော်. . . လူသားတွေအားလုံးအမြဲကြည်ညိုသဒ္ဓါပွားများနိုင်အောင် ဆိုပြီးမြတ်စွာဘုရားပေးသနားလိုက်တဲ့ဆံတော်တွေကို ဌာပနာပြီး ဘုရားတည်ထားခဲ့တာလေ. . . အဲ့ဒါကြောင့် ပိုပြီး တန်ခိုးကြီးတာပေါ့. . . ဆုတောင်းလဲအရမ်းပြည့်တယ်သိလား”

“ဟင့်အင်းမသိဘူး. . . စံစံဘယ်လိုဆုတောင်းမြီး . . . ဘယ်လိုပြည့်လဲအရင်ပြောပြ”

“စံစံက. . . ကိုလေးအမြန်ပြန်လာပါစေဆိုပြီး ဆုတောင်းတာပေါ့. . . နေ့တိုင်းဆုတောင်းတာ. . . အမေကြည်ကုန်းမှာသွားထိုင်. . . ထိုင်လို့ငေးလို့ဝရင် ဘုရားပေါ်သွား . . . ငါးပါးသီလခံ ဆုတောင်း. . . ဒါဘဲတနေ့နေ့လုပ်နေတာ. . . သိတယ်မှတ်လား ကြာလာတော့ ဘုရားကသနားလို့နဲ့တူပါတယ် ဆုတောင်းဖြည့်ပေးလိုက်တာ”

“စံစံဒီမှာရှိတာ သစ်သစ်သိလား”



“ဟင့်အင်း. . . သစ်သစ်ကို. . . ချောင်းသာသွားမယ်ပြောခဲ့တာလေ”

“အဲ့ဒါကြောင့်. . . ဒီဟာမလေးကိုလေးကို ရန်တွေ့လွှတ်လိုက်တာကိုး”

“ကောင်းတယ်. . . ကိုယ်အပြစ်နဲ့ကိုယ်ခံပေါ့”

“ဟုတ်ကဲ့. . . ကိုယ့်အပြစ်တွေကို ဆေးကြောဘို့လား ဘုရားပေါ်ကိုသွားကြစို့. . . ဘုရားပေါ်ရောက်ရင်. . . ရွှေဆံတော်စေတီမြတ်ကြီးထံမှာ ကိုလေးသစ္စာပြုမယ်. . . စံစံလဲ သစ္စာကို ရွှေဆံတော်စေတီမြတ်ကြီး သက်သေတည်လိမ့်မယ်”

တစ်ယောက်လက်တစ်ယောက်တွဲ၍ ကြည်နူးရွှင်ပြစွာဖြင့် ကုန်းတော်ပေါ်သို့ လှေခါးထစ်များအတိုင်းတထစ်ခြင်းနင်းတက်သွားကြရင်း အနာဂတ်၏ ပျော်ရွှင်ဘွယ်နေ့ရက်များကို ကြိုတင်တွေးကာ ပျော်ရွှင်မဆုံးဖြစ်မိကြလေတော့သည်။

ပြီးပါပြီ